# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ပညာဆီမီးကို ရှာဖွေကြိုးစား

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝတ်(ဓမ္မပဒ - ၁၄၆)


၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၄၉)


# ကဝမြို့နယ်၌ ကမ်းပြိုမှုဖြစ်ပွားခဲ့သော ကျေးရွာပြည်သူများအား ထောက်ပံ့

**ပဲခူး ဖေဖော်ဝါရီ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ယမန်နေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တွေ့ဆုံ၍ ပြည်သူကို တိုက်ရိုက်အကျိုးရှိစေမည့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ မသန်စွမ်းများ၏ အခွင့်အရေးဖော်ဆောင်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ကြမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❄

# ရိုးရာအခြေခံသည့် ခေတ်မီလက်ရက်ကန်းထည်များ ထုတ်လုပ်နိုင်ရန် လက်ခတ်သံစီမံချက်ဖြင့် သုံးနှစ်အတွင်း ဆောင်ရွက်မည်

**မန္တလေး ဖေဖော်ဝါရီ ၂၅**

ရက်ကန်းလက်မှုပညာရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရိုးရာအခြေခံသည့် ခေတ်မီဆန်းသစ်သော လက်ရက်ကန်းထည်များ ပိုမိုထုတ်လုပ်နိုင်ရန်အတွက် လက်ခတ်သံစီမံချက်ဖြင့် သုံးနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံချက်အရ ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် အင်္ဂလန်နိုင်ငံမှ ပညာရှင်နှစ်ဦးက လက်ရှိရက်ကန်းကျောင်းများတွင်ရှိသော သင်ရိုးညွှန်းတမ်းများ လေ့လာဆန်းစစ်ခြင်းလုပ်ငန်းကို ကူညီဆောင်ရွက်ပေးခဲ့ပြီး ၎င်းတို့၏ အကြံပေးချက်ဖြင့် ရိုးရာအခြေခံသော ဒီဇိုင်းသစ်များဖြင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❖





## သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆင့္ဃအစည်းအဝေး (တတိယနေ့) ကျင်းပ

စာမျက်နှာ - ၃



## ဇဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကြည့်ရှုစစ်ဆေး

စာမျက်နှာ - ၄



## ဆီးရီးယား၌ ရက် ၃၀ ကြာ အပစ်အခတ်ရပ်စဲရေးကို လုံခြုံရေးကောင်စီအတည်ပြု

စာမျက်နှာ - ၁၄




**မြန်မာ့အလင်း**

# အခွန်ဥပဒေကြမ်း တစေ့တစောင်း

၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း ပေါ်ထွက်လာသည်ကို လေ့လာဖတ်ရှုလိုက်ရပါ၏။

ဒီမိုကရေစီ နိုင်ငံတစ်ခု ရှင်သန်တိုးတက်ဖွံ့ဖြိုးရပ်တည်နိုင်ရန် အတွက် အခွန်အကောက် ကောက်ခံမှုစနစ်ကျ မှန်ကန်မှုသည် အလွန်အရေးကြီးပါသည်။ အခွန်အကောက် ကောက်ခံမှု စနစ်ကျနမှုဟူသည် ကောက်ခံသည့် ပုံစံနှင့် အခွန်အကောက်ဥပဒေ၊ အခွန်ပေးဆောင်မည့် အခွန်ထမ်း ပြည်သူတို့ အခွန်အကောက်ပေးဆောင်လိုအောင် အားပေးတိုက်တွန်းသည့် ပညာပေးလုပ်ငန်း၊ အခွန်တိမ်းရှောင်သူစီးပွားရေးသမားများအတွက် ပြစ်ဒဏ် စသည်တို့နှင့်အတူ အခွန်ထမ်းသူတို့အတွက် အစိုးရက တာဝန်ယူဆောင်ရွက်ပေးသည့် အခွင့်အရေးအကျိုးစီးပွားစသည်တို့နှင့် ဆက်စပ်ပတ်သက်နေပါသည်။

ဒီမိုကရေစီအစိုးရတစ်ရပ်သည် ပြည်သူတို့၏ အကျိုးစီးပွားကိုသာ အဓိကထားရှေးရှုခြင်းဖြင့်၊ ပြည်သူ့အကျိုးစီးပွားကိုသာ ဦးတည်ဆောင်ရွက်ခြင်းဖြင့် ပြည်သူတို့၏ ယုံကြည်မှုရရှိကာ ပြည်သူ့အခွန်များကောက်ခံရရှိနိုင်မည်ဖြစ်၏။ သည်နေရာတွင် မတော်လောဘသမားစီးပွားရေးလုပ်ငန်းရှင်တို့၏ အခွန်ရှောင်တိမ်းမှုကိုလည်း ဥပဒေနှင့်အညီ ကြပ်ကြပ်မတ်မတ်ထိန်းကျောင်းရသည့်တာဝန်လည်း အစိုးရထံမှာရှိပါသည်။ ထို့ကြောင့်လည်း အခွန်အကောက်ဥပဒေကို အသေးစိတ် စဉ်းစားရေးဆွဲထုတ်ပြန်ရမည်ဖြစ်ပါ၏။

ယနေ့ ပြည်သူ့အစိုးရသည် ခေတ်အဆက်ဆက်နှင့် နှစ်ပေါင်းများစွာ ဖြတ်သန်းလာခဲ့ရသော အဂတိ၊ လာဘ်ပေးလာဘ်ယူမှုတို့ဖြင့် ယိုယွင်းနေသည့် အထွေထွေအခြေအနေအရပ်ရပ်ကြားတွင် နိုင်ငံပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ဆောင်နေရ၏။

သည်လိုအတိတ်က ပြဿနာများကို ဖြေရှင်းရင်းအနာဂတ်အတွက် မူသစ်၊ စနစ်သစ်များကို အကောင်အထည်ဖော်ရာတွင် ဥပဒေများကို ပြင်ဆင်ရခြင်း၊ ပြဋ္ဌာန်းအတည်ပြုရခြင်းတို့သည်လည်း လွှတ်တော်များနှင့် အစိုးရ၏ အဓိကတာဝန်များထဲတွင် ပါဝင်နေပါ၏။

သည်တာဝန်များကို ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ အတော်ပင်အသေးစိတ်အောင်သုံးသပ်ရင်း လျှော့ရတင်းရသည်များ၊ ညှိနှိုင်းရသည်များလည်းရှိသည့် အားလျော်စွာ ပြဿနာများကို ရေတိုဖြေရှင်းရခြင်းနှင့် ရေရှည်ဖြေရှင်းရသည်များလည်း ရှိနေပါသည်။

ယနေ့ ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်း ပေါ်ထွက်လာသည့်အခါတွင် ပြည်သူလူထုအကြားတွင် ရေတိုချုပ်ကိုင်မှုနှင့် ရေရှည်အထိန်းအကွပ်တို့ကို ရောထွေးရှုမြင်ပြီး မကျေနပ်မှုများ၊ အားမရမှုများရှိနေသည်ကို ကြားသိနေရပါသည်။

အထူးသဖြင့် ပုဒ်မ ၂၅ ကို ဖတ်ရှုပြီး ခရိုနီများကို အခွန်လျှော့ပေးသည်ဆိုပြီးမကျေနပ်မှု အတော်ပင် ပြင်းထန်ကြသည်ကို တွေ့ရပါသည်။ အမှန်မှာ အခွန်ရှောင်စီးပွားရေးသမားကြီးများအတွက် ပိုမိုတင်းကျပ်လာတော့မည့် အရိပ်အယောင်ဖြစ်ပါသည်။ ယခုကာလတိုတစ်ခုအတွက် လျှော့ပေါ့စဉ်းစားစီမံပေးထားသည်ကို မလိုက်နာပါက ဥပဒေအရ အရေးယူဆောင်ရွက်တော့မည့် သဘောမျိုးဟု နားလည်မိပါသည်။

ဥပဒေတွင် ဖော်ပြထားချက်အရ-

ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်ပနေနိုင်ငံသား၏ ပြည်ပမှ ဝင်ငွေရလဒ်တစ်ခုခု သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုခုကို ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အခွန်ပေးဆောင်ရန် လစ်ဟင်းခဲ့သော သို့မဟုတ် လျော့နည်းပေးဆောင်ခဲ့သော ဝင်ငွေများ၊ နှစ်တစ်နှစ်အတွင်း ပြည်တွင်း၌ မြေ၊ အဆောက်အအုံနှင့် ယင်းအဆောက်အအုံ၏ အဓိကအစိတ်အပိုင်းများ အပါအဝင်ဖြစ်သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း သို့မဟုတ် ရွှေနှင့် အခြားအဖိုးတန်ပစ္စည်းများအပါအဝင် ယာဉ်ကဲ့သို့သော ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ ထိတွေ့ကိုင်တွယ်၍ရသော ပစ္စည်းများ၊ ထိတွေ့ကိုင်တွယ်၍မရသော ပစ္စည်းများကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ အစုရှယ်ယာထည့်ဝင်ခြင်းဟု တွေ့ရပါသည်။ လစ်ဟင်းခဲ့သောလျော့နည်းပေးဆောင်ခဲ့သော... ဟူသည့် စကားရပ်ကိုကြည့်လျှင် အခွန်တိမ်းရှောင်သူများကို ကာလတိုအခွင့်အရေးတစ်ခုပေးထားသည်ဟု ထင်ပါသည်။ ထို့ပြင် ပေးဆောင်ရမည့် အခွန်တိမ်းရှောင်သူများ၊ လျော့နည်းအခွန်ဆောင်သူများကို ရည်ညွှန်းထားခြင်းဖြစ်ပြီး ငွေမည်းများကို ငွေဖြူပြုလုပ်နိုင်ရန် အခွင့်အရေးပေးထားခြင်းမဟုတ်ကြောင်းကိုလည်း သတိပြုမိပါသည်။

ယခုပထမခြောက်လအတွင်း အခွန်တိမ်းရှောင်မှုကိုရပ်ဆိုင်းကာ အခွန်ဆောင်မည်ဆိုပါက သုံးရာခိုင်နှုန်း၊ ဒုတိယခြောက်လတွင် အခွန်ငါးရာခိုင်နှုန်းဟူ၍ နှစ်ဆနီးပါး ကွာခြားလာသည်ကို သတိပြုမိပါသည်။ ငွေကြေးအရေအတွက် များပြားသူတို့အဖို့ ပထမသုံးလအတွင်း ဆုံးဖြတ်ပေးဆောင်မည်ဆိုလျှင် သိန်းပေါင်းများစွာ သက်သာသွားစေနိုင်မည့် အစီအမံဖြစ်သည်ဟု မြင်ပါသည်။

နိုင်ငံ၏ ငွေကြေးလည်ပတ်မှုနှင့် ထုတ်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်နေသည့် အစိုးရဘတ်ဂျက်လိုငွေကို ပုဂ္ဂလိကငွေများထဲမှ ပါဝင်လာအောင် တစ်နည်းတစ်ဖုံကြိုးစားဖန်တီးယူရင်း အခွန်တိမ်းရှောင်နေသူများကို အခွန်စည်းကျပ်နယ်ပယ်တွင်းသို့ ရောက်ရှိလာစေလိမ့်မည်ဟု မျှော်လင့်ရပါသည်။

ဤသည်က လူထုအကြား ဆွေးနွေးငြင်းခုန်နေကြသော အချက်တစ်ခုကို ဥပမာတစ်ခုအနေဖြင့် စဉ်းစားကြည့်ခြင်းမျှသာဖြစ်ပါ၏။ ပြည်သူလူထုတွင်းမှ စိတ်ဝင်စားသူများနှင့် နားလည်သူများတို့၊ ပိုမိုကျယ်ပြန့်သော သုံးသပ်ဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ အကြံပေးခြင်း၊ ဝေဖန်ထောက်ပြခြင်းဖြင့် ပြည်သူ့အစိုးရကို ထိရောက်သောကူညီမှုမျိုး ပြုလုပ်ကြပါရန် နှိုးဆော်လိုက်ရပါသည်။

# ပေါင်းတည်မြို့နယ်တွင် မီးသတ်စခန်းအသစ်ဖွင့်

**ပေါင်းတည် ဖေဖော်ဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်၏ မီးသတ်စခန်းအသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက ဈေး ၂ ရပ်ကွက် ရန်ကုန်ပြည်လမ်းရှိ အဆိုပါမီးသတ်စခန်းရှေ့၌ ကျင်းပသည်။ **(ယာပုံ)**

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးမင်းအောင်၊ အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်၊ အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး၊ ပြည်ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းနိုင်၊ Home Land Construction. Co., Ltd. မှ MD ဦးအောင်မျိုးမင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆောက်အအုံသစ်အား တိုင်းမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မြင့်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြား ရေးမှူး ဦးအောင်မြင့်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးမင်းအောင်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မီးသတ်စခန်းသစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို MD ဦးအောင်မျိုးမင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသက်နောင်ထံ လွှဲပြောင်းပေးအပ်ပြီး ပြခန်းအတွင်း မီးငြိမ်းသတ်မှုဆိုင်ရာ ပစ္စည်းများနှင့် စာကြည့်တိုက်အား ဝင်ရောက်လေ့လာကြည့်ရှုကြသည်။

မီးသတ်စခန်းသစ်မှာ နှစ်ထပ် RC အဆောက်အအုံဖြစ်ပြီး မီးသတ်ကား ထားရန်နေရာ၊ အစည်းအဝေးခန်းမ၊ ပစ္စည်းစတိုခန်းများနှင့် တပ်ဖွဲ့ဝင်များ၏ နေအိမ်လိုင်းခန်းများ ပါရှိသည်။

**တင်ဝင်းဇော်**



## ထင်သာမြင်သာပြုပြင်စရာ

# မော်လမြိုင်မြို့ မြေနီကုန်းကားကြီးဝင်းရှေ့မှ ရပ်တန့်ထားသော မော်တော်ယာဉ်များ ဖယ်ရှားပေးစေလို



မွန်ပြည်နယ် မော်လမြိုင်မြို့ မြို့ရှောင်လမ်းကားကြီးဝင်းရှေ့တွင် ရပ်တန့်ထားသော ခရီးသည်တင် မှန်လုံယာဉ်များနှင့် အခြားယာဉ်များမှ ကားရေဆေးခြင်း၊ မော်တော်ကားပြုပြင်ခြင်း၊ ပစ္စည်းများတင်ခြင်း၊ ချခြင်းတို့ကြောင့် ကားကြီးဝင်းအတွင်းမှ ထွက်လာသော မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ ဘယ်ညာလမ်းရှင်း မရှင်းကြည့်၍မရခြင်း၊ မုဒုံဘက်မှလာသော မော်တော်ယာဉ်များနှင့်ရန်ကုန်ဘက်မှလာသော မော်တော်ယာဉ်များသည် ကားဝင်းမှာ ကုန်းပေါ်တွင် ဖြစ်နေသောကြောင့် မြင်ကွင်းမရှင်း၍ မကြာခဏ ယာဉ်တိုက်မှုများ ဖြစ်နေကြောင်း၊ ယင်းအပြင် နိုင်ငံခြားခရီးသွားများ၊ အနယ်နယ်အရပ်ရပ်မှ ကားကြီးဝင်းအတွင်းသို့ ကားစီးရန် လာရောက်ကြသော ခရီးသည်များသည် မော်လမြိုင်မြို့ မြေနီကုန်းရှိ ကားကြီးဝင်းဆိုင်းဘုတ်ကို လိုက်ရှာနေရပြီး ကားကြီးဝင်းကိုသွားရန် မေးမြန်းနေရသောကြောင့် အန္တရာယ်ကင်းစွာဖြင့် အချိန်မရွေးကားကြီးဝင်းသို့ ယင်းမြို့ရှောင်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်နေကြသော မော်တော်ယာဉ်များ မြင်ကွင်းရှင်းပြီး ယာဉ်အန္တရာယ် မဖြစ်ပေါ်စေရန်အတွက် မော်လမြိုင်မြို့ မြေနီကုန်းကားကြီးဝင်းရှေ့မှ ရပ်တန့်ထားသော မော်တော်ယာဉ်များအား ဖယ်ရှားပေးပါရန် ဒေသခံများနှင့် ခရီးသွားပြည်သူများထံမှ သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၅-၂-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၀/၈၆၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၇ ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ ·၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၆ ·၄ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ ·၄ |


**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး (တတိယနေ့)ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး တတိယနေ့ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ယနေ့ နံနက် ၈ နာရီတွင် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃ မဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် သာသနာရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေး၏ သဘာပတိဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏိကာဘိဝံသက ဆောင်ရွက်တော်မူသည်။

ယင်းနောက် အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးအထမြောက် အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက ပြန်လည်ရှင်းလင်းလျှောက်ထားကာ အတည်ပြုချက်ရယူပြီး နံနက်ပိုင်းအစည်းအဝေးကို ရပ်နားသည်။

ထို့နောက် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ဝင်ဆရာတော်များအား နိုင်ငံတော်ဝိနည်းမိုရ်လက်မှတ်များ ဆက်ကပ်ခြင်း၊ ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့ အသိအမှတ်ပြုလွှာများ ဆက်ကပ်ခြင်းများကို ဆောင်ရွက်တော်မူကြသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင်မှတ်တမ်းစာအုပ်ကြီး၌ သြဝါဒါစရိယ ဆရာတော် ၁၅ ပါး၊ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်၊ ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့မှ ကိုယ်စားလှယ်တစ်ပါးစီတို့က လက်မှတ်ရေးထိုးတော်မူကြသည်။

ထို့နောက် သဘာပတိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ နိဂုံးချုပ် ဥယျောဇနကထာကို နာယူတော်မူကြပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်အားလုံးက “ဇယန္တောဗောဓိယာမူလေ” အစချီ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး သာဓုသုံးကြိမ်ခေါ်ဆိုကာ သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများကို အလှူရှင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး(ငြိမ်း)-ဇနီး ဒေါ်မြမြစန်း မိသားစု၊ မဟာသရေစည်သူ (ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး)-ဇနီး ဒေါ်ခင်သန်းနွဲ့၊ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန် (နိုင်ငံတော်သမ္မတ-ငြိမ်း)-ဇနီး ဒေါ်ခင်ခင်ဝင်း မိသားစု၊ မဟာသရေစည်သူ (ဗိုလ်ချုပ်ကြီးစိုးဝင်း)-ဇနီး ဒေါ်သန်းသန်းနွဲ့၊ မဟာသီရိသုဓမ္မဒုတိယဗိုလ်ချုပ်ကြီးတင်အေး(ငြိမ်း)- ဇနီး(ဒေါ်ကြည်ကြည်အုန်း)မိသားစု၊ သီရိပျံချီဗိုလ်ချုပ်တင်ငွေ(ငြိမ်း)-ဇနီးဒေါ်နန်းခင်လှဝင်း၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း-ဇနီး (ဒေါ်စမ်းစမ်းရီ)၊ မဟာသရေစည်သူ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်-ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်၊ မဟာသရေစည်သူ (ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘို)-ဇနီးဒေါ်ခင်လေးမြင့်၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး-ဇနီး ဒေါ်ခင်နှင်းဝေ၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း-ဇနီး ဒေါ်မာလာတင့် မိသားစုတို့က တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

# ဒေါက်တာဘွဲ့တံဆိပ်တော်ရ ရွှေသုဝဏ်ဆရာတော်ကြီးအား မဟာဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ ထပ်ဆင့်ဂုဏ်ပြုပူဇော်



**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မန္တလေးအသင်းက ကြီးမှူးကျင်းပသည့် ပုညနိမ္မိတာရာမရွှေသုဝဏ်ကျောင်းတိုက် ပဓာနနာယကဆရာတော် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တသဒ္ဒိယအား မဟာဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ဘွဲ့နှင်းခန်းမဆောင်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ရွှေသုဝဏ်ဆရာတော်အား စည်သူဒေါ်တင်တင်မြက အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ထူးမခြားနားသီချင်းခန့်ကြီး သုံးပိုဒ်ဖြင့် ပူဇော်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် မန္တလေးအသင်းဥက္ကဋ္ဌ ဦးကျော်စံက ပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစိန်လှဝင်းက ရွှေသုဝဏ်ဆရာတော်၏ ထေရုပ္ပတ္တိ အကျဉ်းချုပ်ကိုလည်းကောင်း၊ အခမ်းအနားမှူး ဦးစံသင်းလှိုင်က ထေရထုတိ ဂုဏပူဇာဂါထာဖြင့် လည်းကောင်း၊ အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့ အနုပညာရှင်များက မင်္ဂလာရတု၊ ဧကပိုဒ်ရတုတို့ဖြင့်လည်းကောင်း ဖတ်ကြားပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ရေစက်ချအနုမောဒနာတရား ချီးမြှင့်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော်သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

ရွှေသုဝဏ်ဆရာတော်လောင်းလျာကို မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် အောင်ချမ်းသာ(ခံဘဲ့)ရွာ၌ ခမည်းတော် ဦးထွေး၊ မယ်တော် ဒေါ်နှင်းအေးတို့က ၁၃၀၀ ပြည့်နှစ် နတ်တော်လဆန်း ၁၁ ရက် သောကြာနေ့တွင် ဖွားမြင်ခဲ့သည်။ မန္တလေးမြို့ အရှေ့ဝိသုဒ္ဓါရုံ၌ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာမေးပွဲများနှင့် ဓမ္မာစရိယတန်းကို ဂုဏ်ထူးသုံးကျမ်းစွဲကာ သာမဏေဘဝကပင် အောင်ခဲ့သည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)က ဆက်ကပ်သည့် ဒေါက်တာဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူပြီး ယခုအခါ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် ပုညနိမ္မိတာရာမရွှေသုဝဏ်ကျောင်းတိုက်၌ သီတင်းသုံးတော်မူလျက်ရှိသည်။

**သတင်းစဉ်**

❖ ***ရှေ့ဖုံးမှ***

တီထွင်ထုတ်လုပ်နိုင်စေရန် အထည်အလိပ်ဒီဇိုင်းဆိုင်ရာ သင်ကြားရေးဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် တစ်နိုင်ငံလုံးရှိ ရက်ကန်းကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ဆွေးနွေးပွဲကို ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်းတွင် ပြုလုပ်ခဲ့သည့်အပြင် ယခုအခါ ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၈ ရက်အထိ ရက်ကန်းထည်ဆိုင်ရာပြပွဲနှင့် ဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း ဗြိတိသျှကောင်စီမြန်မာမှ စီမံကိန်းမန်နေဂျာ ဒေါ်နေခြည်သွင်က ပြောသည်။

“မြန်မာ့ရက်ကန်းအတတ်ပညာကို ကမ္ဘာကသိအောင် ဖော်ထုတ်ပြသချင်လို့ ဒီပြပွဲကို ကျင်းပပေးသလို ရက်ကန်းထည်နဲ့ ပတ်သက်ပြီး ပညာရှင်အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့ ဆွေးနွေးပွဲတွေကိုလည်း ထည့်သွင်းပြုလုပ်တာ ဖြစ်ပါတယ်၊ ဒါ့အပြင် ဒီသုံးနှစ်အတွင်းမှာ သင်ရိုးညွှန်းတမ်းတွေ အဆင့်မြှင့်ပြီး ဆရာ၊ ဆရာမတွေရဲ့ အရည်အချင်းတွေကို မြှင့်တင်ပေးမယ့် အစီအစဉ်တွေ၊ ရက်ကန်းပညာနဲ့ ပတ်သက်လို့ ကိုးကားချက်တွေကို အလွယ်တကူရရှိနိုင်ဖို့ အစီအစဉ်တွေလည်း ပါဝင်ပါတယ်”ဟု ၎င်းက ပြောသည်။

ထို့အပြင် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ ကျောင်းအုပ်ကြီး ဒေါ်တင့်တင့်ကလည်း “ဒီလက်ခတ်သံစီမံချက်က လက်ရက်ကန်းဆိုင်ရာ နည်းပညာတွေ ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ခေတ်နဲ့အညီ ထွက်ပေါ်လာစေဖို့အတွက် ရည်ရွယ်တာပါ၊ ဒါ့ကြောင့် လက်ရက်ကန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ ဗြိတိသျှကောင်စီနဲ့ပူးပေါင်းပြီး ဆောင်ရွက်နေသလို ကျွန်မတို့ကျောင်းမှာလည်း ရိုးရာရက်ကန်းထည်ကဏ္ဍဖော်ထုတ်မြှင့်တင်ပေးနေတဲ့အပြင် ခေတ်မီနည်းပညာရပ်တွေကိုလည်း သင်ကြားပေးနေပါတယ်”ဟု ပြောသည်။

အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာ သိပ္ပံတွင် ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပလျက်ရှိသော လက်ခတ်သံ ရိုးရာလက်ရက်ကန်းထည်ဆိုင်ရာပြပွဲနှင့် ဆွေးနွေးပွဲကို ဗြိတိသျှကောင်စီ Swiss agency for development and cooperation, embassy of switzerland နှင့် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး အဆိုပါပြပွဲတွင် လုပ်ငန်းရှင် ၁၁ ဦး၏ ရက်ကန်းထည်များကို ဖော်ထုတ်ပြသထားကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကြည့်ရှုစစ်ဆေး



ရန်ကုန် ဖေဖော်ဝါရီ ၂၅

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ပြည်ထောင်စုဝန်ကြီးသည် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးကို လူထုအခြေပြု ဗဟိုဌာန (Community Centre) အဖြစ် အဆင့်မြှင့်တင် ပြောင်းလဲရေးတွင် ကလေးစာဖတ်ခန်းနှင့် ပြတိုက်ငယ်အား ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများကို လူထုအခြေပြုဗဟိုဌာနများအဖြစ် အများပြည်သူအကျိုးရှိစွာ အသုံးပြုနိုင်မည့်နေရာ၊ အသုံးဝင်မည့်နေရာ၊ မရှိမဖြစ်နေရာ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။ (ဝဲပုံ)

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး ကလေးစာဖတ်ခန်း၌ ရောက်ရှိနေကြသည့် ကလေးငယ်များအား ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များက အမှတ်တရအရုပ်များ ပေးအပ်ခဲ့ပြီး ပြင်ပကလေးကစားကွင်း လျှင်မြန်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော နည်းပညာများရရှိစေရန် ပုဂ္ဂလိကနှင့်ပူးပေါင်းထုတ်လုပ်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း ပထမအကြိမ် အသင်းသားစုံညီ နှစ်ပတ်လည် အစည်းအဝေးအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် စက်မှုဝန်ကြီးဌာန ရုံးအမှတ် ၃၇ ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးခင်မောင်ကြည်၊ လွှတ်တော်ကိုယ်စားလှယ်များ မကွေးတိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်း၊ ပြည်တွင်း၊ ပြည်ပမှ စားသုံးဆီပညာရှင်များနှင့် မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးမစတင်မီ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ခင်းကျင်းပြသထားသည့် ဒေသအသီးသီးမှ ထုတ်လုပ်ထားသည့် ဆီထွက်သီးနှံထုတ်ကုန်အမျိုးမျိုးနှင့် ဆက်စပ်ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၏ ဥက္ကဋ္ဌ ဦးခင်စိုးက နှစ်စဉ် မြန်မာနိုင်ငံ၏ ဆီစားသုံးမှုနှုန်း တန်ချိန် (၁ ဒသမ ၁) သန်းခန့်ရှိပြီးပြည်ပမှ လစဉ် စားသုံးဆီ တန်ချိန် ၇၀၀၀၀ ခန့်တင်သွင်းနေရကြောင်း၊ မိမိတို့အသင်းအနေဖြင့် ပြည်တွင်း၌ စားသုံးဆီထုတ်လုပ်မှု ဖူလုံစေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီများကို ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ရည်မှန်းချက်ထားပြီး အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ဆီစက်လုပ်ငန်းရှင်များ ကြုံတွေ့နေရသော အခက်အခဲများကို ယခုအစည်းအဝေးတွင် ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း၊ အသင်းအနေဖြင့် အလားတူ နိုင်ငံတကာအသင်းအဖွဲ့များနှင့် ချိတ်ဆက်၍ မိမိတို့ ထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်သည်အထိ မျှော်မှန်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော နည်းပညာများရရှိစေရန်နှင့် ကုန်ကြမ်း၊ ကုန်ချောသိုလှောင်ရုံများ၊ အခြောက်ခံစက်များနှင့် စက်ပစ္စည်း အစိတ်အပိုင်းများကိုလည်း ပုဂ္ဂလိကနှင့်ပူးပေါင်း၍ ထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က နိုင်ငံတော်မှ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို မူဝါဒတစ်ရပ်ချမှတ်ပြီး အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အချို့စားသုံးဆီ ထုတ်လုပ်သူများအနေဖြင့် ပြည်ပသို့ တင်ပို့နိုင်သည်ကို သိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဆီစက်လုပ်ငန်းရှင်များ အသင်းကဲ့သို့ အခြားလုပ်ငန်းရှင် အသင်းအဖွဲ့များ ဖွဲ့စည်းပေါ်ပေါက်လာစေရန် အတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းအမျိုးအစားတူရာအစုအဖွဲ့များ ဖွဲ့စည်း၍ စည်းလုံးညီညွတ်စွာဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုကို ပိုမိုအကျိုးရှိစေမည် ဖြစ်ကြောင်း၊ ပြည်တွင်းဈေးကွက် တည်ငြိမ်ရေးနှင့် ကုန်သွယ်မှုကိစ္စများ လွယ်ကူလျင်မြန်စေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။



ထို့နောက် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၊ အတွင်းရေးမှူး ဦးအောင်ရွှေက အသင်း၏ တစ်နှစ်တာကာလတွင်း အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စာရင်းစစ် ဦးထွန်းဇော်သောင်းက စာရင်းစစ်အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြသည်။ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက ပထမအကြိမ်အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးသို့ အသင်းသားများ၏ တင်ပြချက်နှင့် အကြံပြုချက်များကို ဖတ်ကြားတင်ပြရာ တက်ရောက်လာသူများမှ ဝိုင်းဝန်းဆွေးနွေးကြပြီး ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အတည်ပြုချမှတ်ခဲ့ကြသည်။

မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များအသင်းကို ၂၀၁၆ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် တရားဝင်ဖွဲ့စည်းခဲ့ပြီး နီးစပ်ရာတိုင်းဒေသကြီးနှင့်ပြည်နယ် အသင်းရုံးများတွင် အသင်းဝင်အဖြစ် လျှောက်ထားနိုင်ကြောင်းနှင့် လက်ရှိအချိန်တွင် နိုင်ငံတစ်ဝန်းအသင်းသား စုစုပေါင်း ၂၁၀ ရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**

# အပန်းဖြေကြသူများဖြင့် စည်ကားနေသည့် မြသလွန်စေတီတောင်ခြေရင်းမှ ဧရာဝတီသဲသောင်ပြင်

**မကွေး ဖေဖော်ဝါရီ ၂၅**



မကွေးမြို့ မြသလွန်စေတီတော်မြတ်၏ခြေရင်း ဧရာဝတီမြစ်အရှေ့ကမ်းအနီးမြစ်ရိုးသည် တစ်စထက်တစ်စ ကျဉ်းမြောင်းလာပြီး ကမ်းနှင့်ပေ ၁၀၀ ခန့်အကွာတွင် ကျယ်ပြန့်သောသောင်ပြင်တစ်ခု ဖြစ်ပေါ်လာခြင်းကို အကြောင်းပြု၍ စားသောက်ကုန်ရောင်းချသူများ၊ အပန်းဖြေ လာရောက်သူများဖြင့် စည်ကားလျက်ရှိနေသည်။

"ကျွန်တော်တို့မြို့အတွက် အပန်းဖြေစရာ နေရာတစ်ခုတိုးလာတာပေါ့၊ သောင်ပြင်အကျယ် ကြီးမှာ ငါးကင်၊ အကြော်နဲ့ အသုပ်မျိုးစုံရောင်းတဲ့ဆိုင်တွေရှိပါတယ်၊ တစ်နေကုန်နီးပါး လူသွား လူလာသိပ်မပြတ်ဘူး၊ ညနေပိုင်းကတော့ အစည်ဆုံးပဲ၊ တချို့က ဘော်လီဘောပုတ်ကြတယ်၊ ဘောလုံးကန်ကြတယ်၊ စွန်လွှတ်ကြတယ်၊ ကလေးတွေ လွတ်လွတ်လပ်လပ် ပြေးလွှားဆော့ကြတယ်၊ နေဝင်ဆည်းဆာကို အရသာခံကြည့်ကြတဲ့သူတွေကတော့ ပိုများပါတယ်၊ လာတာကတော့ အရွယ်စုံပေါ့"ဟု မကွေးဒေသခံ ကိုခိုင်ဖြိုးက ပြောသည်။

မြသလွန်စေတီအဝင် ဘီလူးနှစ်ကောင်အနီး၌ ဆိုင်ကယ်များအပ်နှံကြပြီး မြစ်ကမ်းဘက်သို့ဆင်းကာ သောင်ပြင်အထိ ၁၀ မိနစ်ခန့် လမ်းလျှောက်သွားကြသူများ ရှိသကဲ့သို့ မြသလွန်ရင်ပြင်တော်ထိ အရောက်သွားကာ ဆီမီးကိုးထောင်ထွန်းညှိရာ လှေကားထစ်များမှ အောက်ခြေထိဆင်း၍ သောင်ပြင်သို့ အလည်အပတ်သွားနိုင်ကြောင်း သိရသည်။

သောင်ပြင်သို့သွားနိုင်ရန် မြစ်ကိုဖြတ်၍ ပေ ၁၀၀ အရှည်ခန့်ရှိ ဝါးတံတားနှစ်စင်းခင်းထားသည်။ ဝါးတံတားဖြတ်သန်းရာနေရာမှာ ဝါးတစ်ရိုက်ခန့် ရေအနက်ရှိကာ မြောက်ဘက်အစွန်ရှိ ဝါးတံတားနေရာမှာ ရေသိပ်မနက်ကြောင်း သောင်ပြင်အနီး စက်လှေလုပ်သားတစ်ဦးက ဆိုသည်။

"ဒီသောင်ကြီးပေါ်လာတာကတော့ တစ်နှစ်လောက်ရှိပြီ၊ နောက်နှစ်လောက်ဆိုရင် ကမ်းနဲ့ဆက်သွားမလားဘဲ၊ ရေတက်ချိန်မှာ ကမ်းလုံးပြည့်ရေရှိပေမယ့် ရေပြန်ကျချိန်တွေမှာ သောင်တွေက အနေအထားအမျိုးမျိုး ပြောင်းသွားတတ်ပါတယ်၊ မြစ်ရိုးကလည်း ကျဉ်းကျဉ်းလာတယ်၊ ဒီနှစ် သောင်ထွန်းတာလုတော့ အပန်းဖြေသူတွေအတွက်ရော၊ စီးပွားရှာသူတွေအတွက်ပါ အဆင်ပြေတာပေါ့"ဟု ဘုရားအနီး နံကပ်ကျွန်းရွာနေ ဒေသခံတစ်ဦးက ပြောသည်။

ဧရာဝတီမြစ်အတွင်းရှိ သဲသောင်ပြင်သို့ ဝါးတံတားမှ တစ်ဆင့်မသွားမီ ကမ်းဘက်ရှိ ကုန်းသောင်တွင် အကြော်တဲ၊ ဓာတ်ပုံအလှရိုက်သူများပြားသည့် နေကြာခင်းနှင့် သဘာဝအရိုင်းပန်းအလှနေရာများတွင်လည်း လူစည်ကားကြောင်း မကွေးဒေသခံ ဒေါ်ကလေးထံမှ သိရသည်။

"သောင်ပြင်ကနေ အနောက်ဘက်ကမ်းကို မျှော်ကြည့်လိုက်ရင် မင်းဘူးမြို့က စက္ကိန်းတဲဘုရားကို ဖူးနိုင်ပါတယ်၊ မန်းရေနံမြေနဲ့ အနောက်ရိုးမတောင်တန်းတွေရဲ့ အလှကလည်း ကြည့်လို့ကိုမဝဘူး"ဟု ကျောင်းဆရာ ဆရာမွန်က ပြောသည်။

ဧရာဝတီမြစ်၏ ရေစီးသံနှင့်အတူ စုန်၊ ဆန်သွားလာနေသော သင်္ဘောနှင့် စက်လှေများ၊ လှေငယ်လေးများ၏ ရွေ့လျားမှုကို အလှတရားတစ်ခုအဖြစ် မြင်တွေ့နိုင်ပြီး မကွေးမြို့နှင့် မင်းဘူးမြို့တို့၏ ရင်းနှီးကျွမ်းဝင်မှုကို အဓွန့်ရှည်စေသည့် ဧရာဝတီမြစ်ကူးတံတားကြီး၏အလှနှင့် တန်ဖိုးကိုလည်း ခံစားခွင့်ရခဲ့ကြောင်း မိသားစုဖြင့် အလည်အပတ်လာရောက်သူ ဦးအောင်သိန်းလင်းက ပြောသည်။

ဝါးတံတားအဆုံး သောင်ပြင်အစပ်တွင် သောင်ကျွန်းကို ပတ်ကာ အပျော်စီးနိုင်သည့် စက်လှေငယ်လေး ငါးစင်းခန့် ရှိနေတတ်ပြီး လူတစ်ဦးစီးနင်းခ ငွေကျပ် ၅၀၀ ယူကြောင်း၊ မြစ်ကူးတံတားအောက်ထိ လည်ပတ်ချင်သူများကိုလည်း ငွေကျပ် ၁၀၀၀ ဖြင့် လိုက်ပို့ပြီး မြသလွန်စေတီအဝင် ဘီလူးနှစ်ကောင်အနီးရှိ ဆိုင်ကယ်များအပ်နှံရာသို့ လမ်းမလျှောက်ချင်၍ လှေဖြင့်ပြန်လိုသူများကိုလည်း လှေစီးခ ငွေကျပ် ၃၀၀ ဖြင့် ပြန်ပို့ပေးကြောင်း စက်လှေပိုင်ရှင်တစ်ဦးဖြစ်သူ ဦးနုထံမှ သိရသည်။

မကွေးမြို့တွင် အဓိကလည်ပတ်ရန် နေရာများအဖြစ် ကမ်းနားလမ်းရှိ လက်ဖက်ရည်ဆိုင်များ၊ ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံ၊ လွတ်လပ်ရေးကျောက်တိုင်ပန်းခြံ၊ ရွှေလင်မျှော်စေတီနှင့် မြသလွန်စေတီမြတ်တို့သာ ယခင်ကရှိခဲ့ပြီး ယခုနောက်ပိုင်းတွင် နှီးဘုရား၊ ကံ့ကော်တစ်ထောင်နှင့် ဧရာဝတီမြစ်သောင်ပြင်တို့မှာလည်း လည်ပတ်သွားလာစရာ စာရင်းဝင်လာခဲ့ပြီဖြစ်သည်။

**ဇေယျာတု(မကွေး)**

❄ *ရှေ့ဖုံးမှ*

ထို့နောက် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကံတော်ကျေးရွာအနီးတွင် စစ်တောင်းမြစ် ကမ်းပါးရေတိုက်စားပြိုကျနေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုပြီး ကံတော်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းတွင် ကဝမြို့နယ်အတွင်း စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုကြောင့် ပြောင်းရွှေ့ရမည့် ကျေးရွာခြောက်ရွာမှ ပြည်သူများအတွက် ဆန်ရိက္ခာဖိုးငွေနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ကျင်းပသည်။ စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုကြောင့် ပြောင်းရွှေ့ရသည့် ကျေးရွာခြောက်ရွာမှ ပြည်သူများအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၂၈၄၇၈၀၀ နှင့် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၁၂၇၀၀၀၀၀ တို့ကို ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ပေးအပ်ရာ ကျေးရွာအသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူကြပြီး ပြည်သူများ၏ ကိုယ်စား ကဝမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးလှသန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့အပြင် ကျေးရွာများတွင် နေ့ပိုင်းစောင့်ရှောက်ရန် လိုအပ်သော ကလေးငယ်များ ရှေးဦးအရွယ် ဖွံ့ဖြိုးတိုးတက်မှုအတွက် မိခင်ဝိုင်းများ ဆောင်ရွက်ရန် ထောက်ပံ့ငွေကျပ် ၁၃၇၇၀၀၀ ကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ပြီး ကလေးငယ်များအတွက် အာဟာရမုန့်နှင့် ကစားစရာအရုပ်များကိုလည်း ဝေငှပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ကဝမြို့နယ် ငွေတောင်ရွာမှ မမောက်ရွာအထိ စစ်တောင်း မြစ်ကမ်း ယာယီ ရေငန်တားတာတည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်နေသည့် အခြေအနေများနှင့် လိုအပ်ချက်များကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး စစ်တောင်းမြစ်ကမ်းပါး ရေတိုက်စားမှုပြိုကျမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။**

# ကယားပြည်နယ်ဝန်ကြီးချုပ် မယ်စဲ့မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မယ်စဲ့ ဖေဖော်ဝါရီ ၂၅**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၇ နာရီခွဲက မယ်စဲ့မြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေများဖြင့် ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပညာရေးဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန အမှုတွဲခန်း တည်ဆောက်ခြင်းလုပ်ငန်း၊ စီမံကိန်းရုံးဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဝန်ထမ်းအိမ်ရာနှင့် အားကစားမှူးရုံးခန်းမနှင့် လေ့ကျင့်ရေးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း၊ ဘောလုံးကွင်း အဆင့်မြှင့်တင်မှုအခြေအနေ၊ မြို့မရဲစခန်းဗဟိုကင်းနှင့် အချုပ်ခန်း တည်ဆောက်ခြင်းလုပ်ငန်း၊ နတလဦးစီးဌာနမှ မြို့နယ်ပြည်သူ့ဆေးရုံအတွက် ၈၀၀ လီတာဆံ့ရေသန့်စက်တပ်ဆင်ပေးမှုအခြေအနေ၊ မြို့နယ်ပြည်သူ့ဆေးရုံတိုးချဲ့ လူနာနှစ်ထပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသနေသော လူနာများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်း၊ ဆေးရုံလူနာသုံးမွေ့ရာဝယ်ယူရန် ငွေကျပ်သုံးသိန်းငါးသောင်းကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရုံးအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ (ဝဲပုံ) သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရည်အသွေးစစ်ဆေးရေး (QC)အဖွဲ့က လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



**ညှိနှိုင်းဆောင်ရွက်ပေး**

ဆက်လက်ပြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပန်တိန်းကျေးရွာ၊ နန့်ဟူးကျေးရွာ၊ ဟိုဂျစ်ကျေးရွာ၊ မယ်ဆည်နမ်ကျေးရွာ၊ နန့်ပိန်းလင်ကျေးရွာ၊ ကျောက်စုကျေးရွာများသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးရာ ကျေးရွာ ပြည်သူများက ဒေသ၏လိုအပ်ချက်များကို တင်ပြဆွေးနွေးမှုအပေါ် ဝန်ကြီးချုပ်က ပြည်နယ်အစိုးရမှ ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် အမက(နန့်ဟူး)၊ အမက (မယ်ဆည်နမ်)၊ အမက(မူလွန်) (ကျောက်စု)တို့အတွက် မိတ္တူကူးစက်တစ်လုံးစီဝယ်ယူရန် ငွေကျပ် နှစ်သိန်းသုံးသောင်းစီ၊ နန့်ဟူးလူငယ်များအတွက် လိုအပ်သော ဆောင်းဘောက်တစ်စုံ၊ အမက(ဟိုဂျစ်)ကျောင်းအိမ်သာတစ်လုံး ဆောက်လုပ်ရန် ငွေကျပ် ရှစ်သိန်း၊ အမက (မူလွန်)(ကျောက်စု)သောက်သုံးရေကန်ဂါလန် ၃၀၀၀ ဆံ့ပြုလုပ်ရန်အတွက် ငွေကျပ် ၂၅ သိန်းတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ အသီးသီးထောက်ပံ့ပေးအပ်ခဲ့ပြီး မယ်ဆည်နမ်ရေလွှဲဆည်နှင့်ရေပေးမြောင်း တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ဘောလခဲခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ထွန်းဦးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ထိုင်းနိုင်ငံ KhonKaen တက္ကသိုလ်တို့ပူးပေါင်းကာ (၉)ကြိမ်မြောက် ပတ်ဝန်းကျင်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အပြည်ပြည်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ (9 th International Conference on Environmental and Rural Development - ICERD) ကို နေပြည်တော်ရှိ Grand Amara Hotel အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပသည်။




“ပတ်ဝန်းကျင်နဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပတ်ဝန်းကျင်နဲ့ ကျေးလက်ဒေသဖွံ့ဖြိုးမှုနဲ့ဆိုင်တဲ့ စာတမ်းတွေကို ဖတ်ကြားခဲ့ကြပါတယ်၊ အရှေ့တောင်အာရှနဲ့ နိုင်ငံတကာမှာ ပြုလုပ်တဲ့ သုတေသနစာတမ်းတွေကို နိုင်ငံရပ်ခြားမှ စိုက်ပျိုးရေးနှင့် သစ်တောပညာရှင် ၁၂၀ က စာတမ်းတွေဖတ်ကြားတင်သွင်းခဲ့ပါတယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးနဲ့ သစ်တောကဏ္ဍမှ ပူးပေါင်းလုပ်ဆောင်မှုတွေကနေ သုတေသနအသစ်အဆန်းတွေကိုဖော်ထုတ်ပြီး နိုင်ငံအချင်းချင်း၊ သုတေသနပညာရှင်အချင်းချင်း ဗဟုသုတအသစ်တွေ၊ နည်းပညာအသစ်တွေ နီးနှောဖလှယ်တဲ့ပွဲလေးလည်းဖြစ်ပါတယ်၊ စာတမ်းဖတ်ပွဲမှာ စိုက်ပျိုးရေးတက္ကသိုလ်က ပါရဂူဘွဲ့နဲ့ မဟာသိပ္ပံပါရဂူဘွဲ့က ကျောင်းသားတွေရဲ့သုတေသနစာတမ်းတွေလည်း ဖတ်ကြားခဲ့ပါတယ်”ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ပြောသည်။

ယခုလို စိုက်ပျိုးရေးဆိုင်ရာ စာတမ်းဖတ်ပွဲများ ကျင်းပရခြင်းကြောင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အတွက် မှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံတကာတက္ကသိုလ်များမှလည်း ရေဆင်းတက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်လိုမှုများ မပြတ်လာရောက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးတက္ကသိုလ်တစ်ခုတည်းရှိသည့်အတွက် နိုင်ငံတကာမှ တက္ကသိုလ်အချင်းချင်း စိုက်ပျိုးရေးပညာ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးပညာများကို ပူးပေါင်းဖလှယ်ခွင့်ရသည့်အတွက် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးရှိကြောင်း၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်နေသော စိုက်ပျိုးရေးပညာရပ်များလည်း ရရှိနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှ ပညာရှင်များနှင့် သုတေသနများ ဆက်လက်ပူးပေါင်းလုပ်ဆောင်နိုင်ပြီး လိုအပ်နေသော ပတ်ဝန်းကျင်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် နည်းပညာများ ဆက်လက် နီးနှောဖလှယ်နိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အဆိုပါသုတေသနစာတမ်းတွင် ဂျပန်၊ ကိုရီးယား၊ ဂျာမနီ၊ ဩစတြေးလျ၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မလေးရှား၊ ဖိလစ်ပိုင်နိုင်ငံများမှ ပညာရှင်များပါဝင်ကြောင်း သိရသည်။

ပတ်ဝန်းကျင်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အပြည်ပြည်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ပြုလုပ်ခဲ့ပြီး စာတမ်းရှင်များက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် သစ်တောတက္ကသိုလ်များသို့ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

စာတမ်းဖတ်ပွဲတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အပါအဝင် နိုင်ငံအလိုက် အခြားတက္ကသိုလ် အသီးသီးမှ ပညာရှင်များက စာတမ်း ၇၇ စောင်ကို တင်သွင်းဖတ်ကြားသွားခဲ့ကြောင်း၊ ဤစာတမ်းဖတ်ပွဲမှ သုတေသနများအတွက် နည်းလမ်းကောင်းများ တွေးခေါ်ကြံဆနိုင်ပြီး မြန်မာနိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ- အိမ့်မှူးမေ**

# ခေတ်မီနည်းပညာသုံး ဆည်တမံများ တည်ဆောက်ခြင်းကြောင့် ကောင်းကျိုးများစေခြင်း

ဘုန်းတင်လှိုင်

**ကမ္ဘာဦးကျောက်ခေတ်လူသားတို့မှအစ မျက်မှောက်ခေတ် လူသားတို့အဆုံး အဓိကရင်ဆိုင်ဖြေရှင်းခဲ့ရသော ပြဿနာကြီးသုံးရပ်မှာ စား၊ ဝတ်၊ နေရေးဖြစ်ပါသည်။ စား၊ ဝတ်၊ နေရေးပြဿနာများကို ဖြေရှင်းလုပ်ကိုင်ရင်း တီထွင်ဖန်တီးမှုများကို အစပြုလာကြသည်။ ထိုမှတစ်ဆင့် နယ်မြေသစ် ရှာဖွေချဲ့ထွင် လာခြင်း၊ လက်နက်ပစ္စည်းများဆန်းသစ်ထုတ်လုပ်လာခြင်းတို့နှင့်အတူ မိုးမျှော်တိုက်ကြီးများအထိ တည်ဆောက်လာနိုင်ခဲ့ကြသည်။ မြေကမ္ဘာအပြင် လကမ္ဘာသို့လည်း ခြေဆန့်လာ နိုင်ခဲ့ကြသည်။**

လူသားတို့အတွက် ပြဿနာကြီးသုံးရပ်အနက် စားရေးပြဿနာသည် အဓိကအခန်းမှ ပါဝင်ပါသည်။ လူသားတို့သည် အမြဲတစေတိုးတက်နေသော လူဦးရေအတွက် စားနပ်ရိက္ခာ လုံလောက်မှုရှိစေရန် မိမိတို့ပိုင်ဆိုင်သော မြေမျက်နှာပြင်ဧရိယာအစိတ်အပိုင်းတို့တွင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လာခဲ့ကြရာမှ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာအောင် သိပ္ပံနည်းကျ တီထွင်တိုးချဲ့ဖန်တီးဆောင်ရွက်လာကြသည်။ တစ်ဖက်မှလည်း လျှပ်စစ်စွမ်းအင်လိုအပ်ချက်တို့ကို တစ်ခေတ်ပြီးတစ်ခေတ်တိုးတက်လာအောင် တီထွင်ကြံဆောင်လာကြသည်များကို တွေ့မြင်နေကြရပြီဖြစ်ပါသည်။ ထိုကဲ့သို့ စိုက်ပျိုးရေးရရှိရေးနှင့် လျှပ်စစ်စွမ်းအင်ရရှိရေးတို့အတွက် မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံဒေသတွင်းနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများတို့တွင် ဆည်တမံများကို နည်းပညာအသစ်အဆန်းတို့ဖြင့် အဆင့်ဆင့်တိုးတက်အောင် တည်ဆောက်ခဲ့ကြပါသည်။

**မိုးခေါင်ရေရှားဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန်**

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံမှာလည်း ရာသီဥတုပြောင်းလဲမှုဒဏ်ကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်နေသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် ကျရောက်တတ်သော သဘာဝဘေးအန္တရာယ်များမှာ မီးဘေးအန္တရာယ်၊ ရေဘေးအန္တရာယ်၊ ဆိုင်ကလုန်းမုန်တိုင်းဘေးအန္တရာယ်၊ ငလျင်ဘေးအန္တရာယ်၊ ဆူနာမီဘေးအန္တရာယ်၊ မြေပြိုခြင်းဘေးအန္တရာယ်၊ မိုးခေါင်ရေရှားခြင်းဘေးအန္တရာယ်၊ တောမီးလောင်ကျွမ်းခြင်းဘေးအန္တရာယ်နှင့် မုန်တိုင်းဒီရေတက်ရောက်ခြင်းဘေးအန္တရာယ်တို့ ဖြစ်ကြသည်။ အထူးသဖြင့် ရေဘေးအန္တရာယ်နှင့် မိုးခေါင်ရေရှားခြင်းဘေးအန္တရာယ်တို့ကို ကာကွယ်ဖြေရှင်းနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိပါသည်။ ရေဘေးအန္တရာယ်ကို ကာကွယ်နိုင်ရန် ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ရေဘေးကာကွယ်ရေးတာများတည်ဆောက်ခြင်း၊ ရေငန်တားတာများ တည်ဆောက်ခြင်း၊ ရေတံခါးများတည်ဆောက်ခြင်းနှင့် ရေထိန်းတမံများတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပါသည်။ မိုးခေါင်ရေရှားဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် ရေလှောင်တမံများ တည်ဆောက်ခြင်း၊ ဆည်ရေသောက်စနစ်များ ထူထောင်ခြင်းတို့ဖြစ်ပါသည်။ ရေလှောင်တမံများကို တည်ဆောက်ရာတွင် ဆည်ရေပေးဝေရေး၊ ရေဘေးကာကွယ်ရေးသာမက ရေအားလျှပ်စစ်ဓာတ်ထုတ်လုပ်ရေးနှင့် သောက်သုံးရေရရှိရေးတို့ကို အဓိကထားဆောင်ရွက်ပါသည်။

ထိုနည်းတူ ကမ္ဘာ့နိုင်ငံအသီးသီးတို့ကလည်း ဆည်တမံများကို စိုက်ပျိုးရေရရှိရန်၊ လျှပ်စစ်ဓာတ်အားထုတ်နိုင်ရန်၊ ရေဘေးအန္တရာယ် ကာကွယ်နိုင်ရန်နှင့် သောက်သုံးရေရရှိရန် ရည်ရွယ်ပြီး တည်ဆောက်ကြပါသည်။ ဆည်တမံများ တည်ဆောက်ရာတွင် ကောင်းကျိုးများစွာရှိသလို ဘေးထွက်ဆိုးကျိုးများ (Side Effects) လည်း ရှိနိုင်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဆည်တမံများပျက်စီးရခြင်းကို လေ့လာကြည့်သည့်အခါ ဖော်ပြပါအဓိကအချက်ကြီးကိုးချက်ကို တွေ့ရှိရပါသည်။ (၁) တည်ဆောက်ရေးပစ္စည်းများနှင့် နည်းပညာကျွမ်းကျင်မှု အဆင့်အတန်းနိမ့်ကျခြင်း၊ (၂) ရေပိုလွှဲပုံစံထုတ်လုပ်မှုမှားယွင်းခြင်း၊ (၃) စူးစမ်းလေ့လာခြင်းနှင့် တိုင်းတာရေးလုပ်ငန်းအချက်အလက်များမှားယွင်းခြင်း၊ (၄) ရေဝပ်ဧရိယာအတွင်းသို့ တောင်နံရံများ လျှောဆင်းသွားခြင်း၊ (၅) ထိန်းသိမ်းပြုပြင်မှုအားနည်းခြင်း၊ အထူးသဖြင့် တမံရေထုတ်ပွန်ထိန်းသိမ်းမှုညံ့ဖျင်းခြင်း၊ (၆) ထူးကဲဝင်ရေများပြားစွာဝင်ရောက်ခြင်း၊ (၇) ကွန်ပျူတာတွက်ချက်သူ သို့မဟုတ် ဒီဇိုင်းပုံစံ ထုတ်လုပ်သူလူကအမှား ပြုလုပ်ခြင်း၊ (၈) မြေသားရေလှောင်တမံအတွင်း ရေတိုက်စားမှု ဒဏ်ကိုခံရခြင်း၊ (၉) မြေငလျင်လှုပ်ခတ်မှုကြောင့် ဖြစ်ပေါ်ခြင်း ... စသည်တို့ဖြစ်ပါသည်။ ရေထုဖိအား များလာခြင်းကြောင့် ရေပိုလွှဲ၊ ရေထုတ်ပေါက်တို့မှ ရေထုတ်လွှတ်ခြင်းဟု ထင်မြင်ယူဆနေသူများအနေဖြင့် သိရှိရန်မှာ ထိုအချက်မပါဝင်ကြောင်း တွေ့ရှိရပါသည်။




တည်ဆောက်ပြီး ဖြူးချောင်းဘက်စုံရေလှောင်တမံ

**ဆည်တမံများကြောင့် ဖြစ်ရသည့် ဘေးအန္တရာယ်များ**

သဘာဝဘေးအန္တရာယ်ကြောင့် သိန်းဂဏန်းအထက် သေဆုံးမှုအများဆုံးထိပ်တန်းစာရင်းဝင် ဖြစ်ရပ် ၁၀ ခု မှာ (၁) ၁၉၃၁ ခုနှစ်တရုတ်ပြည်၌ တရုတ်ပြည်ရေကြီးမှုကြောင့် လူပေါင်းမြောက်မြားစွာ အသက်ဆုံးရှုံးရသော ရေကြီးမှုဖြစ်စဉ်၊ (၂) ၁၈၈၇ ခုနှစ် တရုတ်ပြည်မြစ်ဝါမြစ် မြစ်ရေကြီးမှုကြောင့် များစွာဆုံးရှုံးရသော ရေကြီးမှုဖြစ်စဉ်၊ (၃) ၁၅၅၆ ခုနှစ်တွင် တရုတ်ပြည်ငလျင်ဒဏ်ကြောင့် ဆုံးရှုံးမှုငလျင်ဖြစ်စဉ်၊ (၄) ၁၉၇၀ ပြည့်နှစ် ဘင်္ဂလားဒေ့ရှ်တွင်ဖြစ်သော ဆိုင်ကလုန်းမုန်တိုင်းဖြစ်စဉ်၊ (၅) ၁၈၃၉ ခုနှစ် အိန္ဒိယ၌ဖြစ်သော ဆိုင်ကလုန်းမုန်တိုင်းဖြစ်စဉ်၊ (၆) ၅၂၆ ခုနှစ် ဘိုင်ဇန်တိုင်း အင်ပါယာအန်တီရော့ချ်တွင်ဖြစ်သော မြေငလျင်ဖြစ်စဉ်၊ (၇) ၁၉၇၆ခုနှစ် တရုတ်ပြည် Taungshin, Hebei ၌ ဖြစ်သော မြေငလျင်ဖြစ်စဉ်၊ (၈) ၁၉၂၀ ပြည့်နှစ် တရုတ်ပြည် Haiyuan မြေငလျင်ဖြစ်စဉ်၊ (၉) ၁၉၇၅ ခုနှစ်တရုတ်ပြည် Banqiao Dam ရေကြီးမှုဖြစ်စဉ်၊ (၁၀) ၂၀၀၄ ခုနှစ် အိန္ဒိယသမုဒ္ဒရာ၌ ဖြစ်ပေါ်သော မြေငလျင်လှုပ်ခြင်းနှင့် ဆူနာမီဖြစ်စဉ်တို့ဖြစ်ကြပါသည်။ ထိုဖြစ်စဉ်များကိုကြည့်လျှင် လူဖန်တီးသော ဘေးအန္တရာယ်ထက် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ရသော ဘေးအန္တရာယ်ကများပြားကြောင်း တွေ့ရှိရပါသည်။ ဆည်တမံများကြောင့် ဖြစ်ရသည့် ဘေးအန္တရာယ်များကို လေ့လာကြည့်သည့်အခါ ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်နေသော ဘေးအန္တရာယ်များနှင့် နှိုင်းယှဉ်လျှင် အဆင့်ကိုးတွင်ရှိကြောင်း လေ့လာမှတ်သားသိရှိထားပါသည်။

ခရစ်သက္ကရာဇ် ၅၇၅ နှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ကမ္ဘာ့နိုင်ငံပေါင်း ၃၀ (အမေရိကန်၊ ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ စပိန်၊ အင်္ဂလန်၊ ဩစတြီးယား၊ အီတလီ၊ ဂျာမနီ၊ ပြင်သစ်၊ ပိုလန်၊ ဟန်ဂေရီ၊ နယ်သာလန်၊ ဘူလ်ဂေးရီးယား၊ ယီမင်၊ လစ်ဗျား၊ ဆီးရီးယား၊ ပါကစ္စတန်၊ အင်ဒိုနီးရှားနှင့် နီပေါ... စသည့်) အသီးသီးတို့တွင်ရှိသော အဓိက ဆည်တမံပေါင်းအခု ၇၀ တို့၏ ပြိုလဲကျရသည့်ဖြစ်ရပ်ဖြစ်စဉ်တို့ကို လေ့လာကြည့်ပါသည်။ တွေ့ရှိရချက်များမှာ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ဆီးနှင်း ထူထပ်စွာကျရောက်ခြင်း၊ လွန်ကဲပြင်းထန်သော ရေစီးကြောင်းများ ဖြစ်ပေါ်ခြင်း၊ ရေကြီးမှုကြောင့် တမံထိပ်ပေါ်မှ ရေကျော်ကျဆင်းခြင်း၊ တည်ဆောက်ရေးကာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒီဇိုင်းသိုလှောင်နိုင်မှုစွမ်းအားထက် စီးဝင်လာခြင်း၊ အခြေခံအုတ်မြစ်အရည်အသွေးမကောင်းခြင်း၊ ဘူမိမြေအနေအထားတည်ငြိမ်မှုမရှိခြင်း၊ တည်ဆောက်မှုကာလအတွင်း လွန်ကဲစွာမိုင်းဖောက်လုပ်ခဲ့ထုတ်ခြင်း၊ ဥမင်လိုဏ်ပြိုကျခြင်း၊ ဒီဇိုင်းပုံစံအားနည်းမှားယွင်းခြင်း၊ တည်ဆောက်မှုအပိုင်းချွတ်ယွင်းအားနည်းခြင်း၊ တမံတစ်လျှောက် ရေစိမ့်ပေါက်များရှိခြင်း၊ တမံဧရိယာအတွင်း ရေစိမ့်ဝင်ပေါက် (Sinkhole) များရှိနေခြင်း၊ ထိန်းသိမ်းမှုအားနည်းပြီး ပုံမှန်လုပ်ဆောင်ရမည့် လုပ်ငန်းများ ဆောင်ရွက်မှုလျော့ရဲအားနည်းခြင်း...စသည် တို့ကြောင့် ဖြစ်ပါသည်။ ၁၉၇၅ နှစ် ဩဂုတ်လအတွင်းက တရုတ်ပြည်တွင် ဘင်ကီအို (Banqiao) တမံနှင့် ရှီမန်တန် (Shimantan) တမံတို့၏ အထက်ပိုင်းတွင် ထူးကဲစွာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်စဉ်တစ်ရပ် ဖြစ်ပေါ်ခဲ့သည်။ ထိုဖြစ်စဉ်ကိုလေ့လာရေးသားသူအချို့က ဘင်ကီအိုဆည်ကြီး၏ အထက်ပိုင်းရှိ ဆည်တမံကြီး ကျိုးပေါက်ပျက်စီးသွားခဲ့သည်။ ထိုဆည်ကြီးမှ ကျဆင်းလာသည့် ဧကပေ ၉၇၀၀၀ ရှိသော ရေထုကြီးသည် ဘင်ကီအိုဆည်ကြီးကိုပါ ဖြိုချဖျက်ဆီးပစ်လိုက်တော့သည်ဟု အမှတ်မှားနေကြသည်။ အမှန်မှာ ဖော်ပြပါ ဆည်နှစ်ခုသည်အထက်အောက်တည်ရှိနေခြင်းမဟုတ်ပါ။ သီးခြားမြစ်နှစ်စင်းပေါ်တွင် သီးခြားတည်ဆောက်ထားခြင်းဖြစ်ပါသည်။ ဆည်တမံများအောက်ပိုင်းရောက်မှ မြစ်နှစ်စင်းပူးပေါင်းစီးဆင်းသွားပြီး ရုမြစ်ခေါ် မြစ်ကြီးတစ်စင်းအဖြစ် စီးဆင်းခြင်းဖြစ်ပါသည်။

**ဘက်ပေါင်းစုံအကျိုးရှိသည့် ဆည်တမံများ**

မြန်မာနိုင်ငံတွင်လည်း ခေတ်အဆက်ဆက်ဆည်တမံများ တည်ဆောက်ခဲ့ကြပါသည်။ စိုက်ပျိုးရေသက်သက်ပေးဝေရန် ဆည်တမံများ (ဥပမာ-ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဘောနီနှင့်ကောလိယတမံ)၊ စိုက်ပျိုးရေးနှင့်ရေအားလျှပ်စစ်ဓာတ်ထုတ်လုပ်နိုင်ရန် ဆည်တမံများ (ဥပမာ-မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကင်းတားနှင့်ဆည်တော်ကြီးတမံ)၊ ရေဘေးကာကွယ်ရေးအတွက် ဆည်တမံများ (ဥပမာ-ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကိုဒူကွဲ၊ ရွှေလောင်းနှင့်စလူတမံ)၊ စိုက်ပျိုးရေနှင့် သောက်သုံးရေပေးဝေရန် ဆည်တမံများ (ဥပမာ-ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ငမိုးရိပ်နှင့် လဂွမ်းပြင်တမံ)၊ သောက်သုံးရေ သက်သက်ပေးဝေရန်ဆည်တမံများ (ဥပမာ-ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဂျိုးဖြူ၊ လှော်ကား၊ ဖူးကြီး တမံများနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်ရှိ နန့်ကျန်တမံ)၊ ရေအားလျှပ်စစ်သက်သက်ထုတ်လုပ်သည့် ဆည်တမံ(ဥပမာ-မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရဲရွာနှင့် အထက်ပေါင်းလောင်းတမံ)။ အချို့ဆည်တမံများသည် စိုက်ပျိုးရေပေးဝေခြင်း၊ ရေအားလျှပ်စစ်ဓာတ်ထုတ်လုပ်ခြင်း၊ ရေဘေးကာကွယ်ခြင်းနှင့် သောက်သုံးရေပေးဝေခြင်းစသည့် ဘက်ပေါင်းစုံအကျိုးရှိသည့် ဆည်တမံများဖြစ်ကြပါသည်။

**ဆည်တမံများမရှိက ရေမရရှိနိုင်**

မည်သည့်ဆည်တမံမဆို အနည်းဆုံးတော့ ဒေသစိမ်းလန်းစိုပြည်ပြီး ကျွဲရေ၊ နွားရေ၊ သောက်သုံးရေ ရရှိသည့် အကျိုးကျေးဇူးများရှိပါသည်။ ဆည်တမံတည်ဆောက်ခြင်းအားဖြင့် ပုံမှန်မဟုတ်သည့် မိုးရေကြီးသည့် အချိန်မျိုးတွင် ဆည်တမံမှ အထိုက်အလျောက် ရေသိုလှောင်ထားနိုင်သဖြင့် တမံအောက်ပိုင်းရေစီးဆင်းမှု လျော့နည်းသက်သာစေပါသည်။ သို့မဟုတ်ပါက စီးဆင်းရေနှစ်ဆအနည်းဆုံး ပိုမိုစီးဆင်းပြီး အန္တရာယ်ရှိနိုင်ပါသည်။ မြန်မာနိုင်ငံအထက်ပိုင်း မိုးခေါင်ရေရှားဒေသတို့တွင် မုတ်သုံကာလလေးလသာရှိသဖြင့် ကျန်လများအတွက် ဆည်တမံများမရှိက ရေမရရှိနိုင်ပါ။ တောင်ပေါ်ဒေသတို့တွင် ဆည်တမံမှရေဖြင့် ကုန်းမြင့်လယ်ယာဖော်ထုတ်စိုက်ပျိုးနိုင်ပါသည်။ (ဥပမာ-ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်ရှိ မုံးရင်တမံနှင့် ချင်းပြည်နယ် ထန်တလန်မြို့နယ်ရှိ သီကီးရ်တမံ)၊ ရေလှောင်တမံ ဆည်ကန်တို့အတွင်းတွင် ရေချိုငါးနှင့် ရေချိုပုစွန်တို့မွေးမြူနိုင်ပါသည်။ “ဆင်သွားရင်လမ်းဖြစ်” ဆိုသကဲ့သို့ ဆည်တမံများ တည်ဆောက်ခြင်းဖြင့် ဆက်သွယ်ရေးလမ်းကြောင်းများ ပွင့်သွားပါသည်။ ဆည်တမံများကို လူသူအရောက်အပေါက်နည်းသော တောတောင်ဒေသတို့တွင် တည်ဆောက်ခြင်းဖြစ်သဖြင့် သွားရေးလာရေးခက်ခဲသော ဒေသခံများအတွက် လမ်းပွင့်သွားပါသည်။ (ဥပမာ-ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မုံးရင်ကျေးရွာကြီးသည် ယခင်ကလားရှိုးမြို့သို့ သွားရောက်ရန် နမ္မတူမြို့မှတစ်ဆင့် သွားလာရပါသည်။ မုံးရင်ဆည်တမံ တည်ဆောက်သည့်အခါ အချိန်တိုအတွင်း ဆည်တမံသို့ရောက်ရှိရန် ဆည်အဝင်လမ်းကို စက်ယန္တရားများဖြင့် ဖောက်လုပ်ပါသည်။ မုံးရင်ကျေးရွာကြီးသည် ဆည်တမံအနီးတွင်ရှိသဖြင့် ယခုအခါ နမ္မတူမြို့မှတစ်ဆင့် သွားရောက်ရန်မလိုအပ်တော့ဘဲ လားရှိုးမြို့သို့ တိုက်ရိုက်သွားလာနိုင်ပါသည်။ ခရီးထက်ဝက်လည်း ပိုနီးသွားကြောင်းသိရှိရပါသည်)။ *စာမျက်နှာ ၇ သို့*

**“ ဆည်တမံများ တည်ဆောက်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်း၊ သစ်တောများ ပြုန်းတီးခြင်းစသည့် ဆိုးကျိုးများအထိ ဖြစ်ပေါ်မှုမရှိဘဲ ရေဝပ်ဧရိယာအတွင်း ကျရောက်သည့် သစ်ပင် သစ်တောများသာ ပျက်စီးဆုံးရှုံးမှုရှိပါသည်။ သို့ရာတွင် ဆိုးကျိုးထက် ကောင်းကျိုး ရလဒ်ပိုမိုသဖြင့် ပြည်သူလူထု အကျိုးများစွာ ခံစားနိုင်ခြင်းဖြစ် ”**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး အိန္ဒိယနိုင်ငံ၌ ကျင်းပသည့် Partnership Summit 2018 သို့တက်ရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် အဖွဲ့သည် အိန္ဒိယနိုင်ငံ အန်ဒရာပရာဒက်ရှ်ပြည်နယ် Visakhapatnam မြို့၌ ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပသည့် Partnership Summit 2018 သို့ တက်ရောက်လျက်ရှိသည်။

**အခမ်းအနားကိုဖွင့်လှစ်**

အဆိုပါ Partnership Summit 2018 ၏ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ၌ Visakhapatnam မြို့ Harbour Park ရှိ APIIC Ground Floor တွင် ကျင်းပခဲ့ရာ အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ H.E. Mr. M Venkaiah Naidu က ဖွင့်ပွဲအခမ်းအနား မိန့်ခွန်းပြောကြားခဲ့ပြီး အန်ဒရာပရာဒက်ရှ် ပြည်နယ်ဝန်ကြီးချုပ် Mr. N Chandrababu Naidu နှင့် စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး Mr. Suresh Prabhu တို့က အသီးသီး အမှာစကား ပြောကြားခဲ့ပြီး အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၂၅ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ တွင် Visakhapatnam မြို့ရှိ Novotel ဟိုတယ်၌ အိန္ဒိယနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Suresh Prabhuနှင့် Partnership Summit သို့ တက်ရောက်လာကြသော နိုင်ငံအသီးသီးမှ ကုန်သွယ်ရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တွေ့ဆုံသည့် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

**စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရန်**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် Partnership Summit 2018 ၏ Plenary Session များဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှု၏ ရှေ့အလားအလာများနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ လုပ်ငန်းစဉ်များအပေါ် သုံးသပ်ဆွေးနွေးခြင်းအစီအစဉ်သို့ တက်ရောက် မိန့်ခွန်းပြောကြားခဲ့ပြီး **(ဓာတ်ပုံ)** စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရန် လွယ်ကူမှုမြှင့်တင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲတွင် Panelist အဖြစ် ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နည်းပညာတက္ကသိုလ်(ရမည်းသင်း) အင်ဂျင်နီယာနည်းပညာဘွဲ့ ဘွဲ့နှင်းသဘင်ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(ရမည်းသင်း)၏ သတ္တမအကြိမ်မြောက် အင်ဂျင်နီယာနည်းပညာဘွဲ့ ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရမည်းသင်းမြို့ရှိ သီလဝခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

အဆိုပါဘွဲ့နှင်းသဘင်ပေးအပ်ပွဲတွင် မြို့ပြအင်ဂျင်နီယာဘွဲ့ ၅၂ ဦး၊ အီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့ ၃၅ ဦး၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘွဲ့ ၃၁ ဦး၊ စက်မှုအင်ဂျင်နီယာဘွဲ့ ၃၈ ဦး၊ အဝေးရောက် မြို့ပြအင်ဂျင်နီယာဘွဲ့ ခြောက်ဦး၊ အဝေးရောက် အီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့ နှစ်ဦးနှင့် အဝေးရောက် စက်မှုအင်ဂျင်နီယာဘွဲ့ သုံးဦးတို့ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ဆည်တမံများ တည်ဆောက်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်း၊ သစ်တောများ ပြုန်းတီးခြင်းစသည့် ဆိုးကျိုးများအထိ ဖြစ်ပေါ်မှုမရှိဘဲ ရေဝပ်ဧရိယာအတွင်း ကျရောက်သည့် သစ်ပင် သစ်တောများသာ ပျက်စီးဆုံးရှုံးမှုရှိပါသည်။ သို့ရာတွင် ဆိုးကျိုးထက် ကောင်းကျိုးရလဒ်ပိုမိုသဖြင့် ပြည်သူလူထု အကျိုးများစွာ ခံစားနိုင်ခြင်းဖြစ်ပါသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက အကြီးစား၊ အလတ်စားနှင့် အငယ်စား ဆည်တမံ ၂၃၅ ခုနှင့် ရေလွှဲဆည် ၁၀၆ ခု တို့ကို တည်ဆောက်ပေးထားပြီးဖြစ်သည်။ ဖော်ပြပါ ဆည်တမံအရေအတွက်သည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နှိုင်းယှဉ်လျှင် ပြောပလောက်အောင် မရှိကြောင်း တွေ့ရှိရပါသည်။

**ဆည်ရေသောက်စနစ်များ**

ဆည်တမံများ တည်ဆောက်ပေးခြင်းအားဖြင့် အကျိုးကျေးဇူးမြောက်မြားစွာရရှိသကဲ့သို့ ဆည်ရေသောက်စနစ်များ ထူထောင်ဆောင်ရွက်ပေးခြင်းအားဖြင့်လည်း ကျေးလက်နေ တောင်သူလယ်သမားများအတွက် အကျိုးကျေးဇူးများ ပိုမိုရရှိပါသည်။ ဆည်ရေသောက်စနစ် တည်ဆောက်ပေးခြင်းအားဖြင့် မူလယာမြေမှ ဆည်ရေရလယ်မြေသို့ ပြောင်းလဲလာခြင်း၊ မူလတစ်သီးစားနေရာမှ နှစ်သီး သို့မဟုတ် သုံးသီးစားစိုက်ပျိုးနိုင်ခြင်း၊ ဈေးကွက်ဝင်ဆန်စပါးစိုက်ပျိုးလာနိုင်ခြင်း (ဥပမာ-ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦးမြို့နယ်တို့တွင် သဖန်းဆိပ်ဆည်တမံ၏ ဆည်ရေသောက်ဧရိယာမှ နာမည်ကြီး ရွှေဘိုပေါ်ဆန်းမွှေးစပါး စိုက်ပျိုးလာနိုင်ခြင်း)၊ မြောင်းကြီး၊ မြောင်းငယ်တို့အတွင်းတွင် သဘာဝရေချိုငါး၊ ပုစွန်များ ပေါက်ပွားလာနိုင်ခြင်း၊ တူးမြောင်း ရေကျအဆောက်အအုံတို့တွင် အသေးစား ရေအားလျှပ်စစ်ဓာတ်ထုတ်လုပ်လာနိုင်ခြင်း(ဥပမာ-ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း နတ္တလင်းမြို့နယ်အတွင်းရှိ တောင်ညိုဆည်တမံ၏ တူးမြောင်းမကြီးရေကျအမှတ်-၁ နှင့် ရေကျအမှတ်-၂ တို့မှ အသေးစား ရေအားလျှပ်စစ်ဓာတ်ထုတ်လုပ်ခြင်း) စသည်တို့ဖြစ်ပါသည်။ ထို့ထက် ပိုမိုအကျိုးရှိစေရန် ခေတ်မီစက်မှုလယ်ယာ အဆင့်မြင့်၊ စနစ်ကျစံပြ စိုက်ကွင်းကြီးများ ထူထောင်ပေးရန်လည်း လိုအပ်ပါသည်။ အချို့ ဆည်ရေသောက်ဧရိယာတို့တွင် နမူနာစံပြဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။ (ဥပမာ-နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ပေါင်းလောင်းဆည်ရေသောက်မှ ပေါက်မြိုင်ကျေးရွာစနစ်ကျလယ်ယာမြေလုပ်ငန်းနှင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ငမိုးရိပ်ဆည်ရေသောက်မှ သနပ်ပြင်၊ ဝါးရုံးစွန့်၊ သာယာကုန်း၊ ကျွန်းကလေး၊ အုန်နဲ့ကုန်း၊ ခရောင်စနစ်ကျလယ်ယာ) ဆည်ရေသောက်ဧရိယာသည် စိုက်ပျိုးရေသေချာသဖြင့် ထိုဧရိယာတို့တွင် ရေပေးမြောင်းများ စနစ်တကျ ဖောက်လုပ်ပေးခြင်း၊ ရေနုတ်မြောင်း စနစ်ထည့်သွင်းထားခြင်း၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးခြင်းစသည့် စနစ်တကျ စက်မှုလယ်ယာမြေလုပ်ငန်း ဖော်ထုတ်ဆောင်ရွက်ပေးလျှင် သီးနှံအထွက်နှုန်း ပိုမိုပြီး ဈေးကွက်သို့ အမြန်ဆုံးပေးပို့ ရောင်းချနိုင်မည်ဖြစ်ပါသည်။ အချို့ဆည်ရေသောက်စနစ်များသည် နှစ်ပေါင်းကြာရှည်လာသည်နှင့်အမျှ ဆည်ရေသယ်ယူနိုင်မှု စွမ်းအားကျဆင်းလျက်ရှိပါသည်။ ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အေဂျင်စီ (JICA)၏ အကူအညီဖြင့် ဆည်ရေသောက်စနစ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေကြောင်းလည်း သိရှိရပါသည်။ (ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ မြောက်နဝင်း၊ တောင်နဝင်း၊ ဝဲကြီးနှင့် တောင်ညိုဆည်ရေသောက်စနစ်များ)၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်ပြီးစီးသော ဆည်ရေသောက်စနစ်များမှ စိစစ်ပြီး ဆည်ရေသောက်ဧရိယာ ၂၈ သိန်းကေကျော်ခန့်ကို အကျိုးပြုနိုင်လျက်ရှိပါသည်။


**ငလျင်ဘေးအန္တရာယ်အတွက်ကြိုတင်ခန့်မှန်းတွက်ချက်**

မြန်မာနိုင်ငံတွင် သဘာဝကပေးသော ရေအရင်းအမြစ် မြောက်မြားစွာရှိပါသည်။ မြစ်ကြီး ငါးသွယ်/ မြစ်ငယ် ငါးရာတို့ဖြင့် လက်ယှက်ထိုးတည်ရှိနေသည်ကို တွေ့မြင်နိုင်ပါသည်။ အဆိုပါမြစ်ကြီး မြစ်ငယ်အသွယ်သွယ်တို့ကို အသုံးချနိုင်လျှင် စီးပွားရေးတိုးတက်မြင့်မားလာနိုင်ပါသည်။ အဓိက ပို့ကုန်ဖြစ်သော ဆန် စပါးနှင့် အဓိကလိုအပ်ချက်ဖြစ်သော လျှပ်စစ်စွမ်းအင်တို့ကို ထုတ်လုပ်နိုင်ရန် လိုအပ်ပါမည်။ လူဖန်တီးသော ဆည်တမံများ တည်ဆောက်ခြင်းသည် ဘေးအန္တရာယ်ကျရောက်နိုင်သည့် လုပ်ငန်းများဟု တရားသေ၊ တထစ်ချ၊ လှေနံ ဓားဖထစ်မှတ်ယူ၍ မရနိုင်ပါ။ ဘယ်အရာမဆို အဆိုးအကောင်းအကျိုးအပြစ် ဒွန်တွဲလျက်ရှိပါသည်။ အကောင်းနှင့် အကျိုးများလျှင် စီမံအကောင်အထည်ဖော်ရပါမည်။ ယခုတည်ဆောက်နေသော ဆည်တမံများသည် ခေတ်မီစက်ယန္တရားများဖြင့် ဆောင်ရွက်သည့်အပြင် ခေတ်မီနည်းပညာတို့ဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။ ငလျင်ဇုန်နှင့် နီးစပ်ရာဒေသတို့တွင် ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ခန့်မှန်းတွက်ချက် ဒီဇိုင်းပုံစံပြုဆောက်လုပ်ထားပါသည်။ (ဥပမာ-ပဲခူးတိုင်းဒေသကြီးအတွင်းရှိ၊ ဖြူး၊ ခပေါင်းနှင့် ရဲနွယ်ဆည်တမံ)

နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးမူဝါဒများအရ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်မှာ လုံလောက်သော လျှပ်စစ်ဓာတ်အားစွမ်းအင်ရှိရန် လိုအပ်ပါမည်။ လက်ရှိအမြင့်ဆုံး သုံးစွဲမှုမှာ ၃၁၈၉ မဂ္ဂါဝပ်ရှိပြီး လိုအပ်ချက်များကို ရေအားလျှပ်စစ်စက်ရုံ ၁၇ ရုံနှင့် အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ၁၅ ရုံမှ ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရှိရပါသည်။ နှစ်အလိုက် ဓာတ်အားတိုးတက်သုံးစွဲမှုနှုန်းလည်း ၁၅ ရာခိုင်နှုန်း တိုးတက်နေကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ်မှာ ၄၅၃၁ မဂ္ဂါဝပ်အထိ သုံးစွဲမည်ဟု ခန့်မှန်းထားကြောင်း၊ ထပ်မံလိုအပ်သော ၁၃၄၂ မဂ္ဂါဝပ်ကို ရေအားလျှပ်စစ်စက်ရုံများမှ ၁၅ ရာခိုင်နှုန်း ထုတ်လုပ်ရန် လျာထားကြောင်းနှင့် လာအိုနိုင်ငံမှ လျှပ်စစ်ဓာတ်အား ဝယ်ယူရန် စီစဉ်နေကြောင်းလည်း မှတ်သားခဲ့ရပါသည်။

**ဆည်တမံများကိုခေတ်မီနည်းပညာများအသုံးပြုတည်ဆောက်**

လူသားတို့သည် တိုးတက်များပြားလာသော လူဦးရေတို့အတွက် စားနပ်ရိက္ခာဖူလုံရေး၊ သောက်သုံးရေချိုရရှိရေးနှင့် လျှပ်စစ်စွမ်းအင်ရရှိရေးတို့ကို တီထွင်ကြံဆ လုပ်ဆောင်နေကြရပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ခေတ်မီနည်းပညာများကို အသုံးပြုယှဉ်တွဲဆောင်ရွက်ခြင်းဖြင့် လူဖန်တီးသော အရာများက ဘေးအန္တရာယ်ကျရောက်နိုင်မှုကို လျှော့ချနိုင်ပါမည်။ လက်တစ်ကမ်းတွင်ရှိသည့် မော်တော်ယာဉ်ဖြင့် ဥပမာပေးရလျှင် မော်တော်ယာဉ် ထုတ်လုပ်သူတို့သည် မော်တော်ယာဉ် အသုံးပြုသူတို့ကို သေစေတော့ဟု ရည်ညွှန်းထုတ်လုပ်ခဲ့ခြင်းမဟုတ်ပါ။ မော်တော်ယာဉ်ကြောင့် ဘေးအန္တရာယ်ဖြစ်ရသည်မှာ မော်တော်ယာဉ်ကြံ့ခိုင်မှု အားနည်းခြင်းကြောင့်ဖြစ်ရသည့် ရာခိုင်နှုန်းကနည်းပြီး လူသားယာဉ်မောင်းကြောင့် ဖြစ်ရသည့် ရာနှုန်းကများပါသည်။ မျက်မှောက်ခေတ်ကာလတွင် မော်တော်ယာဉ်ကို နည်းပညာအသစ်အဆန်းများဖြင့် လူသားတို့ အန္တရာယ်ကင်းအောင် ထုတ်လုပ်လာကြပါသည်။ ထိုနည်းတူ ဆည်တမံများကိုလည်း ခေတ်မီနည်းပညာများ အသုံးပြုတည်ဆောက်လာကြသဖြင့် ဘေးအန္တရာယ်ကင်းဝေးကြောင်း တည်ဆောက်ပြီး ဆည်တမံများက သက်သေထူလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ လူဖန်တီးသောအရာတိုင်းသည် ဘေးအန္တရာယ်ဖြစ်စရာ မဟုတ်ပါကြောင်း တင်ပြလိုက်ရပါသည်။



ဖြူးချောင်းတမံရေလွှဲဆည်နှင့် ဆည်ရေသောက်ဧရိယာတည်နေရာပြပုံ

**ဖေဖော်ဝါရီ ၂၅ ရက်က မြဝတီမြို့၌ ကရင်ပြည်နယ် သံဃနာယကအဖွဲ့၊ မြဝတီမြို့နယ် သံဃနာယကအဖွဲ့နှင့် ထိုင်းနိုင်ငံ ဓမ္မကာယဖောင်ဒေးရှင်းတို့မှ ဆရာတော်ကြီးများ ကြီးမှူး၍ မြန်မာ-ထိုင်း ချစ်ကြည်ရေးသံဃာအပါး ၃၀၀၀ ကျော်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။**

(အဆိုပါ ဆွမ်းလောင်းလှူပွဲသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် ဒုတိယခရိုင်အုပ်ချုပ် ရေးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနှင့်ထိုင်းနိုင်ငံတို့မှ အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။)

**တင်ဝင်းလှိုင်**




ဓာတ်ပုံ-သန်းစိုး

## ဓမ္မာရုံရေစက်ချ၊ ဘုရားအနေကဇာတင်ပူဇော်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် နယ်မြေခံ တပ်ရင်းအတွင်း၌ အသစ်ပြန်လည်မွမ်းမံသော ဓမ္မာရုံနှင့် တပ်ရင်းမိသားစုများ ကိုးကွယ်ပူဇော်ကြမည့် မြတ်စွာဘုရားများ အနေကဇာတင်လှူ ပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်နံနက် ၉ နာရီက အဆိုပါ တပ်တွင်းဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် သံဃာတော် အရှင်သူမြတ်တို့က ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်လှူကာ အလှူရှင်နှင့် ညှိ့ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ပင့်သံဃာတော်များအား တပ်ရင်းမှူး ဗိုလ်မှူးဇာနည်မျိုးထက်နှင့် ဇနီး၊ အရာရှိများက လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရားတော်နှင့် ရေစက်ချ တရားတော်နာကြားကြသည်။ ဆက်လက်၍ တပ်ရင်းမိသားစုများ ဆက်ကပ်ကိုးကွယ်ရန် မြတ်ဗုဒ္ဓရုပ်ပွားတော်များအား တပ်ရင်းမှူးနှင့် အရာရှိတို့က လက်ရောက်ပေးအပ်လှူဒါန်းခဲ့သည်။ **သန်းထိုက်(လှိုင်သာယာ)**

## လှိုင်းအသင့်အတင့်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အတင့်အသင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ ငါးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

## မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များလူမှုကူညီရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး အမှုဆောင်သစ်ရွေးချယ်ပွဲနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေး ၂၀၁၈-၂၀၂၀ ပြည့်နှစ် အမှုဆောင်သစ်များရွေးချယ်ပွဲနှင့် အလှူငွေများလှူဒါန်းပွဲကို ယနေ့ နံနက် ၉နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁) မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်ရုံးခွဲ)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း(ကျောက်တန်း) မြို့နယ်က အမှာစကားပြောကြားပြီး အဖွဲ့ဂုဏ်ထူးဆောင်နာယက(၁) မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ်(ငြိမ်း) ဦးရဲမြင့်ဖေက မုဒိတာစကားပြောကြားကာ မြန်မာ့အလင်းသတင်းစာတိုက်စာတည်းမှူး (ထောက်ချုပ်) ဦးမြင့်ဆွေတို့က အမှာစကားများ ချီးမြှင့်ပြောကြားခဲ့သည်။

ဆက်လက်၍ နှစ်ပတ်လည်အစီရင်ခံစာအား တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်း(သန်လျင်)က တင်သွင်းပြီး ဦးအောင်သန်း (ဘဏ္ဍာရေးမှူး) မင်္ဂလာတောင်ညွန့်က နှစ်ပတ် လည်ငွေစာရင်းရှင်းတမ်းကိုဖတ်ကြားကာ နှစ်ပတ်လည်စာရင်းစစ် အစီရင်ခံစာအား ဦးမျိုးမင်းသိန်း(စာရင်းစစ်) မရမ်းကုန်းက တင်သွင်းခဲ့ကြရာ သဘာပတိ ဦးစိုးဝင်းက အတည်ပြုပေးခဲ့သည်။

ထို့နောက် ၂၀၁၈-၂၀၂၀ ခုနှစ် အမှုဆောင်သစ်များ ရွေးချယ်ခြင်းနှင့် အလှူငွေများပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာ့အလင်း စာတည်းမှူးချုပ်ကိုယ်စား စာတည်းမှူး ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့အတွက် အလှူရှင် ဦးအောင်ကျော်ဝင်း(ဇမ္ဗူမေတ္တာ)က ဦးဆောင်၍ သန်လျင်မြို့မှ အလှူရှင်များက အလှူငွေကျပ် ၁၀ သိန်းနှင့် နေပြည်တော်ဇေယျာသီရိမြို့နယ် ဝန်ပြန်ကျေးရွာ နေမျိုးနွယ်ပရိယတ္တိစာသင်တိုက်အတွင်းရှိ အောင်စည်ဟိန်း ပြည်လုံးချမ်းသာစေစေတီတော် ဘက်စုံတည်ဆောက်ရေးအတွက် အစည်းအဝေး တက်ရောက်လာကြသော မြို့နယ်သတင်းထောက်များက အလှူငွေကျပ် နှစ်သိန်း တစ်သောင်းကို စုပေါင်းလှူဒါန်းကြရာ စာတည်းမှူး ဦးမြင့်ဆွေက လက်ခံယူခဲ့သည်။

ယင်းနောက် မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ ၂၀၁၈-၂၀၂၀ ပြည့်နှစ် အလုပ်အမှုဆောင်သစ် ရွေးချယ်ခြင်းကိုကျင်းပရာ အစည်းအဝေးသို့ တက်ရောက်လာသော မြို့နယ်သတင်းထောက်များက ဥက္ကဋ္ဌ ဦးစိုးဝင်း (ကျောက်တန်းမြို့နယ်)ပါဝင်သော အမှုဆောင်သစ် ၁၅ ဦးတို့ကို ရွေးချယ်ပေးခဲ့ကြသည်။

ယခုဖွဲ့စည်းသော အသင်းကို မြန်မာ့အလင်းသတင်းထောက်များ၏ ဇနီး၊ ခင်ပွန်း၊ နာရေး၊ ကျန်းမာရေးတို့နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ကြပါက လူမှုကူညီရေးထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စမ်းစမ်းကြည် (သယ်န်းကျွန်း)**



## ပြည်သူအားလုံး ကျန်းမာဖို့ စဉ်ဆက်မပြတ်ကြိုးပမ်းစို့ဆောင်ပုဒ်နှင့် သက်ဆိုင်သော ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ ကာတွန်း စာမူများပေးပို့နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

၂၀၁၈ ခုနှစ် ဧပြီလ ၇ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ကျန်းမာရေးနေ့အတွက် ထုတ်ဝေမည့် ကမ္ဘာ့ကျန်းမာရေးနေ့မဂ္ဂဇင်းတွင် ယခုနှစ်ဆောင်ပုဒ်ဖြစ်သော "Health for All"/ "Making Health Coverage Universal" ကို မြန်မာပြန်ဆိုထားသည့် **"ပြည်သူအားလုံးကျန်းမာဖို့ စဉ်ဆက်မပြတ်ကြိုးပမ်းစို့"** ဆောင်ပုဒ် နှင့် သက်ဆိုင်သော ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်းစသည့်စာမူများအား မတ်လ ၁၂ ရက် နောက်ဆုံးထား၍ စာတည်းအဖွဲ့၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် E-mail လိပ်စာ ayeayecho94@gmail.com, muh-taw@gmail.com, dr.khinenyeinchan@gmail.com , wayemon@gmail.com သို့ ပေးပို့နိုင်သည်။

အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၃၄၃၁၄၄၂ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရှိရသည်။

**သတင်းစဉ်**

## နွေရာသီရေရှားပါးနိုင်သည့် ကျေးရွာများ သန့်ရှင်းသော သောက်သုံးရေရရှိရေး ကျေးရွာပြည်သူများနှင့် တွေ့ဆုံဆွေးနွေး

**ဘားအံ ဖေဖော်ဝါရီ ၂၅**

ကရင်ပြည်နယ် ဘားအံမြို့နယ် သံလွင်မြစ်အနောက်ဘက်ကမ်းကျေးရွာများ၌ ဆောင်ရွက်လျက်ရှိသော ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နွေရာသီရေရှားပါးမှုဖြစ်ပေါ်နိုင်သည့် ကျေးရွာများ၏ အချက်အလက်များရရှိစေရေးအတွက် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးထွန်းဇော်ချစ်၊ ဘားအံခရိုင်ကျေးလက်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဦးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဖေဖော်ဝါရီလ တတိယပတ်က ကွင်းဆင်းစစ်ဆေးခြင်း၊ ကျေးလက်ဒေသခံများနှင့် ပေါင်းစပ်ညှိနှိုင်း အကြံပြုဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ် ညွှန်ကြားရေးမှူး ဦးထွန်းဇော်ချစ်နှင့်အဖွဲ့သည် နွေရာသီကာလ သောက်သုံးရေရှားပါးနိုင်သည့် ကျေးရွာများဖြစ်သော တံတားဦးကျေးရွာအုပ်စုအတွင်းရှိ တံတားဦး၊ ရှောက်ကုန်း၊ ကျုံခနတ်၊ကျခတ်ချောင်းကျေးရွာများသို့ ကွင်းဆင်း၍ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျေးရွာနေပြည်သူများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များနှင့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျေးလက်နေပြည်သူများ၏ အကြံပြုဆွေးနွေးမှုများအား မှတ်သားကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**


## မှုခင်းကျဆင်းရေးအသိပညာပေးဟောပြော

**ရွှေတောင် ဖေဖော်ဝါရီ ၂၅**

ရွှေတောင်မြို့နယ် ကသစ်တိုင်းအုပ်စု စမ်းရွာ မူလတန်းကျောင်း၌ ဖေဖော်ဝါရီလ တတိယပတ်က ရွှေတောင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး လှငွေက နယ်မြေအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး၊ လူကုန်ကူးမှုနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ရာ ကျေးရွာနေပြည်သူ ၁၁၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ - မတ်လထုတ် Renaissance Myanmar မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ




**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ - မတ်လထုတ် Renaissance Myanmar မဂ္ဂဇင်းကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

ယခုလထုတ်မဂ္ဂဇင်းကို မြန်မာ့စီးပွားရေး အထူးကဏ္ဍအဖြစ် ထုတ်ဝေထားပြီး မောင်သက်ဆွေ၊ မျိုးဇော်၊ ရဲထွန်း(သီပေါ)၊ တင်မောင်သန်း(သင့်ဘဝ)၊ ဘိုဘိုကျော်ငြိမ်း၊ စောနိုင် (ဘောဂဗေဒ)၊ သန်းစိုးနိုင်၊ မင်းသေ့၊ ဇေယျာသူ၊ ဒေါက်တာ နိုင်ဆွေဦး၊ ဦးဇော်ဦး၊ ဝေလင်းမောင်၊ စောနန္ဒာအောင်၊ ယဉ်မြ၊ ဒေါ်လှမျက်ခြယ်၊ တင့်တင့်လွင်တို့၏ ဆောင်းပါးများပါရှိသည်။

ယခုလထုတ်တွင် မောင်သက်ဆွေ၏ အိမ်နီးချင်း၏ အကျိုးစီးပွားနှင့် ပင်လယ်ဖြတ်ကျော် လေ့စီးသူများ၊ မျိုးဇော်၏ ကမ္ဘာ့စီးပွားရေး၊ မြန်မာ့စီးပွားရေးနှင့် ပြုပြင်ပြောင်းလဲရေးဟူသည့် အလုပ်ကိစ္စ၊ ရဲထွန်း၏ တရုတ် - မြန်မာ ဆက်ဆံရေး အပြောင်းအလဲနှင့် မြန်မာ့စီးပွားရေးအပေါ် အကျိုးသက်ရောက်လာနိုင်ခြေ၊ တင်မောင်သန်း (သင့်ဘဝ) ၏ အောင်မြင်သွားသော နိုင်ငံများ၏ မူဝါဒ ၁၀ ချက်ဖြင့် ချိန်ထိုးသုံးသပ်ရမည့် ပြုပြင်ပြောင်းလဲရေး၊ ဘိုဘိုကျော်ငြိမ်း၏ ကူးပြောင်းကာလ စီးပွားရေးစိန်ခေါ်မှုများ၊ စောနန္ဒာအောင်၏ လယ်ယာစီးပွား ကြိုးစားရဦးမည်၊ ဇေယျာသူ၏ ပြည်သူ့ဆန္ဒ စီးပွားရေး၊ ဦးဇော်ဦး၏ မြန်မာ့ ပဲကဏ္ဍ ကုန်သွယ်မှု အကျပ်အတည်းနှင့် ရေရှည်ရေတို ဖြေရှင်းရေး နည်းလမ်းများ စသည့်ဆောင်းပါးများ ပါရှိသည်။

အဆိုပါ မဂ္ဂဇင်းကို အထက်မြန်မာ ပြည်ဖြန့်ချိရေး ဝင်းဖေမောင် Amarapura Partners ဖုန်း ၀၉၂၅၃၁၀၄၆၇၃ မန္တလေးမြို့၊ နေပြည်တော် ဖြန့်ချိရေး ဂျမ်းဘုံစာပေနှင့် စတိုး ဖုန်း ၀၉၇၉၀၄၂-၂၇၉၀ ပျဉ်းမနားမြို့နှင့် အောက်မြန်မာပြည် ဖြန့်ချိရေးစာပေနန်းတော် ဖုန်း ၀၉၂၆၀၂၄၅၂၂၄ ရန်ကုန်မြို့မှ တာဝန်ယူဖြန့်ချိထားကြောင်း သိရှိရသည်။

**မြန်မာ့အလင်း**

## ဇော်ဂျီစာပေအနုပညာစုစည်းမှု စာအုပ်မိတ်ဆက်ပွဲ ကျင်းပ

**စဉ့်ကိုင် ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် စာရေးဆရာများ ရေးသားသော ဝတ္ထုတို၊ ဝတ္ထုလတ်၊ ဆောင်းပါးများစုစည်း၍ ပုံနှိပ်ထုတ်ဝေသော ဇော်ဂျီစာပေ အနုပညာစုစည်းမှု စာအုပ် မိတ်ဆက်ပွဲကို စဉ့်ကိုင်မြို့ ငွေလရောင်ကဖီး၌ ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပခဲ့သည်။

မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုံးရွှေနှင့် ဆောင်းစုရတီစာပေမှ မိုးသျှမ်းတို့က ဝမ်းမြောက်စကား ပြောကြားကာ မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး ဦးအောင်မင်းက ဇော်ဂျီအနုပညာစုစည်းမှု စာအုပ်ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများက ဝေဖန်အကြံပြုစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**



## တပ်ကုန်းမြို့နယ်၌ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆင်သေလက်ဝဲမြောင်း ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Agriculture Development Support Project-ADSP) ဆင်သေလက်ဝဲမြောင်း ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းခွင်သို့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန နေပြည်တော်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများ ဖေဖော်ဝါရီ ၂၃ ရက်နံနက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့အား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန နေပြည်တော်လက်ထောက်ညွှန်ကြားရေးမှူးက စီမံကိန်းဆိုင်ရာများနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဝင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအပေါ် သတ်မှတ်ပုံစံအတိုင်း စနစ်တကျဆောင်ရွက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ သတ်မှတ်ချိန်အတွင်းပြီးစီးရန် မှာကြားခဲ့ကြောင်း သိရသည်။

ADSP စီမံကိန်းမှာ ဆင်သေလက်ဝဲမြောင်း ရေသောက်စနစ် မြောင်းမကြီး အာဒီ-၁၄၀၀၀ မှ ၅၉၀၀၀ ထိ မြောင်းပုံစံကျပြုပြင်ခြင်းလုပ်ငန်းနှင့် အာဒီ- ၁၄၀၀၀ မှ ၄၁၀၀၀ အတွင်း လိုအပ်သောနေရာများတွင် ကျောက်ကြီးလိုင်နင်စီခြင်းလုပ်ငန်း၊ တူးမြောင်းအဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ဆင်သေလက်ဝဲမြောင်းရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းပြီးစီးပါက ရေလေလွင့်ဆုံးရှုံးမှု ၄၀ ရာခိုင်နှုန်း သက်သာမည့်အပြင် ရေပေးဝေရာတွင် သတ်မှတ်နေရာများသို့ လုပ်ငန်းမဆောင်ရွက်မီက အချိန်ထက် ငါးဆပိုမိုဆောလျင်စွာ ရောက်ရှိနိုင်မည်ဖြစ်ကာ စိုက်ပျိုးမြေဧရိယာများလည်း ပိုမိုတိုးချဲ့ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**



## AFC Cup အဝေးကွင်းပွဲယှဉ်ပြိုင်ရန် ရှမ်းယူနိုက်တက်အသင်း ထွက်ခွာ



ဓာတ်ပုံ-ရှမ်းယူနိုက်တက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စု ဒုတိယနေ့ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၇၊ ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်းပွဲ ယှဉ်ပြိုင်ရန် ယနေ့ညနေပိုင်းက ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ထွက်ခွာသွားသည်။

ရှမ်းယူနိုက်တက် အသင်းသည် ယင်းပွဲအတွက် အမာခံကစားသမား အစုံအလင် ရွေးချယ်ခဲ့ပြီး **အုပ်ချုပ်နည်းပြ** အဖွဲ့ဝင် ရှစ်ဦး၊ ကစားသမား ၁၈ ဦး လိုက်ပါသွားသည်။ ရှမ်းယူနိုက်တက်အသင်းတွင် Operation **မန်နေဂျာ**အဖြစ် ဦးရဲမျိုးထွန်း၊ **အုပ်ချုပ်သူအဖြစ်** ဦးခင်မောင်ထွန်း၊ **နည်းပြချုပ်အဖြစ်** ဦးစိုးမြတ်မင်း၊ **လက်ထောက်နည်းပြအဖြစ်**- ဦးအောင်ကျော်ထွန်း၊ ဦးဟန်ဝင်းအောင်၊ **ဂိုးနည်းပြအဖြစ်**- ဦးအောင်သက်၊ **မီဒီယာတာဝန်ခံအဖြစ်** ဦးအောင်ကျော်ကျော်၊ အကြောကျွမ်းကျင်အဖြစ် ဦးမင်းမင်း၊ ကစားသမားများအဖြစ် **ဂိုးသမား**-သီဟစည်သူ၊ မျိုးမင်းလတ်၊ **နောက်တန်း**-ထိုက်ထိုက်အောင်၊ ဟိန်းဖြိုးဝင်း၊ ဝင်းမင်းထွဋ်၊ ဝီလျံ၊ ဇော်လင်း၊ ဟိန်းသီဟဇော်၊ **အလယ်တန်း**-နေလင်းထွန်း၊ တင်ဝင်းအောင်၊ ချစ်စုမိုး၊ ရန်နိုင်ဦး၊ လီဟန်ကွတ်၊ ဇင်မင်းထွန်း၊ **ရှေ့တန်း**-ခရစ္စတိုဖာ၊ ဒွေးကိုကိုချစ်၊ စိုးမင်းဦး၊ ပက်ထရစ်တို့ ပါဝင်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု(F)တွင် အန်ကောာ (ကမ္ဘောဒီးယား)၊ ဆီရက်စ် (ဖိလစ်ပိုင်)၊ ဟုမ်းယူနိုက်တက် (စင်ကာပူ) တို့နှင့် ကျရောက်နေပြီး နှစ်သင်းစလုံး ပထမပွဲတွင် ရှုံးပွဲကြုံတွေ့ထားသည်။ အန်ကောအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းပွဲကို ဖေဖော်ဝါရီ ၂၇ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ဖနောင်ပင်မြို့ရှိ အိုလံပစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

## မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရွှေတွင်းကုန်း မြို့မ ရဲစခန်း၌ မှုခင်းအသိပညာပေး ဟောပြောခြင်းနှင့် သက်ငယ်မုဒိမ်းမှု ကြိုတင်ကာကွယ်ရေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို ရွှေတွင်းကုန်းမြို့မ ရဲစခန်းမှူး ဒုတိယရဲမှူး အောင်ကျော်ဦးက ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များအား သက်ငယ်မုဒိမ်းမှုကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး အကြောင်းများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ဇော် (မြန်မာ့အလင်း)**



## မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးအနည်းငယ်ရွာနိုင်သည်။

**မိုး/ဇလ**



မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်ရှိ ပေးဆပ်သူအခမဲ့ လူမှုကူညီရေးအသင်းရုံးသို့ အလှူရှင် ဦးသိန်းတင်ဦး (စူပါလျှပ်စစ်ပစ္စည်းဆိုင်မိသားစု)က ဖေဖော်ဝါရီ ၂၄ ရက်က ငွေကျပ် သိန်း ၂၃၀ ကျော်တန် လူနာတင်ယာဉ်တစ်စီး လှူဒါန်းမှုအတွက် ဂုဏ်ပြုလွှာပေးအပ်စဉ်။ မင်းမင်းဦး

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ပြည်နယ်နှင့် တိုင်းပိုက်ကျော်ခြင်း၊ ရိုးရာခြင်းလုံးပြိုင်ပွဲနှင့် နွားအလှနှင့် နွားဒုန်းပြိုင်ပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၅**

ဝေရောစန ကျောက်စိမ်းစေတီတော် တတိယအကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အမျိုးသားအသက် ၂၅ နှစ်အောက် သုံးယောက်တွဲနှင့် အမျိုးသားအလွတ်တန်းနှစ်ယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ရိုးရာခြင်းလုံးပြိုင်ပွဲနှင့် နွားအလှနှင့် နွားဒုန်းပြိုင်ပွဲ ပထမဆင့် ပွဲစဉ်ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့၌ အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးကျေးရွာ၌ ဝေရောစန ကျောက်စိမ်းစေတီတော်အနီးရှိ အားကစားပြိုင်ပွဲရုံနှင့် အားကစားကွင်းတို့၌ ကျင်းပသည်။ **(အောက်ပုံ)**

ရိုးရာခြင်းလုံးပြိုင်ပွဲ ၁၀ ပေါက်တန်း၊ ခြောက်ပေါက်တန်းပြိုင်ပွဲတို့တွင် ရွှေမန်းသား(မန္တလေး)၊ ချမ်းမြရွှေစင်(မန္တလေး)၊ အောင်မြေခြင်းရုံ(မန္တလေး)၊ ခေတ်ဆန်းမောင်(မန္တလေး)၊ ဝမ်းတူးတူးဝမ်း(မန္တလေး)၊ ဇေယျာမောင်(စစ်ကိုင်း)၊ ရွှေလင်းမြေ(နတ်တလင်း)၊ ပြည်မြို့နယ် အရုဏ်ဦး(ကရင်ပြည်နယ်)၊ မိတ္ထီလာမြို့နယ်၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းစသည် နာမည်ကြီးပြိုင်ပွဲဝင်ခြင်းအသင်း ၁၂ သင်းတို့က ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၁ ရက်အထိ ခြင်းလုံးအားကစားရုံ၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။



ယနေ့ ကျင်းပသည့် အမျိုးသားနှစ်ယောက်တွဲ အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင် ၂၄ သင်းပါဝင်ခဲ့ကြပြီး ခေတ်ကျောင်းသား အသင်းက ညောင်ဝန်း(ခ)အသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေး(ခ)အသင်းက ရွှေကြက်မင်း(ဂ)အသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေး(က)အသင်းက Jade Mother အသင်းကို နှစ်ပွဲပြတ်၊ ရွှေကြက်မင်း(က)အသင်းက ရွှေကြက်မင်း(ခ)အသင်းကို နှစ်ပွဲပြတ်၊ ကာကွယ်ရေး(ခ)အသင်းက လပခ(cc)အသင်းကို နှစ်ပွဲ တစ်ပွဲ၊ တပ်မတော်ရေအသင်းက ဆင်ရွာမြင်းမှူးအသင်းကို နှစ်ပွဲပြတ်၊ ညောင်ဝန်း (က) အသင်းက သစ္စာရွှေရည်အသင်းကို နှစ်ပွဲပြတ်၊ UPK အသင်းက အင်းတော်အသင်းကို နှစ်ပွဲပြတ်၊ ခေတ်ကျောင်းသားအသင်းက ကာကွယ်ရေး (က)အသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေး (ခ)အသင်းက လပခ Better world အသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေး(က)အသင်းက လယ်ဆည်အသင်းကို နှစ်ပွဲပြတ်နှင့် အင်းဝအသင်းက ရွှေကြက်မင်း(ခ)အသင်းကို နှစ်ပွဲ တစ်ပွဲ အနိုင်ရရှိကြကြောင်းနှင့် ကျန်ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၇ ရက်အထိနှင့် အကြိုဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၈ ရက်၌ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အသက် ၂၅ နှစ်အောက် သုံးယောက်တွဲ ပိုက်ကျော်ခြင်း အမျိုးသားပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၄ သင်း ပါဝင်ယှဉ်ပြိုင်ကြရာ ကချင်(ခ)အသင်းက ဆင်ရွာမြင်းမှူးအသင်းကို နှစ်ပွဲပြတ်၊ ကာကွယ်ရေး(ခ)အသင်းက ကချင်(ခ)အသင်းကို နှစ်ပွဲပြတ်၊ ကချင်(က)အသင်းက ဆန်းညွှန့်(ခ)အသင်းကို နှစ်ပွဲပြတ်၊ UPK အသင်းက အား/ကာသိပ္ပံမန္တလေး(က)အသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေးအသင်းက သမာဓိစစ်ကိုင်းအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ကာကွယ်ရေး(က)အသင်းက ကန့်ဘလူအသင်းကို နှစ်ပွဲပြတ်၊ STU စစ်ကိုင်းအသင်းက လပခ(cc)အသင်းကို နှစ်ပွဲပြတ်၊ A3000 အသင်းက ရွှေကြက်မင်းအသင်းကို နှစ်ပွဲပြတ်၊ ကချင်(ခ)အသင်းက ဆန်းညွှန့်(က)အသင်းကို နှစ်ပွဲပြတ်၊ ကာကွယ်ရေး(ခ)အသင်းက ရွှေဖော်ဂျီ အသင်းကို နှစ်ပွဲပြတ်၊ အား/ကာသိပ္ပံ မန္တလေး(ခ)အသင်းက ဆန်းညွှန့်(ခ)အသင်းကို နှစ်ပွဲပြတ်နှင့် UPK အသင်းက ညောင်ဝန်းအသင်းကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရရှိကြပြီး မတ် ၂ ရက်အထိ ပွဲစဉ်ပြိုင်ပွဲများ ယှဉ်ပြိုင်၍ ဖေဖော်ဝါရီ ၂၈ ရက်တွင် ရှုံးထွက်ပွဲစဉ်များနှင့် တတိယလုပွဲကို ၂၈ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ မတ် ၁ ရက်တွင် ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဆက်လက်၍ နွားလှည်း အငယ်တန်း၊ အကြော့မောင်းပြိုင်ပွဲ ဒုတိယနေ့အဖြစ် အားကစားကွင်းတွင် ယှဉ်ပြိုင်ကြရာ ရွှေဘိုစိန်က ဝိုင်းချစ်ကို လည်းကောင်း၊ ဝရစိန်က ဘာသာစုံကို လည်းကောင်း အကြိတ်အနယ်ယှဉ်ပြိုင် အနိုင်ရရှိကြပြီး ဟိန်းထွန်းအောင်နှင့် ရွှေဗျိုင်း၊ ကမ္ဘာမိုးနှင့် ကျော်ဗိုလ်ဗိုလ်၊ ဘီလူးနှင့် ခွေးလောက်စာ၊ ပြည်တော်ချစ်နှင့် ယမင်းမောင်တို့ အငယ်တန်း နွားရှဉ်းတို့က အကြော့မောင်းယှဉ်ပြိုင်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အမရပူရမြို့နယ်ရှိ တောင်သမန်အင်းနှင့် ဦးပိန်တံတားဝန်းကျင်သန့်ရှင်းရေး စုပေါင်းအမှိုက်ကောက်

**မန္တလေး ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ တောင်သမန်အင်းနှင့် ဦးပိန်တံတား ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် အမှိုက်ကင်းစင်ရေး Clean Mandalay Campaignမှ ဦးဆောင်ကာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ Trash Hero (MDY)အဖွဲ့ဝင်များ၊ ဟိုတယ်လုပ်ငန်းများနှင့်စိတ်ဝင်စားသူများ စုပေါင်း၍ ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက အမှိုက်ကောက်လှုပ်ရှားမှုကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဦးပိန်တံတားပတ်ဝန်းကျင်မှာ အမှိုက်တွေ စည်းကမ်းမရှိ စွန့်ပစ်ထားတော့ ကမ္ဘာလှည့်ခရီးသွားတွေ မြင်သွားရင် မကောင်းဘူး၊ မြန်မာ့ပုံရိပ် မကျဆင်းအောင် အဖွဲ့စုံ စုစည်းပြီး လုပ်ကြတာပါ၊ နောက်ပိုင်းမှာ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီး ဦးပိန်တံတားသာမကဘဲ အခြား ခရီးသွားနယ်မြေတွေမှာ ဆက်လုပ်သွားမယ်၊ ဦးပိန်တံတားမှာ အရင်အဖွဲ့တွေကလည်း အမှိုက်ကောက်တာ လုပ်ကြပါတယ်" ဟု Unique Discovery မှ ဦးသန့်ဇော်က ပြောသည်။

တောင်သမန်နှင့် ဦးပိန်တံတားသည် Tourism Site ဖြစ်၍ နိုင်ငံခြားခရီးသွားများ လာရောက်မှုကြောင့် မြန်မာ့ပုံရိပ် ကောင်းမွန်ရေးအတွက် ရည်ရွယ်ကြောင်း၊ ယနေ့ပြုလုပ်သည့် Campaignတွင် ခရီးသွားလုပ်ငန်းတစ်ခုမှ နိုင်ငံခြားသားများ၊ ရတနာပုံ တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအပြင် ဒေသခံများ သာမကစည်ပင်သာယာကလည်း အမှိုက်ကားဖြင့် ပူးပေါင်းကူညီခဲ့ကြသည်။



အဆိုပါနေရာသို့ လာရောက် လည်ပတ်ကြသည့် နိုင်ငံခြားသား ခရီးသွားများတွင် ခရီးသွားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်တွင်း ခရီးသွားများစသည့် အလွှာပေါင်းစုံပါဝင်ခြင်းကြောင့် နိုင်ငံပုံရိပ် မကျဆင်းစေရန်အတွက် ဒေသခံများနှင့် ပြည်တွင်း ဧည့်သည်များကလည်း စနစ်တကျ အမှိုက်စွန့်ပစ်ကြရန်လိုကြောင်း၊ Tourism Site များတွင် ပထမရည်မှန်းလုပ်ဆောင်ရာမှ နောက်ပိုင်းတွင် အခြားနေရာများ၌လည်း Clean Mandalay Campaign အဖြစ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရခိုင်ပြည်နယ်သတင်း

# အင်ဂျင်နီယာအသင်းခွဲ (စစ်တွေ) နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံနှင့်အမှုဆောင်များ ပြန်လည်ရွေးချယ်

**စစ်တွေ ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ရခိုင်ပြည်နယ် အသင်းခွဲ (စစ်တွေ) နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံနှင့် အမှုဆောင်များပြန်လည်ရွေးချယ်ဖွဲ့စည်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စစ်တွေ ဦးဉတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ရခိုင်ပြည်နယ် အသင်းခွဲ၊ဂုဏ်ထူးဆောင်နာယက ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်တို့က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ CPD, PDP ကော်မတီဥက္ကဋ္ဌ ဦးကိုကိုကြီးက အင်ဂျင်နီယာ ကောင်စီနှင့်ပတ်သက်၍လည်းကောင်း၊ အင်ဂျင်နီယာ အသင်းအထွေထွေအတွင်းရေးမှူး ဦးတင်လတ်က မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ယင်းနောက်




မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးတို့အား အမှတ်တရ လက်ဆောင်များပေးအပ်ပြီး ရခိုင်ပြည်နယ် အသင်းခွဲ၏ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေများ ထည့်ဝင်လှူဒါန်းပေးကြသော စေတနာရှင်၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အင်ဂျင်နီယာ အသင်း ခွဲ(စစ်တွေ) ဗဟို အလုပ်အမှုဆောင်ကော်မတီဝင်များ စာရင်းကိုဖတ်ကြားကြေညာပြီး စစ်တွေ အသင်းခွဲဥက္ကဋ္ဌ ဦးခင်မောင်မြင့်က မိတ်ဆက်စကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လု၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ CPD, PDP ကော်မတီဥက္ကဋ္ဌနှင့် ရခိုင်ပြည်နယ် အင်ဂျင်နီယာအသင်းခွဲ(စစ်တွေ) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မာန်အောင်မြို့နယ် ကအီးကျေးရွာ၌ လူနေအိမ်တစ်လုံး မီးလောင်

**မာန်အောင် ဖေဖော်ဝါရီ ၂၅**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ကအီးကျေးရွာ၌ ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ က လူနေအိမ်တစ်လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာမွန်းလွဲ ၁၂ နာရီခွဲခန့်က ကအီးကျေးရွာနေ ဒေါ်မအေးရွှေမှာ ပင်လယ်ကမ်းစပ်တွင် ငါးသွားလှန်းနေစဉ် သမက်ဖြစ်သူ ရှိပတ်စီ ရောက်ရှိလာပြီး ဒေါ်မအေးရွှေ နေအိမ်ကို မီးရှို့ထွက်ပြေးသွားခဲ့သဖြင့် ရွာသားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် နေအိမ်တစ်လုံးဆုံးရှုံးသွားပြီး မီးရှို့သူ ရှိပတ်စီအား ဆားချက်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ ထပ်ဆင့်ရှင်းလင်း

**ပဲခူး ဖေဖော်ဝါရီ ၂၅**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တရားရေးဦးစီးမှူးများ၏ (၁၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။ **(ယာပုံ)**




အဆိုပါ ရှင်းလင်းပွဲတွင် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက တရားစီရင်ရေးသုံးနှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇) ကို ရေးဆွဲ၍ နှစ်အလိုက် လုပ်ငန်းစဉ်များချမှတ်ပြီး တရားစီရင်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ တရားစီရင်ရေးဆိုင်ရာ ပြောင်းလဲမှုလုပ်ငန်းသည် ရေရှည်စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သဖြင့် အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့ ဆောင်ပုဒ်နှင့်အညီ တရားစီရင်ရေးငါးနှစ်တာမဟာဗျူဟာ စီမံကိန်း (၂၀၁၈-၂၀၂၂)ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များက ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ကာ မိမိတို့ ကျရာကဏ္ဍမှ ပေးအပ်သည့်တာဝန်များကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန်နှင့် တရားရုံးအဆင့်ဆင့်၏ တာဝန်သိ တာဝန်ခံယူမှု၊ အနီးကပ်ကြီးကြပ်မှု၊ စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်မှုများဖြင့် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ ပြောကြားချက်ကို ထပ်ဆင့်မှာကြားသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး တရားလွှတ်တော်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများကို တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးတရားရေးဦးစီးမှူးတို့က ထပ်ဆင့်ရှင်းလင်းရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ ခရိုင်တရားသူကြီးများနှင့် တိုင်းဒေသကြီးအတွင်းရှိ တရားရေးအရာရှိ စုစုပေါင်း ၁၀၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

# ကျောက်ကပ်သွေးဆေးစက်နှင့် ဆက်စပ်ပစ္စည်းများ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲပြုလုပ်

**သထုံ ဖေဖော်ဝါရီ ၂၅**

မွန်ပြည်နယ် သထုံခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ကျောက်ကပ်သွေးဆေးစက် (Haemodialysis Unit) နှစ်စုံနှင့် ဆက်စပ်ပစ္စည်းများအား လွှဲပြောင်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရောဂါဝေဒနာရှင်များအနေဖြင့် ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် လွယ်လင့်တကူ ကျောက်ကပ်ဆေး ကုသနိုင်ခြင်းဖြင့် အချိန်ကုန်၊ ငွေကုန်သက်သာပြီး လျင်မြန်စွာ ပျောက်ကင်းနိုင်စေရန် ရည်ရွယ်ကာ လှူဒါန်းရခြင်းဖြစ်ကြောင်း ကျောက်ကပ်သွေးဆေးစက် အလှူရှင်ဖြစ်သူ ဟာဂျီမ ဒေါ်တိုးကြည်က ပြောသည်။

ဆက်လက်၍ အလှူရှင်များက ကျောက်ကပ်သွေးဆေးစက် နှစ်စုံနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်က ဒေသခံများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ကျောက်ကပ်သွေးဆေးစက်နှစ်စုံနှင့် ဆက်စပ်ပစ္စည်းများမှာ ငွေကျပ်သိန်းပေါင်း ၅၈၇ သိန်းကျော် ကုန်ကျခဲ့ပြီး လွှဲပြောင်းပေးအပ်ပွဲသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# သောင်တူးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်၍ သတ်မှတ်ဧရိယာအတွင်း ဝင်ရောက်ခြင်းမပြုရန် ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော South-East Asia Crude Oil Pipeline Company Limited သည် MMIP Waterway Maintenance Dredging Project အရ မြေသားစုပုံခြင်းလုပ်ငန်းကို Dredger HAM 312 ရေယာဉ်ဖြင့် လာမည့် မတ် ၁ ရက်မှ မေ ၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Dredging ပြုလုပ်မည့်လုပ်ငန်းဧရိယာ တည်နေရာများမှာ Point HN1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၀၄ ဒသမ ၄၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၀ မိနစ် ၃၉ ဒသမ ၀၃ စက္ကန့်၊ Point HN2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၃၃ ဒသမ ၁၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၈ မိနစ် ၁၉ ဒသမ ၅၈ စက္ကန့်၊ Point HN3 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၄၀ ဒသမ ၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၇ မိနစ် ၅၆ ဒသမ ၄၉ စက္ကန့်၊ Point HN4 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၅၂ ဒသမ ၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၇ မိနစ် ၃၅ ဒသမ ၈၂ စက္ကန့်၊ Point HN5 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၀၈ ဒသမ ၇၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၇ မိနစ် ၁၈ ဒသမ ၈၃ စက္ကန့်၊ Point HN6 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၂၃ ဒသမ ၃၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၂၄ ဒသမ ၆၃ စက္ကန့်၊ Point HN7 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၉ မိနစ် ၅၄ ဒသမ ၂၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၀ မိနစ် ၄၃ ဒသမ ၁၀ စက္ကန့်။

Point HS1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၅၃ ဒသမ ၀၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၀ မိနစ် ၃၆ ဒသမ ၄၂ စက္ကန့်၊ Point HS2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၃၀ ဒသမ ၁၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၇ မိနစ် ၃၅ ဒသမ ၆၉ စက္ကန့်၊ Point HS3 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၄၃ ဒသမ ၃၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၃၉ ဒသမ ၃၂ စက္ကန့်၊ Point HS4 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၀၂ ဒသမ ၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၂၃ ဒသမ ၉၉ စက္ကန့်၊ Point HS5 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၁၅ ဒသမ ၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၀၃ ဒသမ ၄၇ စက္ကန့်၊ Point HS6 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၂၂ ဒသမ ၇၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၄ မိနစ် ၄၂ ဒသမ ၃၄ စက္ကန့်၊ Point HS7 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၉ မိနစ် ၄၄ ဒသမ ၁၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၀ မိနစ် ၄၀ ဒသမ ၂၃ စက္ကန့်။

Point GN1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၂၁ ဒသမ ၀၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၁ မိနစ် ၃၄ ဒသမ ၇၅ စက္ကန့်၊ Point GN2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၅၈ ဒသမ ၅၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၁ မိနစ် ၀၇ ဒသမ ၂၈ စက္ကန့်၊ Point GS1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၀၄ ဒသမ ၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၁ မိနစ် ၃၀ ဒသမ ၈၀ စက္ကန့်၊ Point GS2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၅၉ ဒသမ ၅၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၁ မိနစ် ၂၂ ဒသမ ၉၃ စက္ကန့်နှင့် Point GS3 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၀၀ ဒသမ ၉၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၁ မိနစ် ၁၄ ဒသမ ၃၄ စက္ကန့်အထိလည်းကောင်း။


မြေသားစုပုံမည့် ဧရိယာ (Toss mud Area) တည်နေရာများမှာ Area(A) Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၁ မိနစ် ၄၇ ဒသမ ၂၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၃ မိနစ် ၂၀ ဒသမ ၈၂ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၁ မိနစ် ၄၇ ဒသမ ၂၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၃ မိနစ် ၂၀ ဒသမ ၈၂ စက္ကန့်တွင်လည်းကောင်း၊ Area(B)Point B1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၇ မိနစ် ၂၉ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ် ၃၀ ဒသမ ၅၆ စက္ကန့်၊ Point B2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၇ မိနစ် ၁၀ ဒသမ ၃၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၄ မိနစ် ၂၄ ဒသမ ၂၀ စက္ကန့်တွင်လည်းကောင်း။


ရာသီဥတုဘေးအန္တရာယ်ခိုလှုံမည့်နေရာ (Shelter Anchorage) တည်နေရာများမှာ Shelter(1) Center Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၂၀ ဒသမ ၂၀၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၇ မိနစ်၀၅ ဒသမ ၇၄၂၀ စက္ကန့်၊ Shelter(2) Center Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၄၅ ဒသမ ၄၆၄၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၉ မိနစ် ၁၀ ဒသမ ၇၇၇၉ စက္ကန့်၊ Shelter(3) Center Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၄၃ ဒသမ ၉၅၀၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၉ မိနစ် ၃၆ ဒသမ ၆၇၈၃ စက္ကန့်နှင့် Shelter(4) Center Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၄၃ ဒသမ ၈၉၇၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၉ မိနစ် ၅၈ ဒသမ ၆၄၈၃ စက္ကန့်တွင် လည်းကောင်း။


သင်္ဘောများ အန္တရာယ်ကင်းလွတ်နေရာ (Beaching area) တည်နေရာများမှာ AREA (1)PointA မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၀၈ ဒသမ ၈၁၈၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၄ မိနစ် ၄၀ ဒသမ ၈၃၈၁ စက္ကန့်၊ PointB မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၀၃ ဒသမ ၁၈၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၄ မိနစ် ၃၉ ဒသမ ၆၃၂၉ စက္ကန့်၊ PointC မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၅ ဒသမ ၁၆၀၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၀၉ ဒသမ ၁၅၆၁ စက္ကန့်နှင့် PointD မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၀၇ ဒသမ ၄၀၀၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၀၉ ဒသမ ၀၁၂၈ စက္ကန့်တွင်လည်းကောင်း၊ AREA(2)PointA မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၈ ဒသမ ၉၉၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၁၄ ဒသမ ၇၆၆၀ စက္ကန့်၊ PointB မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၂ ဒသမ ၈၆၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၁၄ ဒသမ ၈၁၁၈ စက္ကန့်၊ PointC မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၄ ဒသမ ၂၁၄၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၃၁ ဒသမ ၆၀၁၆ စက္ကန့်နှင့် PointD မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၉ ဒသမ ၀၉၇၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၃၁ ဒသမ ၄၆၁၉ စက္ကန့်တို့တွင် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ MMIP Waterway Maintenance Dredging Project အရ မြေသားစုပုံခြင်းလုပ်ငန်းကို Dredger HAM 312 ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၅၀၀ မီတာပတ်လည်အတွင်းနှင့် ရာသီဥတုဘေးအန္တရာယ် ခိုလှုံမည့်နေရာ (Shelter Anchorage)၊ သင်္ဘောအန္တရာယ်ကင်းလွတ်နေရာ (Beaching area) ဧရိယာမှ ၂၅၀ မီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင် စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

**မြန်မာ့အလင်း**



## ကျောက်မဲမြို့နယ်၌ ကားတစ်စီးအား လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က သေနတ်ဖြင့် ဝိုင်းဝန်းပစ်ခတ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ် ကျောက်မဲမြို့နယ် ကျောင်းကုန်းကျေးရွာနှင့် နောင်ပြစ်ကျေးရွာလမ်းခွဲအနီး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်- ၈၉/၀ ၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁ နာရီခွဲက နောင်ချိုမှကျောက်မဲသို့ ကျွဲ၊ နွားများသယ်ဆောင်လာသည့် ကုန်တင်ယာဉ်တစ်စီးအား လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က သေနတ်ဖြင့် ဝိုင်းဝန်းပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ နံနက်ပိုင်းက အောင်ပန်းမြို့ အေးမြင့်သာယာရပ်ကွက်နေ အာကာဟိန်း (၂၃ နှစ်) မောင်းနှင်ပြီး (၃)ရပ်ကွက်နေ တင်ထူး(၂၅ နှစ်) ပါ သုံးဦးလိုက်ပါလာသည့် ကျွဲ၊ နွားများ သယ်ဆောင်လာသော 2M/---- ၁၂ ဘီးယာဉ်သည် ပေါက်ကွဲသံကြားသဖြင့် လေအိတ်ပေါက်သည်ဟုထင်၍ ယာဉ်အားရပ်တန့်စဉ် လမ်းဝဲဘက်ခြမ်းကုန်းပေါ်မှ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့(စိစစ်ဆဲ)က လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ရာ ယာဉ်ကိုထား၍ ထွက်ပြေးခဲ့ရပြီး အာကာဟိန်းပါ သုံးဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ကျောက်မဲပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကာ တင်ထူးအား နောင်ချိုဆေးရုံမှ ပြင်ဦးလွင်ဆေးရုံသို့လည်းကောင်း၊ ထိုမှတစ်ဆင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ထပ်မံလွှဲပြောင်း၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

## မိုင်းပေါက်ကွဲမှုကြောင့် ကျောင်းသားတစ်ဦးဒဏ်ရာရ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၅**

ကချင်ပြည်နယ် ကာမိုင်းမြို့နယ်တွင် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့မှုကြောင့် ဆယ်တန်းကျောင်းသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီခန့်က ကာမိုင်းမြို့နယ်ရှိ လဝါးကျေးရွာအုပ်စု ခွန်ဆန်ယန်ကျေးရွာ၏ အရှေ့မြောက်ဘက် လေးဖာလုံခန့်အကွာတွင် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့မှုကြောင့် ဝါးခုတ်ရန် ရောက်ရှိလာသည့် ဆယ်တန်းကျောင်းသား ဇိန်ထုံးလဆန် (၁၆နှစ်)တွင် မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မိုင်းထိခိုက်ဒဏ်ရာရရှိခဲ့သူလူနာအား မြစ်ကြီးနားဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ဆေးကုသမှုခံယူနေကြောင်း သိရသည်။

**မင်းမင်းဦး**

## အရှိန်မထိန်းနိုင်သောယာဉ် လမ်းဘေးဓာတ်တိုင်နှင့် ဆိုင်းဘုတ်တို့အား ဝင်ရောက်တိုက်မိ၍ ရှစ်ဦးဒဏ်ရာရ



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုကားလမ်းအတိုင်း သပြေကုန်းအဝိုင်းဘက်မှ စည်ပင်ရိပ်သာဘက်သို့ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အေးသာယာမြို့သစ် ရပ်ကွက်ကြီး-၁၀ နေ မောင်မောင်အေး (၃၄ နှစ်) မောင်းနှင်လာသော 8I/----ကြယ်တံခွန် ခရီးသည်တင်ယာဉ်သည် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီခွဲက အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်ရှိ ဓာတ်တိုင်နှင့် ပျိုးဥယျာဉ်ဆိုင်းဘုတ်တို့အား ဝင်ရောက်တိုက်မိခဲ့သည်။ **(ဓာတ်ပုံ)**

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသော ဇေယျာသီရိမြို့နယ် ကံဦးရွာနေ အောင်ဌေး(၂၄ နှစ်)ပါရှစ်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ယာဉ်မောင်း မောင်မောင်အေးအား ဇမ္ဗူသီရိမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ သိမ်းဆည်းရမိ

**ကသာ ဖေဖော်ဝါရီ ၂၅**

ကသာမြို့နယ် လမ်းခွကျေးရွာ ပင်းမလွတ်ကျေးရွာ မီးရထား သံလမ်းကူးနေရာတွင် ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၅ နာရီခွဲက ဘိန်းဖြူ ၁၁၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ သယ်ဆောင်လာသူနှစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု -၆ ကသာမှ ဒုရဲမှူး မြင့်နိုင်ဦးနှင့်တပ်ဖွဲ့ဝင်များသည် ကသာမြို့ဘက်မှ ဆိုင်ကယ်တစ်စီးဖြင့် ဝေယံအောင်နှင့် ဌေးလွင်တို့ထံမှ ဘိန်းဖြူဆပ်ပြာခွက် ၁၁ ခွက် ၁၁၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ ခန့်အား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ ဗန်းမောက်မြို့နယ် အောင်သာကုန်းကျေးရွာနေသူများဖြစ်သည့် ဌေးလွင် (၄၈ နှစ်)နှင့် ဝေယံအောင် (၂၆ နှစ်)တို့ကို ကသာမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

## မန္တလေးမြို့ပေါ်၌ ဆိုင်ကယ်နှင့်ဖုန်းများ ခိုးယူနေသူအား ဖမ်းဆီးရမိ

**မန္တလေး ဖေဖော်ဝါရီ ၂၅**

မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း ဆိုင်ကယ်များ လိုက်လံခိုးယူနေသူအား ဖမ်းဆီးရမိခဲ့ပြီး ဆိုင်ကယ်သုံးစီးနှင့် လက်ကိုင်ဖုန်းခိုးယူမှုများ ပေါ်ပေါက်ခဲ့ကြောင်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ၂၁ ရက် ညနေပိုင်းက တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူတပ်ဖွဲ့ခွဲမှ ရဲအုပ်အောင်နိုင်ဦး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ရပ်ကွက်များအတွင်း ဆိုင်ကယ်များ လိုက်လံခိုးယူသူ အမရပူရမြို့နယ် သပွတ်ပင်ရပ်ကွက်နေသူ မျိုးကို (၂၀နှစ်)အား အောင်မြေသာစံမြို့နယ် ၁၉ လမ်းနှင့် ၈၉ လမ်းထောင့်တွင် မသင်္ကာဖွယ်တွေ့ရှိခဲ့သည်။

၎င်းအား စစ်ဆေးရာ လွန်ခဲ့သော တစ်လခန့်က အမရပူရမြို့နယ် ရွှေကြက်ယက်ဘုရား တံတားဖြူအနီး လမ်းမပေါ်တွင် ရပ်ထားသော TOYO- MAX 125 ဆိုင်ကယ်တစ်စီးကို ခိုးယူခဲ့ပြီး အောင်မြေသာစံမြို့နယ် မင်္ဂလာတောင်ညွန့်ရပ်ကွက်နေသူ ကိုခင်ဇော်ဆိုသူထံတွင် ငွေကျပ် ၄၀၀၀၀ ဖြင့် ပေါင်နှံထားကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ရာ ကိုခင်ဇော်၏နေအိမ်မှ အဆိုပါဆိုင်ကယ်ကို ပြန်လည်သိမ်းဆည်းခဲ့ရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူ မျိုးကို ကို အမရပူရမြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။

ဖေဖော်ဝါရီ ၂၄ ရက်က ပြစ်မှုကျူးလွန်သူ မျိုးကို ကို ဆက်လက်စစ်မေးရာ ၎င်းသည် လွန်ခဲ့သော နှစ်လခွဲကျော်ခန့်က ချမ်းအေးသာစံမြို့နယ် ၃၃ လမ်းနှင့် ၈၆ လမ်းထောင့် ရွှေတချောင်းမြောင်းဘေးအနီးတွင် ရပ်ထားသည့် TOYOMAX 125 ဆိုင်ကယ်တစ်စီးကို ခိုးယူခဲ့ပြီး ချမ်းအေးသာစံမြို့နယ်နေသူ ကိုကျော်ဇင်လင်းထံတွင် ငွေကျပ် ၁၁၀၀၀၀ ဖြင့် ရောင်းချထားကြောင်း ထပ်မံစစ်ဆေး ပေါ်ပေါက်ရာ ကိုကျော်ဇင်လင်း၏ နေအိမ်မှ အဆိုပါဆိုင်ကယ်ကို ပြန်လည်သိမ်းဆည်းခဲ့ပြီး ပြစ်မှုကျူးလွန်သူ မျိုးကို ကို အမှတ်-၆ နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူခဲ့သည်။ မျိုးကိုအား ဆက်လက်စစ်ဆေးမေးမြန်းရာ စုစုပေါင်း ဆိုင်ကယ်သုံးစီးနှင့် ဖုန်းငါးလုံးကို ခိုးယူထားကြောင်း ထွက်ဆိုသဖြင့် သက်သေခံပစ္စည်းများကို ဆက်လက်သိမ်းဆည်းခဲ့ပြီး သက်ဆိုင်ရာနယ်မြေ ရဲစခန်းများတွင် အမှုဖွင့်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ကွန်ဟိန်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၆ နာရီက ကွန်ဟိန်းမြို့ အမှတ်-၃ ရပ်ကွက် စွယ်တော်လမ်းနေ မနန်းနေ(ခ)မနန်းနွမ်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၊ ဘိန်းစိမ်း ၁၉၆ ဂရမ်၊ မပါရှန်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၊ ဘိန်းစိမ်း ၄၉ ဂရမ်၊ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် ၈ ကျပ် ၃ ပဲနှင့် ငွေကျပ် ၁၂ သိန်းတို့ကို လည်းကောင်း၊ ထို့အတူ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီခွဲက မိုးမိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် နမ်းပန်းသစ်တောကြိုးဝိုင်းအတွင်း ဇေဖြိုးအောင် မောင်းနှင်လာသော ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ နှင့် ငွေကျပ် ၁၁၂၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## မိုးညှင်းမြို့နယ်၌ အမိုနီယမ်နိုက်ထရိတ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ညောင်ကိုင်းကျေးရွာအနီး ပြည်ထောင်စုလမ်းမပေါ်၌ ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၆ နာရီခွဲက နယ်မြေခံတပ်မှ တပ်မတော်သားများသည် သတင်းအရ ယာဉ်များအား စစ်ဆေးဆောင်ရွက်နေစဉ် အမိုနီယမ်နိုက်ထရိတ်များ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၄ ရက် ညနေပိုင်းက မန္တလေးဘက်မှ မိုးညှင်းဘက်သို့ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကံမကျေးရွာနေ ကိုလွင်(၃၄ နှစ်) မောင်းနှင်လာသည့် 3B/----- ဆီဘောက်ဆာ ၁၀ ဘီးယာဉ်အားစစ်ဆေးနေစဉ် ယာဉ်မောင်း ကိုလွင်မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ဆီဘောက်ဆာအတွင်းမှ 40 Kg ပါ အမိုနီယမ်နိုက်ထရိတ် ၁၇၇ အိတ်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဆီဘောက်ဆာယာဉ်နှင့် အမိုနီယမ်နိုက်ထရိတ်များအား ထိန်းသိမ်းထားရှိကြောင်းနှင့် ကိုလွင်အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

## မရမ်းချောင်ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်ရှာဖွေရာမှ လိုင်စင်မဲ့ မော်တော်ယာဉ်ဖမ်းမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၈၅၀၊ သွင်းကုန် ၇၅၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂ စီး၊ သွင်းကုန် ၁၂၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၄ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၉၅၀ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၂၄ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်ကွင်းလမ်းဖြစ်သည့် ကွာရီကျေးရွာအနီး ပျဉ်းကတိုးကုန်းသချိုင်းလမ်း ရော်ဘာတောအတွင်း ရှောင်တခင်သွားရောက်စစ်ဆေးခဲ့ရာ ရပ်တန့်ထားသော တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ TOYO- TA WISH မော်တော်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တရားမဝင်သယ်ဆောင်လာသော သစ်နှင့်သစ်ခွဲသားများ သိမ်းဆည်းရမိ

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းခရိုင် မှုခင်းနှိမ်နင်းရေးတပ်ဖွဲ့ဝင်များနှင့် ဆားတောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၃ နာရီခွဲက ဆားတောင်မြို့ သာယာရွှေကူရပ်တွင် **MDY 6C** /----ဟွန်ဒိုင်းယာဉ်အား စစ်ဆေးရာ ယာဉ်မောင်းထွန်းထွန်းမင်းနှင့် သော်တာဆွေ(ခ)ပေလုံးတို့ကို တွေ့ရှိရပြီး ယာဉ်ပေါ်တွင် တရားမဝင် ကျွန်းတံခါးချပ် ၄၂ ချပ် (၀ ဒသမ ၆၀၇၂တန်)၊ ကျွန်းသစ်ခွဲသား ၁၂၅၇ ချောင်း(၁ ဒသမ ၆၇၅၂ တန်) စုစုပေါင်း ၂ ဒသမ ၂၈၂၄ တန်ကို သိမ်းဆည်းရမိခဲ့သဖြင့် ဆားတောင်နယ်မြေ ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **(ဓာတ်ပုံ)**

အလားတူ ယင်းနေ့ နံနက် ၁ နာရီ မိနစ် ၂၀ ခန့်က ပူးပေါင်းအဖွဲ့များ စောင့်ဆိုင်းနေစဉ် အုန်းတောကျေးရွာ အရှေ့ဘက်တွင် ရွှေဘိုဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း အောင်ကျော်ကျော်နှင့် ယာဉ်နောက်လိုက် သိန်းမင်းထွေးလိုက်ပါလာသော YGN 3I/-----ယာဉ်အား စစ်ဆေးရာ တရားမဝင်တမလန်းခားရွှေတုံး၂၃ တုံး (၀ ဒသမ ၆၁၃၀ တန်)သိမ်းဆည်းရမိခဲ့သဖြင့် ရွာသစ်ကြီးနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ညောင်လေးပင်၌ လျှပ်စစ်ဝိုင်ယာကြိုးအပူလွန်ကဲ၍ မီးလောင်မှုဖြစ်

**ညောင်လေးပင် ဖေဖော်ဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ-၃ ရပ်ကွက် ခရစ်ယာန်သင်္ချိုင်းဝင်းတွင်း၌ ဖေဖော်ဝါရီ ၂၄ ရက် ည ၈ နာရီခွဲခန့်က လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲ၍ ရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ခရစ်ယာန်သင်္ချိုင်းအတွင်း၌နေထိုင်သူ ဦးအေးငွေ(၄၅ နှစ်)၏ အိမ်ပေါ်တွင် သွယ်တန်းထားသည့် ဝိုင်ယာကြိုး အပူလွန်ကဲရာမှ ရှော့ဖြစ်ပြီး မီးစတင်လောင် ခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် အိမ်တစ်လုံးဆုံးရှုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိ ခြင်းမရှိဘဲ ည ၉ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းခဲ့သည်။ မီးလောင်ရာသို့ ညောင်လေးပင်မီးသတ်စခန်းမှ မီးသတ်ကားသုံးစီးနှင့် သန္ဓေမီးသတ်ဦးစီး ဦးသိန်းထိုက်ဦးဆောင်သောတပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**

# ဆီးရီးယား၌ ရက် ၃၀ ကြာအပစ်အခတ်ရပ်စဲရေးကို လုံခြုံရေးကောင်စီအတည်ပြု

**ဂျီနီဗာ ဖေဖော်ဝါရီ ၂၅**

ဆီးရီးယားရှိ သူပုန်များထိန်းချုပ်ထားသည့်ဧရိယာတွင် သေဆုံးသူအရေအတွက် ဆက်လက်မြင့်တက်လာလျက်ရှိရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဆီးရီးယား၌ ရက် ၃၀ ကြာ အပစ်အခတ်ရပ်စဲရေးကို တောင်းဆိုထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဆီးရီးယားနှင့် ရုရှားအင်အားစုများသည် ဒမတ်စကတ်မြို့အနီးရှိ အရှေ့ဂူတာကို တိုက်ခိုက်မှုများ လုပ်ဆောင်နေသည်မှာ ရက်သတ္တပတ်တစ်ပတ်ခန့်ကြာ မြင့်ခဲ့ပြီဖြစ်သည်။

အဆိုပါဧရိယာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ ယိုယွင်းပျက်စီးလျက်ရှိသည်။ မကြာသေးမီကပင် တိုက်ပွဲဖြစ်ပွားမှုများကြောင့် ကလေးငယ်များအပါအဝင်အရပ်သား ၅၀၀ ကျော်တို့ သေဆုံးခဲ့ရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်များသည် ပဋိပက္ခဖြစ်ပွားသည့်နေရာ သို့ အကူအညီပေးအဖွဲ့များနှင့် ဆေးဝါးကုသရေး ကယ်ဆယ်ရေးအဖွဲ့များကို ဝင်ရောက်ခွင့်ပြုပေးနိုင်ရန်အတွက် အပစ်အခတ်ရပ်စဲရေးဆုံးဖြတ်ချက်ကို အတည်ပြုနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ခဲ့ကြသည်။

လုံခြုံရေးကောင်စီသည် နောက်ဆုံးတွင် အပစ်အခတ်ရပ်စဲရေးကို နှောင့်နှေးကြန့်ကြာစေခြင်း မရှိဘဲ အမြန်ဆုံး အကောင်အထည်ဖော်ရန် တောင်းဆိုထားသည့် ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့သည်။

သို့သော် အပစ်အခတ်ရပ်စဲရေး မည်သည့်အချိန်တွင် စတင်သက်ရောက်မည်နှင့် ပတ်သက်၍ အသေးစိတ်ဖော်ပြခဲ့ခြင်း မရှိသေးပေ။

အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်၍ ဆီးရီးယားအစိုးရကို ကျောထောက်နောက်ခံပေးထား သည့်ရုရှား၏ထောက်ခံချက်ကိုရရှိရန် ကြိုးပမ်းနေရမှုများကြောင့် မဲပေးရန်နှောင့်နှေးကြန့်ကြာမှု ဖြစ်ပွားခဲ့သည်။




အမေရိကန်ဆိုင်ရာ ကုလသမဂ္ဂသံတမန် နစ်ကီဟာလေက လုံခြုံရေးကောင်စီသည် ရုရှားကိုစောင့်ဆိုင်းနေရသည့်အတွက် ပြည်သူများပိုမိုထိခိုက်ခံစားခဲ့ရသည်ဟု ဒေါသတကြီး ပြောကြားခဲ့သည်။

မော်စကို၏ အချိန်ဆွဲနေမှုကြောင့်ပြည်သူတို့၏အသက်များ ဆုံးရှုံးရမည်မှာ မဖြစ်သင့်ကြောင်း ၎င်းက ပြောခဲ့သည်။

ဆီးရီးယားနိုင်ငံဆိုင်ရာကုလသံတမန်ဘာရှာဂျာအာဖရီက ၎င်း၏နိုင်ငံသည် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရန် အခွင့်အရေးရှိကြောင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ဆက်လက်ဆန့်ကျင်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တရုတ်စီးပွားရေး ကုမ္ပဏီများအား ပိတ်ဆို့မှုကို ရပ်တန့်ရန် အမေရိကန်ကို သတိပေး

**ပေကျင်း ဖေဖော်ဝါရီ ၂၅**

တရုတ်နိုင်ငံသည် ၎င်း၏စီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂိုလ်များအားပိတ်ဆို့မှုများလုပ်ဆောင်နေသည့် မှားယွင်းသောအပြုအမူများကို ချက်ချင်းရပ်တန့်ရန် အမေရိကန်အား စနေနေ့တွင်သတိပေးခဲ့ကြောင်း သိရသည်။

အမေရိကန်သည် ပြီးခဲ့သည့်သောကြာနေ့က မြောက်ကိုရီးယားနိုင်ငံအား အကြီးအကျယ် ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့ပြီး ပိတ်ဆို့မှုများသည် ရေယာဉ် ၅၆ စင်း၊ သင်္ဘောကုမ္ပဏီများနှင့် ကုန်သွယ်ရေးလုပ်ငန်းစုများကို ပစ်မှတ်ထားခဲ့ပြီး ယင်းပိတ်ဆို့မှုများတွင် တရုတ်နိုင်ငံမှ ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များလည်း ပါဝင်ခဲ့သည်။




အမေရိကန်က တရားစီရင်ပိုင်ခွင့်ကို စွဲကိုင်ကာ စီရင်ဆုံးဖြတ်နေမှုများနှင့် ၎င်း၏ ပြည်တွင်းဥပဒေကို အခြေခံလျက် တရုတ်စီးပွားရေးကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များကို တစ်ဖက်သတ်ဆန်စွာပိတ်ဆို့မှုများ လုပ်ဆောင်နေမှုကို တရုတ်နိုင်ငံက လုံးဝဆန့်ကျင်ကန့်ကွက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဂမ်ရှောင်ကပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ၎င်း၏တာဝန်ဝတ္တရားများကို ဖြည့်ဆည်းသည့်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံအပေါ် ကုလသမဂ္ဂ၏အရေးယူဆောင်ရွက်မှုများကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် လုပ်ဆောင်ခဲ့ပြီး ကုလသမဂ္ဂ၏ အရေးယူဆောင်ရွက်ချက်များကို ချိုးဖောက်သည့် မည်သည့် အပြုအမူမျိုးတွင်မျှ တရုတ်ပြည်သူများနှင့် တရုတ်ကုမ္ပဏီများ အနေဖြင့် ပါဝင်ခွင့်ပြုလိမ့်မည် မဟုတ်ကြောင်း ဂမ်ရှောင်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အမေရိကန်နှင့် ဩစတြေးလျတို့ စီးပွားရေးနှင့်လုံခြုံရေးတို့တွင် ပိုမိုရင်းနှီးဆက်ဆံသွားကြရန် အလေးအနက်ကတိပြု

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် ဩစတြေးလျဝန်ကြီးချုပ်မယ်လ်ကွန်တန်ဘူနှင့် တွေ့ဆုံခဲ့ကာ နှစ်နိုင်ငံအတွင်း စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာများတွင် ပိုမိုနီးကပ်စွာဆက်ဆံသွားကြရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ထရန့်က အကြမ်းဖက်ဆန့်ကျင်တိုက်ဖျက်ရေး၊ ကုန်သွယ်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးတို့တွင် မဟာမိတ်နှစ်နိုင်ငံအကြား ရာစုနှစ်တစ်ခုခန့် ရှည်ကြာစွာဆက်ဆံခဲ့မှုကို ချီးကျူးဂုဏ်ပြုစကား ပြောကြားခဲ့သည်။

တွေ့ဆုံမှုသည် နှစ်ဖက်စလုံးအတွက် ကောင်းမွန်သောလုပ်ဆောင်ချက်များ ပေါ်ထွန်းအောင် ကူညီပေးလိမ့်မည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ်မယ်လ်ကွန်တန်ဘူက ပြောကြားခဲ့သည်။

ဩစတြေးလျနှင့် အမေရိကန်ကုမ္ပဏီများသည် စွမ်းအင်ထုတ်လုပ်ရေးနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင် အတူတကွလုပ်ကိုင်ဆောင်ရွက်နေကြောင်း တန်ဘူလ်ကပြောသည်။

အိမ်ဖြူတော်၌တွေ့ဆုံခဲ့သည့်အတွင်း တန်ဘူလ်က အမေရိကန်၏အခြေခံအဆောက်အအုံဆောင်ရွက်မှု၌ ဩစတြေးလျနိုင်ငံပြည်သူများ၏ပင်စင်ရန်ပုံငွေများကို ရင်းနှီးမြှုပ်နှံရာတွင် ၎င်းအနေဖြင့် စိတ်ပါဝင်စားမှုကိုဖော်ပြခဲ့ကြောင်း အိမ်ဖြူတော်မှ ဖော်ပြချက်အရ သိရသည်။

ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး၏ နောက်ထပ် စိတ်ပါဝင်စားမှုတစ်ခုဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။ ဩစတြေးလျနိုင်ငံသည်အမေရိကန်မှထုတ်လုပ်သည့် ကာကွယ်ရေးသုံးပစ္စည်း ကိရိယာများကို ဝယ်ယူသည့်ထိပ်တန်း နိုင်ငံ ၁၀ ခုအနက် တစ်ခုအပါအဝင် ဖြစ်သည်။

**ဆင်ဟွာ**

# မြောက်ကိုရီးယား အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တောင်ကိုရီးယားသို့ ရောက်ရှိ

**ပြုံယမ်း ဖေဖော်ဝါရီ ၂၅**

တောင်ကိုရီးယားနိုင်ငံ၌ကျင်းပသည့် ပြုံချမ်းအိုလံပစ်အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ရန် မြောက်ကိုရီးယားအဆင့်မြင့်အရာရှိကိုယ်စားလှယ်အဖွဲ့ တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာကြောင်း သိရသည်။

ကိုယ်စားလှယ်အဖွဲ့ကို မြောက်ကိုရီးယားမှ အာဏာရအလုပ်သမားပါတီ၏ဒုတိယဥက္ကဋ္ဌ ကင်ယောင်ချိုက ဦးဆောင်ခဲ့သည်။ အဖွဲ့ဝင်ရှစ်ဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တနင်္ဂနွေနေ့နံနက်ပိုင်းတွင် ရောက်ရှိလာခဲ့သည်။

ကင်သည် လက်ရှိတွင်ကိုရီးယားနှစ်နိုင်ငံကိစ္စရပ်များကို စီမံညွှန်ကြားနေသူဖြစ်ပြီး မြောက်ကိုရီးယား၏စစ်ရေးထောက်လှမ်းမှုအေဂျင်စီကို ဦးဆောင်ခဲ့ဖူးသူဖြစ်သည်။

ကိုယ်စားလှယ်အဖွဲ့ဝင်များတွင် ကိုရီးယားငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းရေးကော်မတီအကြီးအကဲ ရီဆန်ဂွန်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ မြောက်အမေရိကရေးရာဗျူရို၏ ဒုတိယအထွေထွေညွှန်ကြားရေးမှူး ချိုကန်အီတို့ ပါဝင်သည်။

မြောက်ကိုရီးယားမှစေလွှတ်လိုက်သည့်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား တောင်ကိုရီးယား ဒုတိယပြန်လည်ပေါင်းစည်းရေးဝန်ကြီး ချန်ဟယ်ဆန်က ကြိုဆိုခဲ့သည်။

ကိုယ်စားလှယ်အဖွဲ့သည် ညနေခင်းမတိုင်မီတွင် ဆိုးလ်ရှိဟိုတယ်တစ်ခုသို့ ရောက်ရှိလာခဲ့သည်။ အဖွဲ့ဝင်များသည် သုံးရက်ကြာခရီးစဉ်အတွင်း တောင်ကိုရီးယားသမ္မတမွန်ဂျယ်အင်းနှင့် တွေ့ဆုံဆွေးနွေးကြရန်စီစဉ်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန် အနောက်အလယ်ပိုင်း၌ လေယာဉ်တစ်စင်း ပျက်ကျရာ လူသုံးဦးသေဆုံး

**ချီကာဂို ဖေဖော်ဝါရီ ၂၅**

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်း အင်ဒီယာနာပြည်နယ်၌ လေယာဉ်ငယ်တစ်စင်း မကြာသေးမီက ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ သုံးဦး သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဆိုပါလေယာဉ်ငယ်သည် အင်ဒီယာနာပြည်နယ်၏ မြို့တော် အင်ဒီယာနာပိုလစ်မြို့မှ ဝစ်ကွန်ဆင်ပြည်နယ်သို့ ပျံသန်းလာစဉ် အင်ဒီယာနာပိုလစ်မြို့ အနောက်မြောက်ဘက် ၁၀၀ကီလိုမီတာခန့်အကွာရှိ လယ်ကွင်းတစ်ခုထဲသို့ ပျက်ကျခဲ့ခြင်း ဖြစ်သည်။

ပျက်ကျမှုဖြစ်ပွားခဲ့သည့် လေယာဉ်မှာ ဆက်စ်နာ ၄၄၁ ကွန်ကွက်စ်အမျိုးအစားလေယာဉ်ဖြစ်ကြောင်း သိရသည်။

လေယာဉ်ပေါ်တွင် လိုက်ပါလာသူအားလုံး သေဆုံးသွားခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ ပြည်တွင်းမီဒီယာများက ဖော်ပြခဲ့သည်။

လေယာဉ်ပျက်ကျရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

လေယာဉ်ပျက်ကျသည့် အချိန်သည် မိုးရွာသည့်ညပိုင်းဖြစ်ပြီး မြူများ ရစ်ဆိုင်းနေကြောင်း သတင်းအချို့တွင် ဆက်လက်ဖော်ပြထားသည်။

ဆင်ဟွာ

### ဆွစ်ဇာလန်နိုင်ငံ ဗူးရစ်၌ သေနတ်ပစ်ခတ်မှု ဖြစ်ပွားရာ လူ နှစ်ဦး သေဆုံး

**ဇူးရစ် ဖေဖော်ဝါရီ ၂၅**

ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့၌ ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူနှစ်ဦး သေဆုံးခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖော်ပြခဲ့သည်။

သေနတ်ပစ်ခတ်မှုသည် ဇူးရစ်မြို့လယ်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှု ဖြစ်ပွားရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်အများအပြား စေလွှတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

သေနတ်ပစ်ခတ်မှု ဖြစ်ပွားရာနေရာသို့ ရဲတပ်ဖွဲ့ဝင်များရောက်လာချိန်တွင် သေနတ်ပစ်ခံရသူ နှစ်ဦးအနက် အမျိုးသမီးတစ်ဦးကို အသက်ရှင်လျက်တွေ့ခဲ့ရသော်လည်း ဒဏ်ရာပြင်းထန်သောကြောင့် နောက်ပိုင်းတွင် ယင်းအမျိုးသမီးမှာ သေဆုံးသွားခဲ့ကြောင်း ပြောကြားခဲ့သည်။

သေနတ်ပစ်ခတ်မှု ဖြစ်ပွားရသည့်အကြောင်းရင်းကို သက်ဆိုင်ရာ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# ခွဲထွက်ပြီးနောက် ဖြစ်ပေါ်လာမယ့် အီးယူနဲ့ ဗြိတိန်ဆက်ဆံရေးပုံစံ

**တင်လင်းအောင်**



ဘရီးဇစ် (Brexit) ဖြစ်ပြီးနောက် အီးယူနဲ့ဗြိတိန်တို့ရဲ့ ဆက်ဆံရေး ဘယ်လိုဖြစ်လာမလဲဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေဟာ လာမယ့်သောကြာနေ့ (မတ် ၂)ရက်မှာ မိန့်ခွန်းပြောကြားမှာ ဖြစ်တယ်လို့ သူ့ရဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့ပါတယ်။

ထရီဆာမေနဲ့ သူ့အစိုးရအဖွဲ့ဟာ အလေသုံးဆယ်ကျင်းပခဲ့တဲ့ အရေးတကြီး အစည်းအဝေးတစ်ခုမှာ အစီအစဉ်တစ်ရပ်ကို သဘောတူခဲ့ပြီး နောက်လာမယ့် သောကြာနေ့မှာ မိန့်ခွန်းပြောကြားမယ့် အစီအစဉ်ပေါ်ပေါက်လာတာပဲ ဖြစ်ပါတယ်။

**လိုချင်တာမရနိုင်**

အစည်းအဝေးမတက်ရောက်ခဲ့တဲ့ ဝန်ကြီးတစ်ပါးက သူတို့အနေနဲ့ ဗြိတိန်ဟာ စီးပွားရေးနဲ့ သက်ဆိုင်တဲ့အချို့ကိစ္စတွေမှာ အီးယူရဲ့ စည်းမျဉ်း စည်းကမ်းတွေနဲ့ တန်းညှိဖို့ ကိုယ့်ဘာသာကိုယ်ကြိုးစားရမှာ ဖြစ်တယ်ဆိုတဲ့ အချက်ကို သဘောတူပါတယ်လို့ ပြောခဲ့ပါတယ်။

သို့သော်လည်း လမ်းမှန်ကနေ သွေဖည်မသွားအောင်တော့ ထိန်းသိမ်းဖို့လိုကြောင်း သူက ဆက်ပြောခဲ့ပါတယ်။

အနာဂတ်မှာ ဗြိတိန်အနေနဲ့ ဘယ်လိုဘယ်ပုံ လုပ်ဆောင်ရမလဲဆိုတဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးပြောဆိုမှုတွေမပြီးခင်မှာ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေတစ်ယောက် သူ့ရဲ့ အခန်းကဏ္ဍတွေနဲ့ပတ်သက်ပြီး ဖိအားပေးခံရမှုတွေနဲ့ ကြုံတွေ့နေရပါတယ်။

ဗြိတိန်အနေနဲ့ သူတို့ လိုချင်တာတွေရနိုင်မှာမဟုတ်ဘူးလို့ ဘရပ်ဆဲလ်ကလည်း ပြောပါတယ်။

**ဆက်ဆံရေးမိတ်မပျက်စေချင်**

နိုင်ငံ့အရေးနဲ့ ပတ်သက်ပြီး ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေဟာ သူ့ရဲ့ ဝါရင့်အစိုးရအဖွဲ့ဝင် တစ်ဒါဇင်လောက်နဲ့ ရှစ်နာရီကြာဆွေးနွေးမှုတွေ လုပ်ခဲ့ပါတယ်။ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဘောရစ်ဂျွန်ဆင်ကတော့ ဘရပ်ဆဲလ်နဲ့ ကောင်းကောင်းမွန်မွန်ခွဲခွာဖို့ တိုက်တွန်းခဲ့ပါတယ်။

ထို့အတူ ဘဏ္ဍာရေးဝန်ကြီး ဖီးလစ်ဟမ်မွန့်ကလည်း ဘရပ်ဆဲလ်နဲ့ရင်းနှီးတဲ့ ဆက်ဆံရေးကို မိတ်မပျက်စေချင်ကြောင်း ပြောခဲ့ပါတယ်။

ဒါဟာ နိုင်ငံရဲ့အရေးတွေကို တိုင်ပင်ဖို့ အလွန်ကိုပဲကောင်းမွန်တဲ့ တွေ့ဆုံဆွေးနွေးမှုဖြစ်ပြီး ဝန်ကြီးချုပ်ရဲ့ အနာဂတ်မှာ ဘရပ်ဆဲလ်နဲ့ ဘယ်လိုဆက်ဆံမှုတွေ လုပ်သွားမလဲဆိုတဲ့ အခြေခံအချက်တွေနဲ့ပတ်သက်ပြီး သဘောတူညီမှုတွေရှိပါတယ်လို့ သူ့ရဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့ပါတယ်။

**တစ်ခုတည်းသောနည်းလမ်းမဟုတ်**

ဝန်ကြီးချုပ်အနေနဲ့ အစိုးရရဲ့အခြေအနေအရပ်ရပ်နဲ့ ပတ်သက်ပြီး ရှေ့လာမယ့် သောကြာနေ့မှာ အသေးစိတ် အစီအစဉ်ချရမှာဖြစ်ပါတယ်လို့ ထရီဆာမေရဲ့ပြောရေးဆိုခွင့်ရှိသူက ဆက်ပြီးပြောခဲ့ပါတယ်။

ကျန်းမာရေးဝန်ကြီး ဂျရီမီဟန့်ကတော့ ဗြိတိန်အနေနဲ့ အီးယူနဲ့ ကုန်သွယ်မှုပိုင်းဆိုင်ရာမှာ ကွဲထွက်မနေသင့်ကြောင်း ပြောခဲ့ပါတယ်။

ဘာဖြစ်လို့လဲဆိုရင် နောင်တစ်ချိန်မှာ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်တွေဖြစ်ပေါ်လာနိုင်ပြီး သဘောထားကွဲလွဲမှုတွေမရှိတဲ့ ကုန်သွယ်မှုတွေရလာနိုင်တာကြောင့်လို့ ပြောခဲ့ပါတယ်။

သို့သော်လည်း ဒါဟာ တစ်ခုတည်းသော နည်းလမ်းတော့မဟုတ်ပါဘူးလို့ သူက ပြောခဲ့ပါတယ်။

တခြားဝန်ကြီးတွေနဲ့မတူဘဲ သူ့ရဲ့ ရှုမြင်ပုံက ကွဲပြားနေသော်လည်း တကယ့်တကယ်နားလည် သဘောပေါက်တာကတော့ စက်မှုလုပ်ငန်းကဏ္ဍတွေနဲ့ အခြားနယ်ပယ်တွေမှာ အီးယူရဲ့ လုပ်ထုံး လုပ်နည်းတွေနဲ့ သဘောသဘာဝတူဖို့ ဗြိတိန်အနေနဲ့ တန်းညှိဖို့ လိုတယ်ဆိုတာပဲ ဖြစ်ပါတယ်။

ပံ့ပိုးမှုတွေအဆင့်မြှင့်တင်ဖို့ လိုအပ်နေတဲ့ ကားထုတ်လုပ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းတွေဟာ သိသာထင်ရှားတဲ့ နမူနာတွေပဲ ဖြစ်ပါတယ်။

သို့သော်လည်း ဒါဟာစေတနာကိုအခြေခံပြီး လုပ်ဆောင်ရမယ့် ကိစ္စတွေဖြစ်ပါတယ်။ အချုပ်အခြာအာဏာရှိတဲ့ နိုင်ငံတစ်ခုအနေနဲ့ သဘောထားကွဲလွဲပိုင်ခွင့်ရှိပါတယ်။

**ဆက်လက်ဆွေးနွေးဦးမယ်**

ထရီဆာမေရဲ့ အစိုးရကတော့ အခုအစီအစဉ်တွေနဲ့ ပတ်သက်ပြီး ဆွေးနွေးဖို့ရှိပါတယ်။

ထရီဆာမေ မိန့်ခွန်းမပြောခင်တွေ့ဆုံဆွေးနွေးနေကျ ပုံမှန်အစည်းအဝေးကျင်းပလေ့ရှိတဲ့ အင်္ဂါနေ့မှာ ဒါတွေကို ဆက်ပြီးဆွေးနွေးဦးမှာ ဖြစ်ပါတယ်။

ထရီဆာမေဟာ သူ့ရဲ့ မိန့်ခွန်းကို ဘယ်နေရာမှာ ပြောမလဲဆိုတာတော့ အတိအကျမသိရသေးပါဘူး။ ထရီဆာမေအနေနဲ့ အရင်တုန်းက ဘရီးဇစ်မိန့်ခွန်းကို ဂျာမနီနိုင်ငံ မြူးနစ်နဲ့ အီတလီနိုင်ငံ ဖလောရန့်စ်မှာ ပြောခဲ့တာတော့ ရှိပါတယ်။

**ဆက်ဆံရေးကိုထိန်းသိမ်းချင်**

ရှေ့အပတ် တနင်္လာနေ့မတိုင်မီ ရက်အနည်းငယ်အတွင်းမှာ အတိုက်အခံအလုပ်သမားပါတီခေါင်းဆောင် ဂျရီမီကော်ဘန်းကတော့ ဘရီးဇစ်အတွက် သူ့ပါတီရဲ့ ရပ်တည်ချက်နဲ့ သဘောထားအမြင်တွေကို အစီအစဉ်ချမှတ်နိုင်ဖို့ မျှော်လင့်လျက်ရှိပါတယ်။

သူ့အနေနဲ့ ကုန်သွယ်ရေးဆိုင်ရာကဏ္ဍတချို့မှာ အီးယူနဲ့ ရေရှည်ဆက်ဆံရေးကို ထိန်းသိမ်းချင်တဲ့ သဘောရှိတယ်ဆိုတာ တွေ့ရပါတယ်။ ဘရပ်ဆဲလ်နဲ့ သဘောတူညီမှုပြု တဲ့ ဘယ်လိုသဘောတူညီချက်မျိုးမဆို ဗြိတိန်အောက်လွှတ်တော်ရဲ့ သဘောတူခွင့်ပြုချက် လိုအပ်စမြဲပါ။ အဲဒီ ဗြိတိန်အောက်လွှတ်တော်မှာ ဝန်ကြီးချုပ် ထရီဆာမေရဲ့ ကွန်ဆာဗေးတစ်တွေ အများအပြားရှိပါတယ်။

**အဆုံးသတ်ချင်**

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေဟာ အီးယူရဲ့ တစ်ခုတည်းသောဈေးကွက်နဲ့ ကုန်သွယ်ရေးမှ ထွက်ခွာဖို့ ကတိပေးခဲ့တာ ရှိပါတယ်။

သူ့အနေနဲ့ ရွှေ့ပြောင်းသူတွေအရေးနဲ့ပတ်သက်ပြီး လွတ်လပ်တဲ့ လှုပ်ရှားမှုတွေကို အဆုံးသတ်ချင်ပုံရပါတယ်။ ထို့အတူ အီးယူတရားရုံးရဲ့ တရားစီရင်မှုတွေကိုလည်း အဆုံးသတ်ချင်တဲ့ သဘောကို တွေ့ရပါတယ်။

သို့သော်လည်း အီးယူရဲ့ အဓိကညှိနှိုင်းရေးမှူး မိုက်ကယ်ဘာနီယာကတော့ အခုလိုမျိုး လွတ်လပ်တဲ့လှုပ်ရှားဆောင်ရွက်မှုတွေဟာ ကုန်သွယ်မှုမှာ အတားအဆီးတွေ ဖြစ်ပေါ်လာနိုင်တယ်လို့ သတိပေးခဲ့တာတော့ ရှိပါတယ်။

**စိုးရိမ်မှုတွေရှိနေ**

အီးယူကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံ ၂၈ နိုင်ငံအပြင် တူရကီ၊ အန်ဒေါရာ၊ မိုနာကိုနဲ့ ဆန်မာရီနိုနိုင်ငံတို့ကလည်း ယေဘုယျအကောက်ခွန်၊ တင်သွင်းခွင့်ကန့်သတ်ပမာဏနဲ့ အခြားစည်းမျဉ်းတွေနဲ့ ပတ်သက်ပြီး သဘောတူခဲ့ပါတယ်။

အဲဒီလို သဘောတူလိုက်လျောခဲ့တဲ့အတွက် အပြန်အလှန်အားဖြင့် အဆိုပါ အဖွဲ့ဝင်နိုင်ငံတွေကြား လွတ်လပ်စွာ ကုန်စည်ကူးသန်းနိုင်ခွင့်ကို အပြန်အလှန်ခွင့်ပြုရမှာ ဖြစ်ပါတယ်။

အခြားကျန်ရှိနေသေးတဲ့ ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ဗြိတိန်ရဲ့ အစိတ်အပိုင်းဖြစ်တဲ့ မြောက်အိုင်ယာလန်နဲ့ အီးယူအဖွဲ့ဝင်ဖြစ်တဲ့ အိုင်ယာလန်နယ်စပ်ကြား တင်းကျပ်စွာ စစ်ဆေးမှုတွေနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်မှုတွေရှိနေတာကို တွေ့ရပါတယ်။

သို့သော်လည်း ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံတွေကို သူတို့ရဲ့လွတ်လပ်တဲ့ ကုန်သွယ်ရေး သဘောတူညီချက်တွေနဲ့ ပတ်သက်ပြီး လက်မှတ်ရေးထိုးမှုတွေကိုတော့ ဟန့်တားထားပါတယ်။

ဗြိတိန်နိုင်ငံမှာရှိတဲ့ များပြားလှစွာသော အီးယူရဲ့ ပိုမိုတန်ခိုးကြီးထွားလာမှုကို စိတ်မဝင်စားသူတွေကတော့ အဲဒီလိုလုပ်ခြင်းဟာ ဘရီးဇစ်ရဲ့ အရေးကြီးတဲ့ အကျိုးအမြတ်ပဲလို့ ထောက်ပြခဲ့ပါတယ်။

ဘရီးဇစ် (Brexit) ဖြစ်ပြီးနောက် အီးယူနဲ့ ဗြိတိန်တို့ရဲ့ ဆက်ဆံရေးဟာ ဘယ်လို ဆက်ဖြစ်လာမလဲဆိုတာ လာမယ့် သောကြာနေ့မှာပြောမယ့် ထရီဆာမေရဲ့ မိန့်ခွန်းကို စောင့်မျှော်ကြည့်ရမှာပဲ ဖြစ်ပါတယ်။

ထရီဆာမေအနေနဲ့ကတော့ အီးယူရဲ့ တစ်ခုတည်းသောဈေးကွက်နဲ့ ကုန်သွယ်ရေးမှ ထွက်ခွာဖို့ ကတိပေးခဲ့တာရှိတော့ သူပြောမယ့် မိန့်ခွန်းမှာအဲဒီကိစ္စပါဝင်လာမလားဆိုတာ စောင့်ကြည့်ရဦးမှာပဲ ဖြစ်ပါတယ်။ ။

**ကိုးကား-ချန်နယ်နယူးအေးရှ**

> **"နိုင်ငံ့အရေးနဲ့ ပတ်သက်ပြီး ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေဟာ သူ့ရဲ့ ဝါရင့် အစိုးရအဖွဲ့ဝင် တစ်ဒါဇင်လောက်နဲ့ ရှစ်နာရီကြာ ဆွေးနွေးမှုတွေ လုပ်ခဲ့ပါတယ်၊ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဘောရစ်ဂျွန်ဆင်ကတော့ ဘရပ်ဆဲလ်နဲ့ ကောင်းကောင်းမွန်မွန်ခွဲခွာဖို့ တိုက်တွန်းခဲ့ပါတယ်"**

# ကျွန်တော်နဲ့ သံယောဇဉ်



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

သံယောဇဉ်မီးဟာ ပူလောင်လှတယ်။ ဒါကြောင့် သံယောဇဉ်ဖြစ်တ်ရမယ်လို့ ဆိုဆုံးမကြတယ်။ ဆုံးမသမျှကိုလည်း နားလည်တယ်။ သိတယ်။ ဒါပေမယ့် တကယ့်လက်တွေ့မှာတော့ ဖြတ်ဖို့မလွယ်လှဘူး။ ကြီးမားတဲ့ကြိုးတွေကို ဖြတ်ဖို့က ခက်လှတယ်။ တရားသိပေမယ့် ရှိဖို့ကတော့ ခဲယဉ်းတာ။ ဖြစ်ရင်ပျက်မယ်ဆိုတဲ့အသိကို ဆင်ခြင်ပေမယ့် ရင်ဆိုင်ရတဲ့အခါ သိထားတာတွေက ဘယ်ရောက်သွားမှန်း မသိဘူး။ ကျွန်တော်တို့အမျိုးက သူများထက်ဆိုးတယ်။ ပိုလွန်းတယ်လို့ ပြောကြမှာ။ အဖေဘက်က ဆိုရင် အုံ့သြစရာကောင်းလှအောင် ကြီးမားတယ်။ ဖေဖေမှာ သားချင်း ၁၂ ယောက်။ အစ်ကိုအကြီးဆုံးက စောစောကဆုံးတယ်။ ဖခင်ကလည်း ဆုံးပြန်တော့ မုဆိုးမအဘွားဟာ ကလေး ၁၁ ယောက်ကို လူလားမြောက်အောင် ကြိုးစားခဲ့ရတယ်။ သားချင်း ၁၁ ဦးမှာ အစ်မကြီးက မိသားစုကို ထိန်းသိမ်းခဲ့တယ်။ အဘွားနဲ့ ကြီးကြီးကြောင့် အားလုံးအောင်မြင်ထင်ရှားလာကြတယ်။ တစ်ဦးက ဗမာပြည်ကွန်မြူနစ်ပါတီမှာ ဥက္ကဋ္ဌ သခင်ဗသိန်းတင်။ နောက်တစ်ဦးက အင်္ဂလန်နိုင်ငံမှာ ပထမဆုံးဖွင့်လှစ်တဲ့ ကုန်သွယ်မှုရုံးတာဝန်ခံ၊ ကျွန်တော့်ရဲ့ဖေဖေကတော့ တပ်မတော်ထဲ (BIA) ခေတ်ကတည်းက ထားဝယ်မြို့က ဝင်ရောက်ခဲ့တယ်။ တစ်ချိန်က မြန်မာ့တပ်မတော်မှာ ခြေလျင်တပ်ရင်း (၅) ရင်းရှိခဲ့တယ်။ ခြေလျင်တပ်ရင်း (၆)၊ (၇) နဲ့ (၈) ကို ဖွဲ့စည်းတော့ ဖေဖေက ခလရ (၆) မှာ တပ်ရင်းမှူးဖြစ်ခဲ့တယ်။ ကယား (၁) တပ်ရင်းမှူး၊ ခလရ (၁၀) တပ်ရင်းမှူးတာဝန်တွေယူခဲ့ပြီး ထိုင်းနိုင်ငံမှာ ကြည်း၊ ရေ၊ လေ စစ်သံမှူးဖြစ်ခဲ့တယ်။ အင်ဒိုနီးရှားနိုင်ငံမှာလည်း ပူးတွဲတာဝန်ယူခဲ့တယ်။ တပ်မတော်က အငြိမ်းစားယူပြီး မကွယ်လွန်မီ စက်မှုဝန်ကြီးဌာနမှာ ညွှန်ကြားရေးမှူးဖြစ်ခဲ့တယ်။ ငယ်ငယ်က မှတ်မိတာတစ်ခုရှိခဲ့တယ်။ ဖေဖေက တာဝန်နဲ့ ဗန်ကောက်မြို့နဲ့ ရန်ကုန်မြို့ကို မကြာခဏ သွားလိုက် လာလိုက်လုပ်တယ်။ သွားခါနီး ဘွားဘွားကို နှုတ်ဆက်ရင် အားလုံးက မျက်ရည်တွေနဲ့ ခဏလေးခွဲခွာရတာကို ဝမ်းနည်းပက်လက်ဖြစ်ကြတာ။ ဖေဖေဟာ အသက် ၅၈ နှစ်မှာ အသည်းကင်ဆာနဲ့ ဆုံးခဲ့တယ်။ မဆုံးမီ သုံးလလောက် အိမ်မှာပဲ ပြုစုခဲ့တာ။

### ယူကျုံးမရဖြစ်

သူ့ရဲ့ညီအစ်ကိုမောင်နှမ ၁၀ ဦးက ညတိုင်းလာပြီး အားပေးတယ်။ အိမ်မှာပဲအိပ်ကြတယ်။ ဖေဖေဆုံးတော့ အသုဘပို့တဲ့အခါ သူ့ရဲ့ညီတွေက ပခုံးထမ်းပြီး ပို့ဆောင်ကြတယ်။ ဖေဖေ့ညီငယ်တစ်ဦးက ဆေးလောကမှာ ထင်ရှားခဲ့တဲ့ မီးယပ်နဲ့ သားဖွားပါမောက္ခ ဒေါက်တာ စိုးမြင့်။ အစ်ကိုလုပ်သူကို ဘာမှ မလုပ်ပေးနိုင်ဘဲ လက်ပိုက်ကြည့်ခဲ့ရတာကို ယူကျုံးမရဖြစ်ရတယ်။ ဖေဖေ့ညီငယ်တစ်ဦးက ဗိုလ်မှူးကြီး မျိုးအောင်၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မ (၈၈) တပ်မမှူး၊ အရှေ့တောင်တိုင်းတိုင်းမှူး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ရဲ့ ကျောင်းအုပ်။ ဖေဖေက သူ့ရဲ့ညီကို သိပ်သံယောဇဉ်ကြီးတယ်။ နေမကောင်းဖြစ်တော့ သူ့ညီတိုက်မှ ဆေးသောက်တယ်။ ဖေဖေဆုံးတာ ဘွားဘွားက မသိရှာဘူး။

ဖေဖေဟာ စမ်းချောင်းမှာရှိတဲ့ အဘွားဆီ ညတိုင်းသွားတယ်။ ရောက်ရောက်ချင်း သူ့အမေကို နှုတ်ဆက်ပြီး အိမ်ရှေ့ဧည့်ခန်းမှာ ထိုင်ပြီး သားချင်းတွေနဲ့ စကားပြော၊ စာဖတ်၊ ညတိုင်း မေမေရော ကျွန်တော်တို့ မောင်နှမခုနစ်ဦးရော အမြဲပါတယ်။ ဖေဖေဆုံးတော့ ဘွားဘွားသိမှာစိုးလို့ ညီဖြစ်တဲ့ ဗိုလ်မှူးကြီး မျိုးအောင်က ဖေဖေနဲ့ အသံတူတော့ ဖေဖေ့ဟန်ဆောင်ပြီး နှုတ်ဆက်တယ်။ အဘွားက မျက်စိမမြင်တော့ဘူး။ ဖေဖေ့ရောဂါဟာ ပြင်းထန်လွန်းတာ၊ နာကျင်မှုကလည်း အတော်ခံစားရတယ်။ အင်္ဂလိပ်ဆေးနဲ့ ကုမရတာမို့ မြန်မာဆေးနဲ့ ပြောင်းကုတယ်။ ညောင်လေးပင်ဆရာတော်က ညတိုင်း အိမ်ကိုကြွလာပြီး ပရိတ်တွေ ရွတ်မှတ်ပေးတယ်။ ကျွန်တော်က ဖေဖေ ခုလိုရောဂါဖြစ်တာကို မသိခဲ့ရဘူး။ ဗြိတိန်နိုင်ငံမှာ ပါရဂူဘွဲ့ ယူနေတာ။ ဘွဲ့ရပြီး ဘွဲ့နှင်းသဘင်ခန်းမတက်ချင်လို့ အိမ်ကို အကြောင်းကြားတော့ ဖေဖေ့ရဲ့အစ်ကိုက သံကြိုးစာနဲ့ ချက်ချင်းပြန်လာဖို့ အကြောင်းကြားတယ်။

### သံယောဇဉ်ကြီးကြ

ကျွန်တော်လည်း ဘာမှမစဉ်းစားတော့ဘဲ ပြန်လာခဲ့တယ်။ အိမ်ရောက်တော့ ဖေဖေက အိပ်ရာထဲမှာ။ ဒေါက်တာဘွဲ့ရခဲ့တာကို သိပ်ကျေနပ်တာ။ သူက စစ်သား။ ဒါပေမယ့် ပညာကို လေးစားတယ်၊ စာဖတ်တယ်။ အိမ်မှာ ဖေဖေက စာအုပ်တွေစုတယ်၊ စာအုပ်တွေက စစ်နဲ့ဆိုင်တဲ့စာအုပ်တွေ။ ဗိုလ်မှူးချုပ်တွေရဲ့ အတ္ထုပ္ပတ္တိတွေ၊ သူက စစ်သားစစ်စစ်။ သီချင်းဆိုရင် စစ်သီချင်းကလွဲပြီး ကျန်တဲ့သီချင်းမဆိုတတ်ဘူး။

"သံယောဇဉ်ကြီးရင် ခံစားရမယ်၊ ပူဆွေးရမယ်၊ ဒါကြောင့် သံယောဇဉ်ကို အတတ်နိုင်ဆုံး ဖြတ်ဖို့ သွန်သင်တယ်။ ဒါပေမယ့် သံယောဇဉ်မရှိတဲ့ ဘဝကို ကျွန်တော်မစဉ်းစားတတ်ဘူး။ သံယောဇဉ်ကင်းရင် မခံစားရဘူးလို့ပြောတော့ တစ်ကိုယ်ကောင်းဆန်မှုလား။ ကိုယ့်ရဲ့ခံစားချက်တွေကို မျိုသိပ်ပြီး ထိန်းချုပ်ရမယ်ဆိုတာကို ဦးနှောက်က သိတယ်။ ဒါပေမယ့် နှလုံးသားခံစားမှုက လက်မခံနိုင်ဘူး"

လွန်ခဲ့တဲ့ အနှစ် ၄၀ လောက်က အဖြစ်တွေစဉ်းစားရင် မနေ့တစ်နေ့က ဖြစ်တဲ့အကြောင်းတွေနဲ့ တိုက်ဆိုင်တာတွေ တွေးမိတယ်။ ကျွန်တော်တို့သားချင်းက ခုနစ်ယောက်၊ ကျွန်တော်က အကြီးဆုံး။ ညီမသုံးယောက်နဲ့ ညီသုံးယောက်။ ဒါပေမယ့် ညီမအကြီးနှစ်ယောက်က ငယ်ငယ်က ဆုံးခဲ့တယ်။ တစ်ယောက်က ၅ တန်းမှာ သွေးကင်ဆာနဲ့ ဆုံးပြီး နောက်တစ်ယောက်က ၇ တန်းမှာ ဆေးကုရင်း ဆေးထိုးမှားပြီး ဆုံးတယ်။ သူတို့က နံပါတ် ၃ နဲ့ ၄။ ဒါကြောင့် ကျွန်တော့်အောက်ညီဖြစ်သူ ကိုတင်ထွန်းသက်က ပိုပြီးရင်းတယ်။ သွားအတူ၊ လာအတူ၊ ဘောလုံးကန်ရင်လည်း အတူတူ။ သိပ်ကို သံယောဇဉ်ကြီးကြတာ။ ကျွန်တော်အိမ်ထောင်ကျတော့ မိသားစုတွေ ငိုလိုက်ကြတာ။ မိန်းမယူတာကို မကြိုက်လို့၊ မကျေနပ်လို့မဟုတ်ဘဲ မေတ္တာသံယောဇဉ်ကြောင့် ဖြစ်တယ်။ မင်္ဂလာဆောင်နေစဉ် မျက်ရည်ကျနေတာကို နားလည်ကြမှာ မဟုတ်ဘူး။

ကျွန်တော်နိုင်ငံခြားသွားပြီး နှစ်စဉ် ရန်ကုန်ပြန်တဲ့အခါ ညီတော်မောင်က ကားတစ်စီးပေးထားတယ်။ သူ့ရဲ့ဇနီးကလည်း အမျိုးတော်တဲ့သူ။ သားသုံးယောက်၊ ချွေးမသုံးယောက်၊ မြေးသုံးယောက်၊ မိသားစုကပြည့်စုံလှတာ။ ကျွန်တော်တို့ မိသားစုမှာ သားနဲ့ သမက်၊ သမီးနဲ့ ချွေးမ ခွဲခြားတာမရှိဘူး။ အားလုံးဟာ သားတွေ၊ အားလုံးဟာ သမီးတွေပဲ။ ကျွန်တော်နဲ့ ဇနီးက ညီရဲ့အိမ်ကို တစ်ပတ်တစ်ကြိမ် တနင်္ဂနွေနေ့တိုင်း ညစာသွားစားတယ်။ သူတို့ဆီမှာ ထားဝယ်စာ စစ်စစ်စားရတယ်။ သူက အပတ်တိုင်း မျှော်သလို ကျွန်တော်ကလည်း အမြဲတမ်း သွားချင်တာ။ သူ့ရဲ့ သားသမီးတွေကလည်း အမြဲလိုလို လာတယ်။ သားအငယ်ဆုံးနဲ့ သမီးအငယ်ဆုံးက မိဘနဲ့ အတူနေတာမို့ နိုင်ငံခြားမှာ အလုပ်ကို စွန့်ပြီးပြန်လာကြတယ်။ သူတို့ နှစ်ယောက်ကို ကျေးဇူးတင်တယ်။ အကြီးဆုံးသားကြီးက ညီရဲ့ လုပ်ငန်းတွေကို ပခုံးပြောင်းပြီး တာဝန်ယူခဲ့တယ်။ သားလတ်ကတော့ ကွန်ပျူတာလောကမှာ အောင်မြင်နေတဲ့ ဒေါက်တာ ထွန်းသူရသက်၊ သူ့ရဲ့ဇနီးကလည်း ကွန်ပျူတာလောကထဲက။ သားကြီးရဲ့ဇနီးကလည်း ကိုယ်ပိုင်စီးပွားရေးနဲ့ မိသားစုက ပြည့်စုံတယ်။ ဒါပေမယ့် ပြည့်စုံမှုဆိုတာက အကန့်အသတ်နဲ့ ထင်ပါရဲ့။ ၂၀၁၇ ဒီဇင်ဘာလ ၂၇ ရက်နေ့ ညီတော်မောင်မကျန်းမာလို့ အာရှတော်ဝင်ဆေးရုံတက်ခဲ့တယ်။ စစ်ဆေးတော့ အဆုတ်ရောဂါပြီး ကင်ဆာရောဂါက ကျွမ်းနေပြီ။ သားသမီးတွေက ချက်ချင်းပဲ ထိုင်းနိုင်ငံ ဗန်ကောက်ဆေးရုံကို ခေါ်သွားတယ်။ လိုအပ်တဲ့ကုသမှုတွေ လုပ်ပေးခဲ့တယ်။ ကျွန်တော်နဲ့ ဇနီးတို့လည်း ခဏလိုက်သွားတယ်။ ကျွန်တော်တို့ကိုမြင်တော့ ကျေနပ်တယ်။ ဇနီးက သူ့အတွက် ငှက်သိုက်တွေ ပေါင်းသွားပေးတယ်။ သူက ထူနိုင် ထနိုင်တာမို့ ဆေးရုံမှာရှိတဲ့ စားသောက်ဆိုင်မှာ သွားခဲ့ကြတယ်။ သားသမီး ၆ ယောက်ဟာ အလှည့်ကျ ဖခင်နား စောင့်ရှောက်ကြတယ်။ သူတို့ရဲ့ ဆောင်ရွက်မှုတွေမြင်ရတော့ လွန်ခဲ့တဲ့အနှစ် ၄၀ လောက်က ဖေဖေ့အတွက် သားချင်းတွေ၊ သားသမီးတွေ ကြိုးစားနေတာကို အမှတ်ရမိတယ်။ အခုလည်း တတ်နိုင်သမျှလုပ်ကြတယ်။ ဒါပေမယ့် ရောဂါအခြေအနေကြောင့် နောက်ဆုံးပြန်ခေါ်ခဲ့တယ်။ သူက အိမ်သိပ်ပြန်ချင်တာ။ အိမ်မှာပဲ ခေါင်းချချင်တာ။ ကျွန်တော့်ကို သူ့ရဲ့သားသမီးတွေကို အိမ်ပြန်ပို့ဖို့ ပြောပေးဖို့ မှာတယ်။ ကလေးတွေခမျာလည်း အဖေရဲ့အသက်ကို လုချင်နေတာမို့ ကြိုးစားကြတာ။ ရန်ကုန်ကို အထူးလေယာဉ်နဲ့ ပြန်ပို့တော့ ကျွန်တော်တို့ လေယာဉ်ကွင်း သွားကြိုကြတယ်။ Victoria ဆေးရုံ အထူးကုခန်းကိုပို့ပြီး ဆရာဝန်တွေ၊ သူနာပြုတွေက ကြပ်မတ်ပြီး ပြုစုကုသကြတာ။ တူတော်မောင် ဒေါက်တာ ထွန်းသူရသက်ရဲ့ သူငယ်ချင်းတွေက အထူးကုဆရာဝန်ကြီးတွေ၊ ပါမောက္ခတွေဖြစ်နေကြပြီး သူက ဆေးကျောင်းပထမနှစ်တက်ခဲ့သေးတယ်။ အရေးအခင်းကာလမှာ ကျောင်းတွေက ဖွင့်လိုက် ပိတ်လိုက်လုပ်ထားတာမို့ သူက ဆေးကျောင်းဆက်မတက်ဘဲ နိုင်ငံခြားမှာ ကွန်ပျူတာကို သင်ခဲ့သူ။ သူ့ရဲ့သူငယ်ချင်းတွေကလည်း ကြိုးစားကြရှာတယ်။ တော်ကြတယ်။ လူငယ်တွေဆိုပေမယ့် ရင့်ကျက်ကြတာ။ ဒါပေမယ့် ကံက ညီဘက်မှာ မပါရှာဘူး။ ရန်ကုန်ရောက်ပြီး လေးရက်မှာဆုံးခဲ့တယ်။ နောက်ဆုံးအချိန်မှာ ဝေဒနာမရှိတော့ဘဲ အေးအေးချမ်းချမ်းနဲ့ ဘဝပြောင်းခဲ့တယ်။

### သံယောဇဉ်မီးဟာ ပူလောင်

သူက အခုလိုဖြစ်နေတဲ့အချိန် ကျွန်တော်အကြီးအကျယ် ခံစားရတယ်။ ကိုယ်လုပ်ပေးချင်ပေမယ့် ဘာမှမလုပ်ပေးနိုင်တာကို မကျေနပ်ဘူး၊ အားမရဘူး။ တရားရဖို့ ဝိုင်းပြောကြတယ်။ နားချကြတယ်။ ဒါတွေ ကျွန်တော်မသိတာမှ မဟုတ်တာ။ သံယောဇဉ်မီးဟာ ပူလောင်မှန်းသိပါတယ်။ ကျွန်တော်ဟာ ဘာသာရေးကို အချိန်ပေးပြီး မလုပ်နိုင်ခဲ့ပေမယ့် အမြဲဆင်ခြင်မှုတရားကို လက်ကိုင်ထားတယ်။ စိတ်တည်ငြိမ်အောင် အမြဲသတိထားတယ်။ အားလုံးကို လက်ခံနိုင်အောင် အားထုတ်တယ်။ ဒါပေမယ့် အခုလိုကြုံရတဲ့အခါ rational နဲ့ emotional ကတော့ မတူတာမြင်တွေ့ရတယ်။ ဦးနှောက်ကနားလည်တာကို နှလုံးသားက လက်မခံနိုင်ဘူး။ တရားရှိဖို့ပြောတဲ့ သူတွေကိုတောင် စိတ်ထဲက ပြစ်မှားမိတယ်။ သံယောဇဉ်ကြီးရင် ခံစားရမယ်။ ပူဆွေးရမယ်။ ဒါကြောင့် သံယောဇဉ်ကို အတတ်နိုင်ဆုံး ဖြတ်ဖို့ သွန်သင်တယ်။ ဒါပေမယ့် သံယောဇဉ်မရှိတဲ့ ဘဝကို ကျွန်တော်မစဉ်းစားတတ်ဘူး။ သံယောဇဉ်ကင်းရင် မခံစားရဘူးလို့ပြောတော့ တစ်ကိုယ်ကောင်းဆန်မှုလား။ ကိုယ့်ရဲ့ ခံစားချက်တွေကို မျိုသိပ်ပြီး ထိန်းချုပ်ရမယ်ဆိုတာကို ဦးနှောက်က သိတယ်။ ဒါပေမယ့် နှလုံးသားခံစားမှုက လက်မခံနိုင်ဘူး။

### ဖြစ်ရင် ပျက်မယ်

လူ့ဘဝမှာ နောက်ဆုံးအချိန်ဟာ အရေးကြီးဆုံးလို့ ပြောကြတယ်။ ဒီပေတံနဲ့ တိုင်းတာရင် ညီတော်တင်ထွန်းသက်ရဲ့ဘဝဟာ ပြည့်စုံလှတယ်။ သူ့ရဲ့နောက်ဆုံးအချိန်မှာ သူ့ကို ချစ်လှတဲ့ ဇနီး၊ သားသမီးတွေက သူ့အနားမှာ နွေးနွေးထွေးထွေးရှိနေကြတယ်။ သူက ပြည်ထောင်စုနေ့မှာဆုံးပြီး သူ့ရဲ့ အသုဘက ချစ်သူများနေ့၊ မိသားစုအတွက် မမေ့နိုင်အောင် လုပ်ခဲ့သလိုပါပဲ။ သူက လူချစ်လူခင်သိပ်များတယ်။ အမျိုးကိုကြည့်တယ်။ အဖေ့ဘက် အမေ့ဘက် အမျိုးတွေကို သူက စောင့်ရှောက်တယ်၊ ကူညီတယ်၊ အားပေးတယ်။ ဒါကြောင့် သူ့ကိုချစ်ကြတာ။ သူ့ရဲ့သားသမီးတွေရဲ့ အသိုင်းအဝိုင်းကကြီးတော့ အသုဘက စည်ကားတယ်။ ကျွန်တော်က ယူကျုံးမရဖြစ်ရတယ်။ ဘာနဲ့မှအစားထိုးမရတဲ့ ဆုံးရှုံးမှု။ ကျွန်တော့်ရဲ့ခံစားချက်တွေ နားလည်ကြမှာ မဟုတ်ဘူး။ ပိုလွန်းတယ်လို့ ပြောကြမှာ။ ပြောတဲ့သူတွေကို နားလည်တယ်။ စေတနာနဲ့ ပြောကြတာ။ သူတို့က ဦးနှောက်နဲ့စဉ်းစားပြီး ပြောကြတာဖြစ်တယ်။ ကျွန်တော်ကတော့ နှလုံးသားနဲ့ ခံစားနေတာဖြစ်တာမို့ လက်မခံဘူး။ ဖြစ်ရင် ပျက်မယ်ဆိုတာ သိပါတယ်။ နားလည်ပါတယ်။ ဒါပေမယ့် သိခြင်းနဲ့ လက်ခံနိုင်ခြင်းက မတူပါဘူး။ သင်္ဂြိုဟ်ခါနီး ဆရာတော်ကြီးက ကျွန်တော့်ကို တရားပြတယ်။ ညီကိုကြည့်၊ တစ်နေ့ကျ ကိုယ်လည်းဒီလိုဖြစ်ရမယ်ဆိုတာမှတ်။ ဆရာတော်ကိုကျေးဇူးတင်ရင်း ဒီဆောင်းပါးကို ရေးလိုက်တာပါ။ ။

---

# မန္တလေးမြို့၌ မြေငလျင်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၅**

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (မန္တလေးတိုင်းဒေသကြီးအသင်းခွဲ) နှင့် မြန်မာနိုင်ငံမြေငလျင်ကော်မတီ (မန္တလေး) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် "မြေငလျင်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က မန္တလေးမြို့ (၃၃×၃၄) လမ်းနှင့် (၆၇×၆၈) လမ်းကြားရှိ ပညာရေးကောလိပ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးမျိုးသစ်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံမြေငလျင်ကော်မတီ (မန္တလေး)မှ ဥက္ကဋ္ဌ ဦးထွန်းကြည်က ငလျင်များနှင့် နေထိုင်ခြင်းစာအုပ် ၁၇၃၀ ကို ဌာနဆိုင်ရာအသီးသီးသို့ ပြန်လည်ပေးအပ်ရန်အတွက် ဝန်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြန်မာနိုင်ငံမြေငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မျိုးသန့်က (Nature of Seismicity of Recent Moderate to Large Earthquakes in Myanmar and Seismic Hazard of Mandalay) အကြောင်းကိုလည်းကောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီတာမြင့်က မြေငလျင်ဆိုင်ရာ ဘေးအန္တရာယ်များ အကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံမြေငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောထွေးဇော်က (Earthquake Risk And Building Vulnerability in Myanmar) အကြောင်းကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမင်းသူက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုနှင့် ဆောင်ရွက်ချက်များအကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**



## ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးမှ အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်း

**ပုသိမ် ဖေဖော်ဝါရီ ၂၅**
ပြည်ထောင်စုတရားလွှတ်ချုပ်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ၏ (၁၄)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းပွဲကို ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းသည်။

ရှင်းလင်းပွဲတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်းက အမှာစကားပြောကြားပြီး ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းကာ တိုင်းတရားရေးဦးစီးမှူး ဦးထိန်မင်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များကိုလည်းကောင်း၊ တရားလွှတ်တော်တရားသူကြီးများဖြစ်ကြသော ဦးကျော်မင်း၊ ဦးမျိုးညွန့်၊ ဦးဝင်းမြင့်နှင့် ဒေါ်ယဉ်ယဉ်ဟန်တို့က တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ထပ်ဆင့်ရှင်းလင်းသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ် တရားသူကြီးများက တရားစီရင်ရေးနှင့် ရုံးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြပြီး တရားသူကြီးချုပ်နှင့် တိုင်းတရားရေးဦးစီးမှူးတို့က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကာ ထပ်ဆင့်ရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။ ထပ်ဆင့်ရှင်းလင်းပွဲသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းဒေသကြီးအတွင်းရှိ တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများ၊ တရားရေးအရာရှိများ တက်ရောက်ခဲ့သည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**



## မြစ်ချောင်းအတွင်း အမှိုက်မပစ်ရေး စည်ပင်နှင့် နယ်သာလန်အဖွဲ့ အသိပညာပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**
မြစ်ချောင်းများအတွင်း အမှိုက်မပစ်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်နှင့် သန့်ရှင်းရေးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ မြန်မာနိုင်ငံတွင် ရေကြောင်းသွားလာရေးနှင့် ဆိပ်ကမ်း အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်နေသော နယ်သာလန်နိုင်ငံ Royal Haskoning DHV မှ ဝန်ထမ်းများ စုပေါင်းကာ ရန်ကုန်မြို့ ဗိုလ်တထောင် ဆိပ်ကမ်း၌ လူထုအသိပညာပေး အမှိုက်ကောက်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ပြုလုပ်ခဲ့သည်။

"မြစ်ချောင်းတွေ၊ ဆိပ်ကမ်းတွေမှာ အမှိုက်တွေပစ်ချနေခြင်းဟာ ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ဂေဟစနစ်ကို ထိခိုက်ပျက်ယွင်းစေပါတယ်၊ ရန်ကုန်မြို့တော်ကြီး သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်နေကြသလို မြစ်ချောင်းတွေထဲမှာ အမှိုက်တွေမချဖို့ လိုအပ်ပါတယ်၊ ကုန်းပေါ်ကိုချလိုက်တဲ့ အမှိုက်တစ်စဟာ ပြန်ကောက်ဖို့လွယ်ပေမယ့် မြစ်ချောင်းထဲချလိုက်တဲ့ အမှိုက်တစ်စကို ပြန်ကောက်ဖို့ ခက်ပါတယ်။ ရေစီးထဲမျောပါနေတဲ့ အမှိုက်တွေကို ရေသတ္တဝါတွေ စားသုံးမိတဲ့အခါ သေကျေပျက်စီးမှုတွေဖြစ်လာပြီး ဂေဟစနစ်ကို ပျက်စီးစေနိုင်ပါတယ်၊ မျိုးသုဉ်းမှုတွေ ဖြစ်လာပါတယ်၊ ဒါကြောင့်မို့ မြစ်ချောင်းတွေထဲ အမှိုက်တွေပစ်မချကြဖို့ လူတိုင်း သတိမူဆောင်ရွက်ကြရမှာဖြစ်ပါတယ်"ဟု အမှိုက်ကောက်ရာတွင်ပါဝင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင် ဒေါ်သန်းမြင့်အောင်ကပြောသည်။

"ကျွန်တော်တို့ နယ်သာလန်အဖွဲ့အနေနဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ ပူးပေါင်းပြီး



မြစ်ချောင်းတွေအတွင်း အမှိုက်မပစ်ရေး လူထုအသိပညာပေး အမှိုက်ကောက်ခြင်းပြုလုပ်တာ ဒါနဲ့ဆို တတိယအကြိမ်ရှိသွားပြီဖြစ်ပါတယ်၊ ဒီလိုစုပေါင်းလုပ်ရင် အလုပ်ပိုပြီးနိုင်တယ်ဆိုတာရယ်၊ ပြည်သူတွေအနေနဲ့ မြစ်ချောင်းတွေထဲကို အမှိုက်မချသင့်ဘူးဆိုတာရယ် ကျယ်ကျယ်ပြန့်ပြန့်သိနိုင်ဖို့ ဒီလိုစုပေါင်းအမှိုက်ကောက်ရခြင်းဖြစ်ပါတယ်"ဟု Royal Haskoning DHV မှစီမံကိန်းမန်နေဂျာ Mr. Methi Pieper ကပြောသည်။

အဆိုပါ လူထုအသိပညာပေး အမှိုက်ကောက်ခြင်းကို စည်ပင်သန့်ရှင်းရေးဝန်ထမ်းများနှင့် နယ်သာလန် နိုင်ငံသားများအပြင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ရေအရင်းအမြစ်မှဝန်ထမ်းများလည်းပါဝင်၍ လူပေါင်း၃၀၀ ကျော်ဖြင့် အမှိုက်ကောက်ခြင်းနှင့် အသိပညာပေးခြင်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ နယ်သာလန်နိုင်ငံသားများ ဦးဆောင်မှုဖြင့် ယင်းကဲ့သို့ လူထုအသိပညာပေး အမှိုက်ကောက်ခြင်းကို ၂၀၁၆ ခုနှစ် ဧပြီလတွင် လမ်းမတော်ဘုန်းကြီးလမ်း ဆိပ်ခံတံတား၌လည်းကောင်း၊ ၂၀၁၆ ဒီဇင်ဘာလတွင် ဗိုလ်တထောင်ဆိပ်ကမ်း၌လည်းကောင်း ဆောင်ရွက်ခဲ့ပြီး ယခုအကြိမ်မှာ တတိယအကြိမ်ဖြစ်ကြောင်း၊ ထိုသို့ ပညာပေး လုပ်ဆောင်မှုအပေါ် လူထုကစိတ်ဝင်စားပြီး ထိရောက်မှုများလည်းရှိကြောင်း သိရသည်။

**မြင့်မောင်စိုး၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

## ပဲတီစိမ်း GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရေးဆွေးနွေး

**တပ်ကုန်း ဖေဖော်ဝါရီ ၂၅**
နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် မကျီးကုန်း၊ ရှောက်ကုန်းနှင့် ကျားသေအိုင်ကျေးရွာ အုပ်စုတို့တွင် မိုးကြိုပဲတီစိမ်းနှင့် ပဲတီစိမ်းဧက ၁၀၀၀ ၌ GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က ရှောက်ကုန်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ကျေးရွာအုပ်စု သုံးအုပ်စုမှ တောင်သူများနှင့်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်နှင့်ခရိုင်မြေ၊ မျိုး၊ပိုး ဝန်ထမ်းများတက်ရောက်ကြပြီး ခရိုင်စိုက်ပျိုးရေး ဦးစီးမှူးက ပဲတီစိမ်း GAP နည်းစနစ်များဖြင့်စိုက်ပျိုးထုတ်လုပ်ရေး ဆွေးနွေးပြောကြားသည်။ ဆွေးနွေးပွဲတွင် ပဲတီစိမ်း GAP နည်းလမ်းများစိုက်ပျိုးရခြင်းအကြောင်း၊ GAP နည်းလမ်းများ လိုက်နာဆောင်ရွက်ရန် အချက်များနှင့် တောင်သူများ မှတ်တမ်းရေးသွင်းနည်းများကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



## အခြေခံပညာ ထက်/လယ်ကျောင်းသားများကို ကွန်ပျူတာနည်းပညာ သင်ကြားပေးမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**
နိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူပေါင်း ၂၅၀၀၀ ခန့်အား ကွန်ပျူတာ အခြေခံနှင့် ဘေးကင်းသည့် အင်တာနက်အသုံးပြုမှုဆိုင်ရာ သင်တန်းများကို နွေရာသီ ဒစ်ဂျစ်တယ်နည်းပညာသင်တန်းများအဖြစ် ဖွင့်လှစ်ပေးနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများဖြင့် စတင်အကောင်အထည်ဖော်တော့မည်ဖြစ်သည်။

အဆိုပါ နိုင်ငံတစ်ဝန်း နွေရာသီ ဒစ်ဂျစ်တယ်နည်းပညာသင်တန်းများ တိုးချဲ့ဖွင့်လှစ်ရန်ရည်ရွယ်ကာ ဖေဖော်ဝါရီ ၂၃ ရက် နံနက်က နေပြည်တော်ရှိ ဇမ္ဗူသီရိဟိုတယ်တွင် တယ်လီနောနှင့် KMD တို့ သဘောတူလက်မှတ်ရေးထိုးပွဲကို ကျင်းပခဲ့သည်။ ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံအစိုးရ၏ လုပ်ဆောင်ချက်များအား တစ်စိတ်တစ်ပိုင်း ပါဝင်ကူညီရန် ရည်ရွယ်ကာ တယ်လီနောမှ ဦးဆောင်ပြီး ပညာရေး ဝန်ကြီးဌာန၏ လမ်းညွှန် ကူညီမှုဖြင့် နွေရာသီ ဒစ်ဂျစ်တယ် နည်းပညာသင်တန်းများကို နိုင်ငံတစ်ဝန်း တိုးချဲ့ဖွင့်လှစ်ခြင်းဖြစ်ပြီး ယခုလာမည့် နွေရာသီအတွင်း ဖွင့်လှစ်မည့် နွေရာသီနည်းပညာသင်တန်းများ စတင်နိုင်ရန် တယ်လီနောနှင့် သင်တန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည့် KMD တို့အကြား သဘောတူ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ အခမ်းအနားတွင် တယ်လီနော၏ ကော်ပိုရိတ်ရေးရာ အရာရှိချုပ် ဂူနာဘာတယ်လ်ဆန်နှင့် KMD ၏ ဒါရိုက်တာ ဦးဘိုဘိုလွင်တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

"အနာဂတ်မှာ မြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ ဖော်ဆောင်နိုင်ဖို့ဆိုရင် ခိုင်မာတဲ့ ဒစ်ဂျစ်တယ် နည်းပညာတွေ တတ်မြောက်ဖို့နဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုတွေကို အခြေခံကောင်းတွေအဖြစ် ပိုင်ဆိုင်ဖို့ လိုအပ်တယ်လို့ ကျွန်တော်တို့တယ်လီနောက ယုံကြည်ပါတယ်၊ နိုင်ငံရဲ့ မျိုးဆက်သစ်တွေအနေနဲ့ နည်းပညာပိုင်းဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းအပြည့်ရှိနေဖို့ လိုအပ်ပါတယ်၊ ကျွန်တော်တို့ရဲ့ မိတ်ဖက်အဖွဲ့အစည်းတွေရဲ့ပူးပေါင်းပါဝင်မှုနဲ့အတူ နိုင်ငံရဲ့မျိုးဆက်သစ် ကျောင်းသားကျောင်းသူတွေ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးဆောင်သွားနိုင်မယ့်အရည်အချင်းတွေ ရရှိလာနိုင်ဖို့ တယ်လီနောက အားပေးကူညီလျက်ရှိပါတယ်၊ ဒီစီမံကိန်းဟာ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုကွာဟချက်ကို လျှော့ချသွားနိုင်ဖို့နဲ့ နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှာရှိတဲ့ မတူညီတဲ့ လူ့အဖွဲ့အစည်းတွေရဲ့ဖွံ့ဖြိုးတိုးတက်မှုတွေကို အမီလိုက်နိုင်ဖို့ တစ်ဖက်တစ်လမ်းကနေ အားပေးကူညီသွားနိုင်မှာလည်း ဖြစ်ပါတယ်"ဟု တယ်လီနော၏ ရေရှည်တည်တံ့သော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကဏ္ဍ တာဝန်ခံ ဦးမင်းသူက ပြောကြားသည်။

နွေရာသီ ဒစ်ဂျစ်တယ်နည်းပညာသင်တန်းများသည် ကျေးလက်နှင့် မြို့ပြအကြား ကွာခြားမှုရှိနေသည့် ဒစ်ဂျစ်တယ် နည်းပညာတတ်မြောက်မှုကို ပေါင်းကူးပေးနိုင်စေရန် ရည်ရွယ်လုပ်ဆောင်နေသည့် တယ်လီနောမြန်မာ၏ လူထုအကျိုးပြုစီမံကိန်းလုပ်ငန်းများ၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။ သင်တန်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများကို ကွန်ပျူတာအခြေခံနှင့် အင်တာနက်ကို ဘေးကင်းစွာ မည်သို့အသုံးပြုရမည်ဟူသည့် အချက်များနှင့်ပတ်သက်၍ လက်တွေ့သင်တန်းများ သင်ကြားပေးသွားမည် ဖြစ်သည်။

နိုင်ငံတစ်ဝန်းရှိ KMD ကွန်ပျူတာလေ့ကျင့်ရေးစင်တာများတွင် ဖွင့်လှစ်သွားမည့် ဒစ်ဂျစ်တယ် နည်းပညာသင်တန်းများတွင် အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူ ၂၅၀၀၀ ခန့်ကို နည်းပညာသင်တန်းများ သင်ကြားပေးသွားမည်ဖြစ်သည်။ ယခု စီမံကိန်းအတွက် Ericsson, Irrawaddy Green Towers နှင့် Myanmar ICT for Development Organization တို့က ပူးပေါင်းပါဝင်ထောက်ပံ့ပေးထားသည်။

စီမံကိန်း မစတင်မီ ပြီးခဲ့သည့်နှစ် မေလက ကယားပြည်နယ် လွိုင်ကော်မြို့၌ တယ်လီနောက နွေရာသီဒစ်ဂျစ်တယ် နည်းပညာသင်တန်းများကို ရှေ့ပြေးစီမံချက်အနေဖြင့် စတင်ခဲ့ရာ ကျောင်းသားဦးရေ ၁၂၀ ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်သည်။ အဆိုပါစီမံချက်နှင့်ပတ်သက်ပြီး ကျောင်းသားကျောင်းသူ လူငယ်များ၏ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများ တိုးတက်လာစေသည့်အပြင် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုပါ ထောက်ပံ့ပေးနိုင်ခဲ့သည်ဟု ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက မှတ်ချက်ပေးကာ ကြိုဆိုထောက်ခံခဲ့ကြောင်းသိရသည်။

ယခုလဆန်းပိုင်းက တယ်လီနောကထုတ်ဝေခဲ့သည့် ပထမဆုံး မြန်မာဒစ်ဂျစ်တယ် အစီရင်ခံစာတွင်လည်း နိုင်ငံ၏ ဒစ်ဂျစ်တယ်အနာဂတ်သို့ လျှောက်လှမ်းရမည့်လမ်းစဉ်တွင် ဒစ်ဂျစ်တယ် နည်းပညာတတ်မြောက်မှုနှင့် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုတို့သည် အဓိကကျသော အခြေခံအုတ်မြစ်များဖြစ်ကြောင်း ဖော်ပြထားသည်။ **ခင်ရတနာ**




## လူသရမ်ဝေါလ်ဖက်ဒရေးရှင်း၏ စီမံကိန်းလုပ်ငန်းများ မိတ်ဆက်ပွဲကျင်းပ

**မတူပီ ဖေဖော်ဝါရီ ၂၅**
လူသရမ်ဝေါလ်ဖက်ဒရေးရှင်း(မြန်မာ)က ဆောင်ရွက်သော လူ့အခွင့်အရေးအခြေပြု စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း စီမံကိန်း၏ ၂၀၁၈ ခုနှစ် လုပ်ငန်းမိတ်ဆက်ပွဲကို မတူပီမြို့ ဘုံတလာခန်းမဆောင်၌ ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပခဲ့သည်။ အဆိုပါ လုပ်ငန်းမိတ်ဆက်ပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးရိုအုပ်က အမှာစကားပြောကြားပြီး လူသရမ်ဝေါလ်ဖက်ဒရေးရှင်း(မြန်မာ) စီမံကိန်းညှိနှိုင်းရေးမှူး ဦးမာန်ကီးက ၂၀၁၈ ခုနှစ် အတွင်း မင်းတပ်မြို့နယ်နှင့် မတူပီမြို့နယ်အတွင်းမှ စီမံကိန်းကျေးရွာ ၅၄ ရွာတွင် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းကာ မိတ်ဆက်ပွဲသို့ မတူပီမြို့နယ်အတွင်းရှိ စီမံကိန်း ကျေးရွာ ၂၀ မှ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်တစ်ဦးစီ၊ မတူပီမြို့အတွင်းရှိ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

လူသရမ်ဝေါလ်ဖက်ဒရေးရှင်း(မြန်မာ)သည် လူ့အခွင့်အရေးအခြေပြု စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း စီမံကိန်းကို ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်း၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မတူပီ(ပြန်/ဆက်)**

# ကျွဲ၊ နွားအရှင်များ ပြည်ပတင်ပို့ရာတွင် သတ်မှတ်ချက်များ ဖောက်ဖျက်ပါက အရေးယူသွားမည်



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ကျွဲ၊ နွား အရှင်များကို ပြည်ပသို့တင်ပို့ရာတွင် တစ်နိုင်တစ်ပိုင် မွေးမြူရေးခြံများနှင့် စီးပွားဖြစ်ခြံများအနေဖြင့် ပြည်တွင်းစားသုံးမှုနှင့် လုပ်ငန်းခွင်အသုံးပြုမှုကို မထိခိုက်စေဘဲ တည်ဆဲဥပဒေသတ်မှတ်ချက်များအတိုင်းသာ ပြည်ပသို့ တင်ပို့ခွင့်ပြုထားပြီး စည်းကမ်းဖောက်ဖျက်ပါက အရေးယူသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။

အဆိုပါ သတ်မှတ်ချက်များတွင် ကျွဲ၊ နွားအရှင်ပြည်ပတင်ပို့ရန်အတွက် တိရစ္ဆာန်ကျန်းမာရေး အထောက်အထားလက်မှတ်ပေါင်းချုပ် ပါရှိရန်၊ ယာယီသယ်ဆောင်စုရပ်သို့ စစ်ဆေးခံခြင်းနှင့် အတည်ပြုအမှတ် ထည့်သွင်းရန်၊ သယ်ဆောင်ရာလမ်းကြောင်းရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သတ်မှတ်သည့် ကြားစခန်းတွင် စစ်ဆေးခံရန် စသည့် အချက်များကို သတ်မှတ်ထားသည့်အပြင် တိရစ္ဆာန် ထိန်းသိမ်းစောင့်ကြည့်ရေးစခန်းတွင် ကျန်းမာရေး စစ်ဆေးမှုခံယူမည်ဖြစ်ကြောင်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တည်ဆဲဥပဒေများကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံချက်ပါရှိရမည်ဟု ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြောသည်။

ဦးရန်နိုင်ထွန်းက "စစ်ဆေးရေးစခန်းတွေက မန္တလေး-မူဆယ်လမ်းကြောင်းနဲ့ ရန်ကုန်-မြဝတီလမ်းကြောင်းဆိုပြီး နှစ်ခုရှိတယ်၊ မန္တလေး-မူဆယ် လမ်းကြောင်းမှာ ကြားစခန်းတွေဖြစ်တဲ့ ၁၆ မိုင် စစ်ဆေးရေးစခန်း၊ ရေပူနဲ့ မူဆယ် ၁၀၅မိုင် ကုန်သွယ်ရေးဇုန် ဖြစ်တယ်၊ ရန်ကုန်-မြဝတီ ကတော့ မရမ်းချောင်းနဲ့ မြဝတီကုန်သွယ်ရေးဇုန်တို့မှာ ထားရှိထားတယ်၊ ပြည်ပတစ်ကြိမ်တင်ပို့ခွင့် ကောင်ရေ ၁၀၀ သတ်မှတ်ထားသလို ခွင့်ပြုကောင်ရေကိုလည်း တစ်ကြိမ်တည်းပဲ သတ်မှတ်ထားတယ်၊ ဒါတွေကို တည်ဆဲဥပဒေတိုင်း လိုက်နာဖို့ လိုအပ်တယ် "ဟု ပြောသည်။

ကျွဲ၊ နွား(အရှင်) များကို ပြည်ပတင်ပို့ကြရာတွင် မွန်ပြည်နယ်၊ ပဲခူး၊ မကွေး၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးများနှင့် ရှမ်းပြည်နယ်တို့မှ မြို့နယ်အလိုက်တိ၊ မွေး၊ ကု (ယာယီ) စစ်ဆေးရေးစခန်းများတွင် ဝယ်ယူစုဆောင်းကြပြီး ပြည်ပသို့တင်ပို့ရန်အတွက် တိရစ္ဆာန်ကျန်းမာရေး စစ်ဆေးပြီးကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်၊ သယ်ဆောင်ခွင့်အထောက်အထား၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ဒေသ ကျွဲ၊ နွား(အရှင်)များ ပြည်ပသို့ တင်ပို့ရောင်းချခွင့် ထောက်ခံချက်များနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲတွင် ပို့ကုန်လိုင်စင်လျှောက်ထား ရယူနိုင်ကြောင်း သိရသည်။

"ကျွဲ၊ နွား အရှင်တစ်ကောင် ဝယ်ယူသယ်ယူကုန်ကျစရိတ်က ၁၆ သိန်းကျော် ကုန်တယ်၊ တစ်ဖက် ပြန်ရောင်းရင် တစ်ကောင်ကို သုံးသိန်းကျော်မြတ်တယ်၊ ဒါပေမယ့် အခုကြုံတွေ့နေရတဲ့ အခက်အခဲက မြို့နယ်တွေကနေ ကျေးရွာအထိ လိုက်ဝယ်ရတဲ့အခါ လိုအပ်သလောက်ဝယ်ယူလို့မရတဲ့ ပြဿနာကြုံနေရတယ်၊ ကျေးရွာအများစုက နွားကို တစ်ပိုင်တစ်နိုင်ပဲ မွေးတာများတော့ စီးပွားဖြစ်ခြံတွေဖြစ်လာဖို့ လိုအပ်နေသေးတယ်၊ ဒါကြောင့် ကုန်ကြမ်းရှားပါးမှုကို ဖြည့်ဆည်းနိုင်ဖို့လည်း လိုအပ်တယ်" ဟု ကျွဲ၊ နွား ရောင်းဝယ်ရေးကုန်သည် ဦးဟန်မော်က ပြောသည်။

လက်ရှိ တရုတ်နိုင်ငံသို့ တင်ပို့မှုပြုထားသည့် ကာလအတွင်း လယ်ယာလုပ်ငန်းခွင်များတွင် အသုံးပြုသည့် ခိုင်းကျွဲ၊ နွား တစ်ရှဉ်း(နှစ်ကောင်)လျှင် ကျပ်သိန်း ၂၀ ကျော်ဈေးအထိ မြင့်တက်လာခြင်းကြောင့် လုပ်ငန်းခွင်တွင် အသုံးပြုလိုသည့်တောင်သူများအတွက် အခက်အခဲများ ရှိလာကြောင်း သိရသည်။

ကျွဲ၊ နွား မွေးမြူရေးလုပ်ကိုင်သူများအနေဖြင့် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ပါ ရရှိစေရန်နှင့် ပြည်ပသို့ တရားမဝင် ကျွဲ၊ နွားတင်ပို့ ရောင်းချမှုများ ပပျောက်သွားစေရန် ရည်ရွယ်၍ ကျွဲ၊ နွား (အရှင်) ပြည်ပတရားဝင်တင်ပို့ခွင့်ကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်မှ စတင်ကာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ဇာလင်းသူ(AMIA)**
**ဓာတ်ပုံ-ထက်အောင်(AMIA)**

## ပုဂ္ဂလိက၊ တောင်သူများနှင့် ပူးပေါင်း၍ အရည်အသွေးမီမျိုးစေ့များ တိုးမြှင့်ထုတ်လုပ်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

စိုက်ပျိုးရေးကဏ္ဍအတွက် အရေးကြီးသည့် အရည်အသွေးမီ မျိုးစေ့များ ထုတ်လုပ်သုံးစွဲနိုင်ရန် ပုဂ္ဂလိက၊ တောင်သူများနှင့် အကျိုးတူ ပူးပေါင်းကာ တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာနပိုင် စိုက်ကွင်းတွေမှာ တောင်သူတွေနဲ့ ပူးပေါင်းပြီး အကျိုးတူ မျိုးစေ့ထုတ်လုပ်တာနဲ့ ဌာနရဲ့ ကြီးကြပ်မှုနဲ့ Private, Public Producers Partnership, PPPP ကလည်း အောင်မြင်လာပြီ ဖြစ်တယ် "ဟု စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ရဲတင့်ထွန်းက ပြောသည်။ မြန်မာနိုင်ငံတွင် စပါးအပါအဝင် သီးနှံများ၏ မျိုးစေ့များ ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးလာစေရေးအတွက် နည်းပညာနှင့် ပြည်တွင်း၊ ပြည်ပမှ အရင်းအနှီးများ ရရှိနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိမြန်မာ့ GAP နည်းဖြင့် သီးနှံများ ထုတ်လုပ်စဉ်၊ ရိတ်သိမ်းပြီးနောက် ကိုင်တွယ်ခြင်း လုပ်ငန်းများတွင် ထွက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ထုတ်ကုန်အရည်အသွေး မြင့်မားလာစေရန်အတွက် စိုက်ပျိုးမည့်မြေ စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းကဆိုသည်။

မျိုးစေ့အရည်အသွေး ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများတွင် မျိုးစေ့နမူနာယူခြင်း၊ မျိုးစေ့အရည်အသွေး စစ်ဆေးခြင်း၊ မျိုးစေ့ထောက်ခံချက်ပေးခြင်းများကို ဆောင်ရွက်ကာ သီးနှံမျိုးစေ့အသစ်များကို တောင်သူများလက်ဝယ်သို့ ဗီဇမျိုးရိုးမပျက် အရည်အသွေး အဆင့်အတန်းမြင့်မားစွာဖြင့် အချိန်တိုအတွင်း အမြန်ဆုံးရောက်ရှိစေရေး အဓိကထားကာ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန်ဖြစ်ကြောင်း သိရသည်။

"မျိုးစေ့ကဏ္ဍက အရေးကြီးတယ်၊ စပါးဆိုရင်လည်း အရည်အသွေးမီမှ အထွက်နှုန်းနဲ့ ပြည်ပတင်ပို့မှုကို အထောက်အပံ့ဖြစ်စေမှာ ဖြစ်တယ်၊ ဒီကဏ္ဍကို တောင်သူတွေရော လုပ်ငန်းရှင်တွေရော လိုက်ပါဆောင်ရွက်ဖို့ လိုတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဒေါက်တာမျိုးအောင်ကျော်က ပြောသည်။

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်၍ အကျိုးအမြတ်ရရှိစေရေးအတွက် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် အရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းမြင့်မားသော စပါးသီးနှံအပါအဝင် သီးနှံများ၏ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ပွားများပြီး လွယ်လင့်တကူ ရယူစိုက်ပျိုးနိုင်ရန် လိုအပ်လျက်ရှိသည်။

စပါးသီးနှံမျိုးစေ့ ထုတ်လုပ်ခြင်းလုပ်ငန်းကို မျိုးစေ့ထုတ်တောင်သူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း၍ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဧက ၁၀၀၀၀ ခန့် စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၆၉၇၃၄ ဧကအထိ တိုးမြှင့်စိုက်ပျိုး ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများကို နိုင်ငံတော်အဆင့် ဆောင်ရွက်ပေးလျက်ရှိသော်လည်း တစ်နိုင်ငံလုံးရှိ စိုက်ဧကများအတွက် လုံလောက်အောင် ထုတ်လုပ်ပေးနိုင်ခြင်း မရှိသေးကြောင်း တောင်သူများကဆိုသည်။

**ဇာလင်းသူ(AMIA)**

## တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန် ဈေးနှုန်း

**(ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ)**



ဒီတစ်ပတ်မှာတော့ ပုသိမ်ဈေးကွက်မှာ ဆန်ရော စပါးဈေးပါ တက်နေပါတယ်။ နှစ်ပတ်ဆက်တိုက် ဈေးနှုန်းမြင့်တက်ခဲ့တဲ့ ပဲစင်းငုံနီကတော့ ဒီတစ်ပတ်မှာ ဈေးကျဆင်းသွားပြီး မတ်ပဲကလည်း ဈေးကျဆင်းသွားပါတယ်။

**ဆန်၊ စပါး**

ပြီးခဲ့တဲ့အပတ်က ဆန်ဈေးတွေတက်ခဲ့ပြီး စပါးဈေးငြိမ်နေခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ဆန်ဈေးရော စပါးဈေးပါ မြင့်တက်လာခဲ့ပါတယ်။ ပုသိမ်မှာ ဆန်စက်ကုန်သည်တွေက ဈေးပေးဝယ်တဲ့အတွက်ကြောင့် ဈေးတက်လာခဲ့ပါတယ်။

ရန်ကုန် ဝါးတန်းကုန်စည်ဒိုင်မှာတော့ ဆန်အဝင်နည်းလာတဲ့အတွက် ဈေးတက်လာပြီး ရောဝတီပေါ်ဆန်း(စပါး)က တင်း ၁၀၀ မှာ ကျပ် ၆၀၀၀၀ ကျော်လောက် ဈေးတက်ခဲ့ကာ တင်း ၁၀၀ ကို ၉၃၇၅၀၀ ကျပ် ပေါက်ဈေး ရှိနေပါတယ်။ပေါ်ဆန်းရင်(စပါး)ကတော့ တင်း ၁၀၀ ကို ၈၇၆၀၀၀ ဈေးရှိပြီး ကျပ် ၉၀၀၀၀ နီးပါးဈေးတက်ခဲ့ပါတယ်။ ဖျာပုံပေါ်ဆန်း(စပါး)က တင်း ၁၀၀ ကို ၈၄၆၀၀ ပေါက်ဈေးရှိပြီး ကျပ် ၇၀၀၀၀ ကျော် ဈေးတက်ခဲ့ပါတယ်။ ဆန်ဈေးကတော့ တစ်တင်းခွဲ တစ်အိတ်ကို ၃၇၀၀၀ ကနေ ၃၈၀၀၀ ကြား ပေါက်ဈေးရှိနေပြီး တစ်အိတ်မှာ ကျပ် ၄၀၀၀ ကျော် ဈေးတက်ခဲ့ပါတယ်။

ဆန်ကြမ်း အမျိုးအစားတွေဖြစ်တဲ့ ရွှေသွယ်လေး(စပါး)နဲ့ ရောမင်း(စပါး)က တင်း ၁၀၀ ကို ကျပ် ၆၉၀၀၀၀၊ မနောသုခ(စပါး)က တင်း ၁၀၀ ကို ကျပ် ၅၉၈၀၀၀၊ မီးကောက်(စပါး)က ကျပ် ၆၁၆၄၀၀ စသည်ဖြင့်ရှိပြီး အမျိုးအစားအလိုက် ဈေးနှုန်းတွေ တက်ခဲ့ပါတယ်။ ဆန်ဈေးကတော့ အမြင့်ဆုံး ၂၆၀၀၀ ကနေ အနိမ့်ဆုံး ၂၄၀၀၀ ရှိပြီး တစ်တင်းခွဲတစ်အိတ်ကို ကျပ် ၂၀၀၀ နီးပါး ဈေးတက်ခဲ့ပါတယ်။

ရန်ကုန် ဝါးတန်းကုန်စည်ဒိုင်မှာတော့ ရွှေဘိုပေါ်ဆန်းသစ် တစ်အိတ်ကို ကျပ် ၅၃၀၀၀ ကနေ ၅၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်မှာ ၃၀၀၀ ကျပ်လောက် ဈေးတက်လာသလို ပေါ်ဆန်း (နယ်စုံ၊ ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြနဲ့ ပုသိမ်)ကလည်း တစ်အိတ်ကို ကျပ် ၃၀၀၀၀ ကနေ ၄၃၀၀၀၊ ဆန်ကြမ်းဖြစ်တဲ့ ညော့်မထဆန်၊ ၂၅ မှတ်တန်၊ ငစိန်၊ မြီးဒုံး၊ မိုးသုခ၊ ရက် ၉၀ နဲ့ နွေသီးထပ်ဆန်တွေကလည်း တစ်အိတ်ကို ကျပ် ၂၆၅၀၀ ခန့် ပေါက်ဈေးရှိပြီး တစ်အိတ်မှာ ကျပ် ၁၀၀၀ ကျော် ဈေးတက်လာပါတယ်။

နယ်ကုန်စည်ဒိုင်ဖြစ်တဲ့ မူဆယ်ကုန်စည်ဒိုင်မှာတော့ တရုတ်နှစ်ကူးဖြစ်တဲ့အတွက် အရောင်းအဝယ်တွေ နားထားပြီး ဈေးကတော့ မပြောင်းလဲပဲ ရှိတယ်နေတယ်လို့ သိရပါတယ်။

**မတ်ပဲ (FAQ/RC)**

ပြီးခဲ့တဲ့အပတ်က ဈေးအနည်းငယ် ပြန်တက်ခဲ့တဲ့ မတ်ပဲက ဒီတစ်ပတ်မှာ ဈေးပြန်ကျဆင်းသွားပါတယ်။ ဒေသတွင်းဝယ်လိုအားလျော့နည်းခဲ့ပြီး ပဲအဝင်တွေလည်း များလာတဲ့အတွက် ဈေးအနည်းငယ်ပြန်ကျသွားခဲ့တာလည်း ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာလည်း ပြည်တွင်းလက်ကျန်ပဲတွေ ကျန်ရှိနေသေးတဲ့အတွက် မြန်မာမတ်ပဲက ဈေးမာနေတဲ့ အခြေအနေမှာရှိနေပါတယ်။ ပွဲတော်ကာလဖြစ်တဲ့အတွက် အနိမ့်ဈေးရရှိနေတဲ့ မတ်ပဲက ဆက်ပြီး ဈေးကျနိုင်ဖွယ်လည်း နည်းနေတယ်လို့ Agriwatch ကနေ သိရပါတယ်။ အိန္ဒိယနိုင်ငံမှာတော့ မြန်မာမတ်ပဲက တစ်တန်ကို ၄၆၅ ဒေါ်လာရှိပြီး ဈေးငြိမ်နေပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ မတ်ပဲက လက်ရှိပေါက်ဈေး ကျပ် ၅၄၀၀၀၀ ကျော်ရှိပြီး တစ်ပတ်အတွင်း ကျပ် ၂၀၀၀၀ ကျော် ဈေးပြန်ကျခဲ့ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၇၀၀၀ ရှိပြီး တစ်တင်းမှာကျပ် ၂၀၀ ဈေးကျပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ ၁၈၃၀၀ နဲ့ နှစ်ပတ်ဆက်တိုက် ဈေးငြိမ်နေပြီး နေပြည်တော်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၆၆၀၀ နဲ့ တစ်တင်းမှာ ကျပ် ၁၃၀၀ လောက် ဈေးတက်လာခဲ့ပါတယ်။

**ပဲစင်းငုံနီ**

ဇန်နဝါရီနောက်ဆုံးပတ်ကစပြီး တဖြည်းဖြည်း ဈေးတက်လာခဲ့တဲ့ ပဲစင်းငုံနီက တစ်တန်ကို ငါးသိန်းနီးပါးအထိ ရောက်ရှိတော့မယ့် အနေအထားတစ်ခုကနေ ဖေဖော်ဝါရီလတတိယအပတ်မှာ ဈေးပြန်ကျသွားပြီး တစ်ပတ်အတွင်း တစ်တန်မှာ ကျပ် ၆၀၀၀၀ လောက်အထိ ဈေးကျဆင်းသွားခဲ့ပါတယ်။ ဈေးတက်တဲ့အချိန် တောင်သူတွေလက်ထဲမှာ ပဲမရှိတော့တဲ့အတွက် ဈေးအတက်အကျရိုက်ခတ်မှုက တောင်သူတွေအပေါ်တော့ အများကြီး မသက်ရောက်ပါဘူး။

အိန္ဒိယနိုင်ငံကို အဓိက တင်ပို့နေတာဖြစ်တဲ့အတွက် အိန္ဒိယဝယ်ယူမှုအပေါ်မူတည်ပြီး ဈေးအတက်အကျ အပြောင်းအလဲက ရှိနေဆဲပါ။ ပြီးခဲ့တဲ့ အပတ်က သုံးသပ်ထားသလို အိန္ဒိယအစိုးရက ပဲစင်းငုံနီတွေကို လက်ရှိအချိန်အထိ ဝယ်ယူပေးနေတဲ့အတွက် ပဲစင်းငုံကတော့ လက်ရှိပေါက်ဈေးထက် ထပ်ပြီးကျဆင်းနိုင်ဖွယ် နည်းတယ်လို့ Agriwatch ကတော့ သုံးသပ်ထားပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပြီးခဲ့တဲ့အပတ်က ပဲစင်းငုံနီ တစ်တန်ကို ကျပ် ၄၇၀၀၀၀ အထိ အမြင့်ဆုံးရှိခဲ့ရာက ဒီတစ်ပတ်ထဲမှာ ကျပ် ၄၂၇၀၀၀ အထိ ဈေးကျသွားပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ၊ မြင်းခြံကုန်စည်ဒိုင်၊ ပခုက္ကူကုန်စည်ဒိုင်နဲ့ ပြည်ကုန်စည်ဒိုင်တို့မှာလည်း ပဲစင်းငုံနီဈေးနှုန်းတွေက တစ်တင်းမှာ ကျပ် ၁၅၀၀ ခန့်အထိ ကျသွားခဲ့ပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ ဒီတစ်ပတ်မှာလည်း ဈေးကျဆင်းသွားပါတယ်။ ကြက်သွန်တွေ ဈေးကွက်အတွင်းကို အများအပြား ဝင်ရောက်နေပြီး အရည်အသွေးညံ့တဲ့အတွက် ဈေးက ထပ်ပြီးကျဆင်းသွားခဲ့တာလည်း ဖြစ်ပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာ ကြက်သွန်နီ တစ်ပိဿာကို ကျပ် ၁၁၅၀ ခန့်ရှိပြီး တစ်ပိဿာမှာ ကျပ် ၃၀၀ ကျော် ဈေးကျဆင်းသွားသလို ပခုက္ကူကုန်စည်ဒိုင်မှာ ၂၀၀ ကျပ်ခန့်၊ နေပြည်တော်ကုန်စည်ဒိုင်မှာ ၂၀၀ ကျပ်ကနေ ၄၀၀ ကျပ်၊ ပြည်ကုန်စည်ဒိုင်မှာ ၂၀၀ ကျပ်ခန့် ဈေးကျဆင်းခဲ့ပါတယ်။ ရန်ကုန် ကုန်စည်ဒိုင်မှာတော့ တောင်တွင်း၊ မြစ်သား၊ ဆိပ်ဖြူ၊ ပျော်ဘွယ်အစရှိတဲ့ ကြက်သွန်နီအမျိုးမျိုးက တစ်ပိဿာကို ကျပ် ၈၅၀ ကနေ ကျပ် ၁၇၅၀ ကြား ပေါက်ဈေးရှိပြီး တစ်ပိဿာမှာ ကျပ် ၃၀၀ ကျော်လောက် ဈေးကျဆင်းသွားခဲ့ပါတယ်။

**အာလူး**

အာလူးကလည်း အဝင်များလာပြီး ဒေသတွင်းဝယ်လိုအား လျော့နည်းသွားတဲ့အတွက်ကြောင့် ဒီတစ်ပတ်မှာ ဈေးအနည်းငယ် ကျဆင်းသွားခဲ့ပါတယ်။ နေပြည်တော်ကုန်စည်ဒိုင်မှာ အာလူး တစ်ပိဿာကို ကျပ် ၂၀၀ ကနေ ၆၀၀ ခန့်သာ ဈေးရရှိပြီး တစ်ပိဿာမှာ ကျပ် ၃၀၀ လောက် ဈေးကျဆင်းသွားပါတယ်။ ပြည်ကုန်စည်ဒိုင်မှာလည်း တစ်ပိဿာမှာ ကျပ် ၃၀၀ ကနေ ၅၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာမှာ ကျပ် ၃၅၀ လောက် ဈေးကျခဲ့သလို အောင်ပန်းကုန်စည်ဒိုင်မှာလည်း တစ်ပိဿာမှာ ကျပ် ၅၀ လောက် ဈေးကျခဲ့ပါတယ်။

**ကြက်သွန်ဖြူ**

ကြက်သွန်ဖြူကလည်း ဒီတစ်ပတ်ထဲမှာ ရှမ်းရော ကြူကုတ်ပါ ဈေးကျဆင်းသွားခဲ့ပါတယ်။ နေ့စဉ် ပုံမှန် အရောင်းအဝယ်ဖြစ်ပြီး ဈေးငြိမ်နေခဲ့ပေမယ့် ဒီတစ်ပတ်မှာ အနည်းငယ် ကျဆင်းခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ကြက်သွန်ဖြူဟာ အမြင့်ဆုံးဈေး ၆၀၀၀ ကျော်အထိ ရရှိခဲ့ပေမယ့် လက်ရှိမှာတော့ တစ်ပိဿာကို ကျပ် ၂၀၀၀ ကျော်နဲ့ လအတန်ကြာ ဈေးငြိမ်နေခဲ့ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ၊ နေပြည်တော်ကုန်စည်ဒိုင်၊ ပြည်ကုန်စည်ဒိုင်နဲ့ အောင်ပန်းဒေသတွေမှာလည်း ကြက်သွန်ဖြူ တစ်ပိဿာမှာ ကျပ် ၅၀ ကနေ ကျပ် ၂၀၀ ခန့်အထိ အသီးသီး ဈေးကျခဲ့ပါတယ်။

**ဝတ်ရည်မွန်(AMIA)**
**ဓာတ်ပုံ-ကေဇူး(AMIA)**

# ဖျက်ပိုးနှင့် ကြွက်များ ကျရောက်ခြင်းကြောင့် ပဲတီစိမ်းထွက်နှုန်း တစ်ဝက်ခန့်လျော့ကျ

**သုဝဏ္ဏဝတီ ဖေဖော်ဝါရီ ၂၅**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ပင်လယ်ဝနှင့်နီးသော အောက်ကွင်းကျေးရွာအုပ်စု ငါးအုပ်စုအတွင်းရှိ ကျေးရွာများမှ ပဲတီစိမ်းစိုက်ခင်းများတွင် သီးနှံဖျက်ပိုးဖြစ်သော ငမြှောင်တောင်ပိုးနှင့် လယ်ကြွက်များကြောင့် ပဲတီစိမ်းအထွက်နှုန်း လျော့ကျကာ ယခင်နှစ်က တစ်ဧကလျှင် ၁၀ တင်းခန့်ရှိရာမှ ယခုနှစ်တွင် ငါးတင်းသာ ထွက်ရှိကြောင်း သိရသည်။

စပါးရင့်မှည့်ချိန်၊ ရိတ်သိမ်းချိန် တန်ဆောင်းမုန်းလမှ တပေါင်း၊ တန်ခူး လများအတွင်းက ကြွက်များကျခဲ့သော်လည်း စပါးနှင့် ပဲတီစိမ်းစိုက်ပျိုးသော လယ်ကွင်းများအတွင်း လိုက်လံ၍ ကြွက်ဖမ်းသည့် ကြွက်ထိုးသမားများကြောင့် ကြွက်အန္တရာယ် နည်းပါးသွားခဲ့ကြောင်း၊ ထို့နောက် ပဲတီစိမ်းစိုက်ပျိုးပြီး အပင်များဖြစ်ထွန်းလာချိန်တွင် သီးနှံဖျက်ပိုးဖြစ်သော ငမြှောင်တောင်ပိုး ဝင်ရောက်ခဲ့၍ ပိုးသတ်ဆေးဖြင့် အချိန်မီ ထိန်းသိမ်းနိုင်ခဲ့သော်လည်း အသီးဖြစ်တည်စအချိန်တွင် တစ်ဖန် ပိုးထပ်ကျသောကြောင့် ပဲတီစိမ်းတစ်ဧကအထွက်နှုန်းမှာ ပြီးခဲ့သည့်နှစ်ကထက် ထက်ဝက်ခန့် ကျဆင်းခဲ့ရကြောင်း ကတိုက်လေးကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်အောင်က ပြောသည်။ မရမ်းကုန်းကျေးရွာမှ ပဲတီစိမ်းစိုက်ပျိုးသူ ကိုမြတ်ထူးက "ကြွက်က သူစားပြီး ကျန်သလောက်ရသေးတယ်၊ ဒါပေမယ့် ပိုးကျရင်တော့ ကုန်ရောပဲ"ဟု ပြောသည် ။

ဆိပ်ကျွန်းကျေးရွာနှင့် မရမ်းကုန်းကျေးရွာများတွင် စပါးပဲတီစိမ်းသီးနှံများကို ဖျက်ဆီးစားသောက်နေသော လယ်ကြွက်များကို ရှာဖွေဖမ်းဆီး၍ ဝမ်းစာရှာစားကြသူများ အများအပြားရှိနေသောကြောင့် ကြွက်အန္တရာယ်နည်းပါးကြောင်း၊ ကြွက်ထိုး(ကြွက်ဖမ်း)သူများသည် ကြွက်ပေါများရာ စပါး၊ ပဲတီစိမ်း ပြောင်းခင်း ကြံခင်း အစရှိသော သီးနှံပင်များရှိသည့် ထိန်ပင်(သထုံ)၊ လိပ်ခုံး(ဘီးလင်း)၊ မုပ္ပလင်(ကျိုက်ထို) စသော နေရာဒေသများတွင် ကြွက်များကို လိုက်လံရှာဖွေဖမ်းဆီးပြီး ရောင်းချကြကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ရေဆင်းချောင်းဟောင်းရေနုတ်မြောင်း ပြန်လည်တူးဖော်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုများမှ ကာကွယ်ရေးအတွက် ရေဆင်းချောင်းဟောင်း ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန နေပြည်တော်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်တာဝန်ရှိသူများ ဖေဖော်ဝါရီ ၂၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့အား ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြကာ နေပြည်တော်ကောင်စီဝင်က လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ စနစ်တကျဆောင်ရွက်ရေး၊ သတ်မှတ်ချိန်အတွင်း ပြီးစီးရန်မှာကြားခဲ့သည်။

မိုးများသည့်နှစ်များတွင် အရှေ့ဘက်တောင်တန်းများမှ စီးဆင်းလာသည့် ရေဆင်းဆည် ရေပြည့်ပြီး ရေပိုလွှဲမှ ရေများကျော်ကျမှု ဖြစ်လာလျှင်ရေဘေးအန္တရာယ်များ မဖြစ်ပွားစေရန်နှင့် ရေကြီးနစ်မြုပ်မှုများမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အဆိုပါရေနုတ်မြောင်းကို တူးဖော်ခြင်းဖြစ်ကြောင်း၊ ရေဆင်းချောင်းဟောင်း ရေနုတ်မြောင်းသည် အရှည်ပေ ၂၁၀၀၀ ရှိပြီး မြောင်းပြန်လည်တူးဖော်ခြင်းကို ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အရှည်ပေ ၁၇၀၀၀ ပြီးစီးနေပြီး မတ်လမကုန်မီ လုပ်ငန်းအားလုံး ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**မောင်မွှေး**



# စိုက်ပျိုးရေ လုံလောက်စွာမရရှိသဖြင့် ကြက်သွန်ဖြူ လျှော့ချစိုက်ပျိုးမည်

**ဟိုပုံး ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) မြို့နယ်အချို့တွင် လက်ရှိကြက်သွန်ဖြူ စိုက်ပျိုးရာသီအတွင်း စိုက်ပျိုးရေ လုံလောက်စွာ မရရှိသည့်အတွက် စိုက်ပျိုးဧကများ လျှော့ချစိုက်ပျိုးမည်ဖြစ်ကြောင်း ကြက်သွန်စိုက်ပျိုးတောင်သူများ ကွန်ရက်မှ သိရသည်။



"အရင်နှစ်တွေက တောင်ပေါ်ဒေသမှာပဲ စိုက်တာများတယ်။ ဒီဘက်ဒေသမှာက တောင်ပေါ်ကကျလာတဲ့ စိမ့်စမ်းရေကိုပဲ အားကိုးစိုက်ရတယ်။ တောင်ပေါ်မှာ စိုက်တာက လယ်တောထဲစိုက်တာထက် ကြက်သွန်ဖြူဥ အရည်အသွေး ပြည့်မီတယ်။ အထွက်ပိုတဲ့ အားသာချက်ရှိတယ်။ ဒါပေမယ့် သဘာဝစိမ့်စမ်းရေ ရရှိမှုကလည်း နည်းသထက် နည်းလာတော့ လယ်တောထဲ ရွှေ့ပြောင်းစိုက်လာတယ်။ စိုက်ရေရှားတာက ၂၀၁၇ နှစ်ဝက် လောက်ကစပြီးတော့ လျော့နည်းထွက်ရှိတာကနေ အခုနှစ်စိုက်ရာသီမှာ ရေအရင်းမြစ်တွေ ခန်းခြောက်နေတာ တွေ့ရသလို ရေထွက်နှုန်းကလည်း နည်းလာနေတယ်။ စက်ရေတွင်းနဲ့ပဲ ရေတင်စိုက်မယ်ဆိုရင် ကုန်ကျ စရိတ်များလို့ စိုက်ဖို့မဖြစ်နိုင်ဘူး" ဟု ဟိုပုံးမြို့နယ်မှ ကြက်သွန်ဖြူ စိုက်တောင်သူ ဦးစိုင်းဘိုနောင်က ပြောသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နှစ်စဉ် ကြက်သွန်ဖြူ စိုက်ဧက ၃၀၀၀၀ နီးပါးခန့်ကို စိုက်ပျိုးကြပြီး တောင်ကြီး၊ ပင်လောင်း၊ နောင်တရားနှင့် ဟိုပုံးမြို့နယ်တို့တွင် အဓိကစိုက်ပျိုးကြကာ ကျန်မြို့နယ်များတွင်လည်း အနည်းငယ် စိုက်ပျိုးကြကြောင်း၊ ကြက်သွန်ဖြူ စိုက်ပျိုးသည့် တောင်သူများသည် စိုက်ပျိုးရာတွင် အရင်းအနှီးများစွာကို ရင်းနှီးမြှုပ်နှံ အသုံးပြုရသော်လည်း ဈေးနှုန်းအာမခံချက်မရှိသည့် အခက်အခဲကို ကြုံတွေ့နေရသည်။

"ကြက်သွန်ဖြူကို တချို့တောင်သူတွေက နိုဝင်ဘာကနေ စစိုက်သလို ဖေဖော်ဝါရီမှာ စိုက်တာလည်း ရှိတယ်။ သင်္ကြန် လေးလအကြာ ဧပြီလဆန်းမှာ လှိုင်လှိုင်ထွက်ရှိတယ်၊ ကြက်သွန်ဖြူကို ရာသီခြံအဖြစ် သီးသန့်စိုက်ပျိုးကြသလို စပါးရိတ်သိမ်းပြီး လယ်မြေတွေမှာလည်း စိုက်ပျိုးကြပါတယ်၊ အခုနှစ် စိုက်ရာသီမှာ ရေရှားပါးတာ ကြုံတွေ့နေရတော့ အရင်နှစ်က ငါးဧကကျော်စိုက်တာ အခုနှစ်တော့ သုံးဧက ဝန်းကျင်လောက်ပဲ စိုက်တော့မယ်၊ ကျွန်တော်တို့ တောင်သူတွေအတွက်တော့ ဈေးကွက်ခိုင်မာတာကိုပဲ လိုလားတယ်၊ စက်နဲ့ စိုက်ပျိုးရေးလုပ်နိုင်အောင်လည်း ချေးငွေလို ပံ့ပိုးမှုတွေ ရမယ်ဆိုရင်တော့ စိုက်ဧက ပုံမှန်ပြန်ဖြစ်လာမှာပါ"ဟု ပင်လောင်းမြို့နယ် ပင်မွန်းကျေးရွာနေ တောင်သူ ဦးစိုင်းမောင်လုံက ပြောသည်။

ရှမ်းပြည်နယ်မှထွက်ရှိသည့် ကြက်သွန်ဖြူများကို ရန်ကုန်ပွဲရုံများသို့ အဓိက တင်ပို့နေကြပြီး ရန်ကုန်ပွဲရုံများအနေဖြင့် အရောင်းအဝယ်ဖြစ်သည့် ငွေကျပ် ၁၀၀ တွင် ပွဲခအဖြစ် ၃ ကျပ်အထိ ယူနေကြသည့်အတွက် ယခုနောက်ပိုင်းတွင် ရန်ကုန်သို့ တင်ပို့မှုလျော့နည်းလာကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)**
**ခာတ်ပုံ-ကေဇူး(AMIA)**

# ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တန်ချိန် သုံးသန်းကျော်အထိ တင်ပို့ထားနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

လက်ရှိဘဏ္ဍာနှစ် (ဧပြီလမှ ဖေဖော်ဝါရီ ၉ ရက် အထိ) အတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန်သုံးသန်းကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၄၈ သန်း ရရှိထားရာ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁ ဒသမ ၇ သန်းကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၄၃ ဒသမ ၃၇၁ သန်းခန့် ပိုမိုရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။

"အများဆုံးတင်ပို့တဲ့ နိုင်ငံတွေက တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ အနောက်အာဖရိက နိုင်ငံတွေဖြစ်တဲ့ အိုင်ဗရီကို့စ်၊ ဘယ်လ်ဂျီယံ၊ ဂါနာ၊ မက်ဒါဂါစကာ၊ သီရိလင်္ကာနှင့် အာဖဂန်နစ္စတန်နိုင်ငံ၊ ဆီနီဂေါနဲ့ ပိုလန်နိုင်ငံတို့ ဖြစ်ပါတယ်၊ အရင်နှစ်တွေက နိုင်ငံပေါင်း ၄၀ သာ တင်ပို့နိုင်ခဲ့ပြီး အခုနှစ်မှာ ၆၂ နိုင်ငံ တင်ပို့နိုင်ခဲ့တဲ့အတွက် ၂၂ နိုင်ငံကို ဈေးကွက်တိုးချဲ့တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်၊ အရင်ကာလတွေက ပြည်ပကို ဆန်စပါးတင်ပို့ရာမှာ တရုတ်နိုင်ငံကို ၇၀ ရာခိုင်နှုန်း တင်ပို့ခဲ့ပေမယ့် ဒီနှစ်မှာတော့ ပင်လယ်ရေကြောင်း ဈေးကွက်သစ်တွေကို ရှာဖွေတိုးချဲ့ပြီး လယ်ယာထွက်ကုန်တွေကို အဓိက တင်ပို့လာနိုင်ပါတယ်"ဟု ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြောသည်။

မြန်မာ့ဆန်တင်ပို့မှု ဈေးနှုန်းအနေဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၇ ရက် ဈေးနှုန်းများအရ တစ်တန်လျှင် ဆန်အမျိုးအစားအလိုက် အမေရိကန်ဒေါ်လာ ၃၅၆ ဒေါ်လာမှ အမြင့်ဆုံး အမေရိကန်ဒေါ်လာ ၄၃၀ ထိ ရရှိခဲ့ပြီး တင်ပို့ရာတွင် ဝယ်လိုအားနှင့် ဈေးကွက်အပေါ်မူတည်၍ အချို့ဆန်အမျိုးအစားများမှာ ပင်လယ်ရေကြောင်းမှ ဈေးပိုရရှိသည်များရှိသကဲ့သို့ အချို့ဆန်၊ ဆန်ကွဲ အမျိုးအစားများမှာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ ဈေးပိုမိုရရှိခဲ့ကြောင်း သိရသည်။

စိန်ခေါ်မှုတွေကတော့ စပါးမျိုးစေ့၊ သွင်းအားစု၊ ကြိတ်ခွဲမှုစနစ်၊ ထုတ်လုပ်မှုကုန်ကျစရိတ်၊ ခေတ်မီနည်းပညာတွေအပြင် သယ်ယူပို့ဆောင်ရေးစနစ်၊ ငွေကြေးလိုအပ်ချက်တွေနဲ့ ပြည်ပကို တင်ပို့ရာမှာလည်း Logistic ဆိုင်ရာကိစ္စတွေ ရှိနေတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးမန်းကျော်ဝင်းက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁၇ သိန်းကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၅၄ သန်းခန့် ရရှိခဲ့ကြောင်း သိရသည်။

**မြတ်သူ(AMIA)**

# မွေးမြူရေးကန်များအတွင်း ရောက်ရှိနေသည့် စုပ်ခွက်ငါးများကို ငါးစာအဖြစ်အသုံးပြုရန် အကြံပြု

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ငါးမွေးမြူရေးကန်များအတွင်း ရောက်ရှိနေသည့် စုပ်ခွက်ငါးများကို ငါးစာအဖြစ်အသုံးပြုရန် အကြံပြုထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

စုပ်ခွက်ငါးများသည် မြန်မာ့ဒေသရင်း မျိုးစိတ်များမဟုတ်ဘဲ ပြည်ပနိုင်ငံများမှ မျိုးစိတ်ဖြစ်ကာ စုပ်ခွက်ငါးမျိုးစိတ်များကို အလှမွေးသူများက အကောင်ကြီးလာချိန်တွင် ဆက်လက်ထိန်းသိမ်းနိုင်ခြင်း မရှိတော့၍ နီးစပ်ရာမြစ်ချောင်းများအတွင်း စွန့်ပစ်ခြင်းမှစတင်ကာ မြန်မာနိုင်ငံအနှံ့အပြားသို့ ရောက်ရှိပြန့်ပွားလာခြင်း ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် တွံတေးမြို့နယ်ရှိ ဧက ၄၀ ခန့်ရှိ ငါးကန်တစ်ကန်၌ ငါးဖော်ချိန်တွင် စုပ်ခွက်ငါး ပိဿာချိန် ၂၀၀၀ ကျော် (ကောင်ရေ ၄၀၀၀ ခန့်) တွေ့ရှိခဲ့ပြီး မွေးမြူထားသည့်ငါးများကိုကျွေးထားသည့် အစာတောင့်များကို စုပ်ခွက်ငါးများက လုယက်စားသောက်သည့်အတွက် မွေးမြူထားသည့်ငါးများ အစာဝလင်စွာ မစားရခြင်း၊ စုပ်ခွက်ငါးများ၏ ဆူးတောင်များနှင့် ထိခိုက်မှုများဖြစ်ကာ ငါးများသေဆုံးမှုဖြစ်ပေါ်ခြင်း၊ ငါးမွေးကန်၏ ကန်ပေါင်နံရံများကို တူးဆွခြင်းကြောင့် ကန်ပေါင်များ ပျက်စီးလာသည့်အပြင် ငါးကန်အလုပ်သမားများ၏ ခြေလက်တို့တွင်လည်း စုပ်ခွက်ငါးများ၏ ကိုက်ခဲမှုကြောင့် ဒဏ်ရာရရှိခြင်းများရှိလာကြောင်း မွေးမြူရေးလုပ်ငန်းရှင်များက ပြောကြားသည်။

စုပ်ခွက်ငါးသည် မြန်မာနိုင်ငံ မြစ်ချောင်းများအတွင်း ပျံ့နှံ့ရောက်ရှိနေပြီး ယခုအခါတွံတေးမြို့နယ်အပြင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်နှင့် မိုးယွန်းကြီးအင်း၊ ရှမ်းပြည်နယ် အင်းလေးကန်အတွင်းအထိပါ ဝင်ရောက်ပျံ့နှံ့နေပြီဖြစ်သည့်အတွက် အဆိုပါပြဿနာများကို ဆောလျင်စွာ ကိုင်တွယ်ဖြေရှင်းခြင်း မပြုလုပ်နိုင်ပါက ရေချိုငါးမွေးမြူခြင်းလုပ်ငန်းများ လျော့နည်းလာနိုင်ပြီး ရေထွက်ပစ္စည်းထုတ်လုပ်မှု ကျဆင်းခြင်း၊ သဘာဝ ငါးသယံဇာတ ရှားပါးလာနိုင်ခြင်း၊ သဘာဝမြစ်ချောင်းများ တိမ်ကောကာ ရေဝပ်ဒေသများကို ပျက်စီးလာစေနိုင်ခြင်းတို့အပြင် ရေလုပ်သားများ၏ စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်လာနိုင်ကြောင်းလည်း မွေးမြူရေးလုပ်ငန်းရှင်များက အကြံပြုထားသည်။

**မြတ်သူ (AMIA)**

# သီးနှံမျိုးဗီဇ အရင်းအမြစ်များ ရှာဖွေစုဆောင်းထိန်းသိမ်းခြင်း နည်းပညာပေးသင်တန်းဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံအတွင်းရှိ သီးနှံဗီဇအရင်းအမြစ်များအား မပျောက်ပျက်အောင် ကာကွယ်ထိန်းသိမ်းရေးအတွက် ရည်ရွယ်ကာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ Rural Development Administration(RDA) ၏ အထောက်အပံ့များဖြင့် အာဆီယံ စားနပ်ရိက္ခာ စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (AFACI)စီမံကိန်း၏ IMPGR project တို့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ သီးနှံမျိုးဗီဇ အရင်းအမြစ်များ ရှာဖွေစုဆောင်းထိန်းသိမ်းခြင်း နည်းပညာသင်တန်းကို ဖေဖော်ဝါရီ ၂၂ ရက်က စိုက်ပျိုးရေးသုတသနဦးစီးဌာန(ရုံးချုပ်)ရှိ စပါးဇီဝဥယျာဉ်ဌာနစုတွင် ဖွင့်လှစ်ခဲ့သည်။

တစ်နိုင်ငံလုံးအတွက် အလွန်အရေးကြီးလှသော သီးနှံဗီဇအရင်းအမြစ်များအား မပျောက်ပျက်အောင် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တောင်သူများအနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့အရပ်ဒေသအသီးသီးမှ ရေငတ်ဒဏ်၊ ပိုးမွှားရောဂါဒဏ်၊ အပူဒဏ်ခံနိုင်သောမျိုးများ၊ ထူးခြားလက္ခဏာများရှိသည့် မျိုးများကို စုဆောင်းကာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနရှိ မျိုးစေ့ဘဏ်သို့ ပေးပို့စေလိုကြောင်း၊ ဒေသခံများအနေဖြင့် မျိုးစုဆောင်းပေးခြင်းဖြင့် ဒေသအတွင်းရှိ နေရာဒေသအနှံ့အပြားမှမျိုးများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ယခုသင်တန်းတွင် ဒေသအတွင်းရှိမျိုးများ စုဆောင်းပေးပို့ရာတွင် စနစ်တကျပေးပို့တတ်စေရန် သင်ကြားပေးသွားမည်ဖြစ်ပြီး ရရှိလာသည့် မျိုးရိုးဗီဇများမှ လိုလားအပ်သည့် အရည်အချင်းလက္ခဏာများကိုရယူကာ မျိုးကူးစပ်ပညာရှင်များက မျိုးသစ်များထုတ်လုပ်ရာတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်ကာ ရေ၊ မြေ၊ ရာသီနှင့်ကိုက်ညီသည့် ရောဂါပိုးမွှားဒဏ်ခံနိုင်ပြီး အထွက်နှုန်းကောင်းမျိုးသစ်များ ရရှိလာမည်ဖြစ်ကြောင်း၊ မျိုးကူးစပ်ပညာရှင်များအနေဖြင့် နိုင်ငံတကာနှင့်ချိတ်ဆက်၍ လုပ်ဆောင်လျက်ရှိကြောင်း စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက ပြောသည်။

သင်တန်းတွင် အပင်မျိုးဗီဇများအကြောင်း သိကောင်းစရာများနှင့် မျိုးဗီဇစုဆောင်းခြင်း အကြောင်းအရာများ၊ မျိုးစေ့ဘဏ်၏ လုပ်ငန်းစဉ်များ၊ အအေးခန်းတွင် ထိန်းသိမ်းနိုင်မှုအခြေအနေများ၊ အပင်မျိုးဗီဇများ စူးစမ်းရှာဖွေစုဆောင်းခြင်းနှင့် တင်သွင်းခြင်းအကြောင်းအရာများကို ဆွေးနွေးပို့ချခဲ့ပြီး မျိုးဗီဇများ၏ အရေးကြီးပုံနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်ကာ မျိုးစုဆောင်းခြင်း အတွေ့အကြုံများကိုလည်း တာဝန်ရှိသူတစ်ဦးက တောင်သူများအား ရှင်းလင်းပြောကြားခဲ့သည်။ ထို့အပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ ဒေသအသီးသီးမှ တောင်သူများနှင့်အတူ သွားရောက်၍ မျိုးစုဆောင်းခြင်းများကို လက်တွေ့လိုက်ပါသင်ကြားပေးခဲ့ကာ အဆိုပါသင်တန်းသို့ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်-ပေါက်ခေါင်း၊ သဲကုန်း၊ သာယာဝတီနှင့် နတ္တလင်းမြို့နယ်များကို အကျိုးပြုနေသည့်ဆည်များ

တင်လှိုင်(မိတ္ထီလာ)

မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တောင်သူလယ်သမားများ စိုက်ပျိုးထားသည့် သီးနှံစုံများ စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တစ်နိုင်ငံလုံးတွင် ဆည်မြောင်းတာတမံများဖြင့် စိုက်ပျိုးရေ ပေးဝေနေသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်နှင့် သဲကုန်းမြို့နယ်များရှိ တောင်သူလယ်သမားများ စိုက်ပျိုးထားသည့် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများအတွက် စိုက်ပျိုးရေအလုံအလောက်ရရှိစေရန် ပြည်မြို့နယ်ဆီဆုံကုန်းကျေးရွာအနီးတွင် မြောက်နဝင်းရေလှောင်တမံကို ၁၉၆၈ ခုနှစ်က စတင်တည်ဆောက်ခဲ့သည်။ ဆည်ရေသောက်ဧရိယာသို့ ၁၉၇၆ ခုနှစ်က စတင်ရေပေးဝေခဲ့သည်။ ရေလှောင်တမံ၏ ကန်ရေသောက်ဧရိယာမှာ ၉၆၇၆၉ ကေပေ ဖြစ်သည်။

မြောက်နဝင်းဆည်မှာ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဆီဆုံကုန်းကျေးရွာအနီးတွင် တည်ရှိသည်။ ရေဝပ်ဧရိယာမှာ ပေါက်ခေါင်းမြို့နယ်တွင် တည်ရှိသည်။ မြောက်နဝင်းချောင်းကိုပိတ်၍ တည်ဆောက်ထားခြင်းဖြစ်သည်။ တမံအမျိုးအစားမှာ မြေသားတမံ (Zone Type) ဖြစ်သည်။ တမံအမြင့် ၁၁၅ပေ၊ တမံအလျား ၅၃၀၈ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ကေပေ ၂၉၉၁၀၀၀ ဖြစ်သည်။

ရေထုတ်ပြွန်အမျိုးအစားသံကူကွန်ကရစ်အတွင်းသံမဏိပိုက်၊ ရေထုတ်ပြွန်အရွယ်အစားရှစ်ပေ၊ အချင်းတစ်ပေ၊ ရေထုတ်ပြွန်အလျား ၄၁၄ ပေ ရေပိုလွှဲအမျိုးအစား သံကူကွန်ကရစ် (ဘဲနှုတ်သီး)ရေပိုလွှဲအကျယ်၆၆ပေ၊ (က) ရေမြောင်းမကြီး ၄ ဒသမ ၆၆ မိုင်၊ (ခ) လက်ဝဲမြောင်းမကြီး ၂၉ ဒသမ ၅၃မိုင်၊ လက်ယာမြောင်းမကြီး ၁၃ ဒသမ ၈၃မိုင်၊ လက်တံမြောင်းမှာ ၂၈၀ ဒသမ ၉၅မိုင်ဖြစ်သည်။ ဆည်ရေ ၆၉၇၆၉ ကေသို့ ရေပေးဝေနေသည်။

မြောက်နဝင်းဆည်လက်ဝဲ၊ လက်ယာတူးမြောင်းများမှ ပြည်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်နှင့် သဲကုန်းမြို့နယ်များရှိ တောင်သူလယ်သမားများအတွက် နှစ်စဉ်နွေစပါး၊ မိုးစပါးအတွက် တစ်နှစ်လုံးရေပေးဝေနေသော ဆည်ကြီးဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်နှင့် နတ္တလင်းမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများ ရေပေးဝေနိုင်ရေးအတွက် တောင်ညိုရေလှောင်တမံနှင့် ဆည်ရေသောက်စနစ်ကို ၁၉၉၅ ခုနှစ်က စတင်တည်ဆောက်ပြီး ၁၉၉၆ခုနှစ်ကစ၍ စိုက်ပျိုးရေပေးဝေခဲ့သည်။ ရေလှောင်တမံ၏ ကန်ရေပြည့်ရေလှောင်နိုင်မှုမှာ ကေပေ ၂၁၀၀၀၀ ဖြစ်သည်။

တောင်ညိုရေလှောင်တမံကို ပဲခူးတိုင်းဒေသကြီး နတ္တလင်းမြို့နယ် မကျီးပင်ရွာအနီးတွင် တည်ဆောက်ထားသည်။ တောင်ညိုချောင်းကို ပိတ်၍တည်ဆောက်ထားခြင်းဖြစ်သည်။

တမံအမျိုးအစားမှာ မြေသားတမံဖြစ်သည်။ တမံအမြင့် ပေ ၁၁၀၊ တမံအလျား ပေ ၃၄၈၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ကေပေ ၂၁၀၀၀၀၊ ရေထုတ်ပြွန်အရွယ်အစား (၆ × ၄) ပေ သံကူကွန်ကရစ်သုံးပေါက်၊ ရေထုတ်ပြွန်အလျား ၃၃၈ပေ၊ ရေပိုလွှဲအမျိုးအစားသံကူကွန်ကရစ် (BOARD CREST TYPE) ဖြစ်သည်။ ရေပိုလွှဲအကျယ် ပေ ၉၀၊ ရေပိုလွှဲအလျား ပေ ၇၂၀၊ တူးမြောင်းမကြီးအလျား ၁၃ ဒသမ ၅၈ မိုင်၊ လက်တံမြောင်းများ အလျား ၁၃၉ ဒသမ ၁၄ မိုင်၊ ဆည်ရေပေးနိုင်သည့် ဧရိယာကေ ၅၀၀၀၀ ဖြစ်သည်။



ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်နှင့် သဲကုန်းမြို့နယ်များရှိ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေပေးဝေနေသည့် မြောက်နဝင်းဆည် ရေလှောင်တမံ။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိမြောက်နဝင်းဆည်နှင့် တောင်ညိုဆည်တို့မှ နှစ်စဉ်နွေစပါး၊ မိုးစပါးအတွက် တစ်နှစ်လုံး ရေပေးဝေရသည့်အပြင် နှစ်ကာလကြာမြင့်လာသော်လည်း ထိရောက်သောအထူးပြင်ဆင်ခြင်းများ မလုပ်နိုင်သည့်အတွက် တူးမြောင်းများ သဲနုန်းပို့လာခြင်း၊ တူးမြောင်းကွန်ကရစ်နှင့် အုတ်လိုင်နာများ ပျက်စီးလာခြင်း၊ တူးမြောင်းများပျက်စီးလာသဖြင့် ဆည်ရေ အပြည့်အဝမပေးနိုင်ခြင်း၊ တူးမြောင်းပေါင်နိမ့်ကျပျက်စီးလာခြင်း၊ ရေနုတ်မြောင်းများတိမ်ကောပျက်စီးလာခြင်းများ ဖြစ်ပေါ်နေသည်။

မြောက်နဝင်းဆည်နှင့် တောင်ညိုဆည်တို့အား ဂျပန်နိုင်ငံ၏ JICA (ODA) LOAN အကူအညီဖြင့် ဆည်ရေသောက်စနစ် တူးမြောင်းများအား အပိုင်းလိုက် ပြုပြင်တည်ဆောက်နေသည်။

ထို့ကြောင့် ခေတ်မီတူးမြောင်းစနစ်ပြီးပါက နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများ ပိုမိုစိုက်ပျိုးနိုင်လာမည်ဖြစ်သည်။ ထို့အပြင် လမ်းပန်းဆက်သွယ်ရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး တောင်သူလယ်သမားများမှာလည်း ဆင်းရဲမှုလျော့ကျလာကာ သီးနှံများလည်း ပိုမိုစိုက်ပျိုးလာနိုင်မည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြောက်နဝင်းဆည်နှင့် တောင်ညိုဆည်တို့အား စက်အားလူအားဖြင့် တူးမြောင်းများတည်ဆောက်နေသဖြင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်၊ သဲကုန်းမြို့နယ်၊ သာယာဝတီမြို့နယ်နှင့် နတ္တလင်းမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအတွက် အကျိုးပြုနေသည့် ဆည်ကြီးနှစ်ဆည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။


## မြေကွက်များ ဝယ်လိုသည်

ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့ မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

ဖုန်း-၀၉-၄၀၀၉၄၀၀၄၁၊ ၀၉-၄၀၀၉၄၀၀၄၂

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ-၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ်-၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ်-၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန်-၂၀၁၄) နှင့် Certificate ရ

ဖျံ-၅-ကောင် အမှတ်တံဆိပ် သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တ-ဆေး(တနယ်ပင်း) ၀၁၇/၀၃၁၅

တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၂၄၊ ၄၂ လမ်း။ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၇၃၇၀၁၇၅၊ ၃၉၂၉၆၄


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဟင်္သာတမြို့နယ်တရားရုံး

၂၀၁၇ ခုနှစ် တရားမကြီးအမှုအမှတ်-၁၇၂

ဦးဝင်း နှင့် ၁။ ဦးငပြုံး(ခ)ဦးမြင့်ထွေး
၂။ ဒေါ်သန်းငွေး
၃။ ကိုဇေယျာဦး
၄။ ကိုရာဇာ
၅။ မညိုညိုဝင်း
၆။ မောင်ရဲလင်းထက်

တရားလို — တရားပြိုင်များ

ဟင်္သာတမြို့၊ ရဲကွင်းကျေးရွာအုပ်စု၊ ရဲကွင်းရွာနေ တရားပြိုင် ကိုရာဇာ (ဘ) ဦးငပြုံး (ခ) ဦးမြင့်ထွေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးဝင်းက သွားလာမြဲလမ်းကို ပိတ်ဆို့ကာရံထားသော ခြံစည်းရိုးကိုဖျက်၍ လမ်းမြေဖွင့်ပေးစေပြီး ထာဝရတားဝရမ်းထုတ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် မတ်လ ၅ ရက် (၁၃၇၉ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ချိုချိုမာ)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ဟင်္သာတမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၆ယ/၄၄၈၁၅ ယာဉ်လက်ဝယ်ရှိသူ Ya Wai San Co.,Ltd မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တောင်ငူ)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/ပန်းခင်း၊ မြေကွက်အမှတ်(၁၁၉)၊ ဦးပိုင်အမှတ်(၂၆၁)၊ ဧရိယာ ၀ ဒသမ၀၅၅ ဧက၊ (၄)လမ်းရှိ ပါမစ်မြေကွက်အား ဒေါ်ဝါဝါကြိုင် (ဘ) ဦးမောင်အေး ၉/ပမန(နိုင်) ၀၉၆၁၅၆ မှ မန္တလေးတိုင်းဒေသကြီး ပြည်သူကောင်စီ၏ မြို့မြေအဖြစ် လူနေထိုင်ရန် သတ်မှတ်ပေးထားသောမြေကွက်ဖြစ်ကြောင်း ထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက်သဘောတူ ကတိဝန်ခံချက်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကိုယ်တိုင်ကတိပြုလွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်များတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဈ)၊မြေကွက်အမှတ် ၇၁/ခ၊ မြေကွက်တည်နေရာအမှတ် ၇၁/ခ၊ စက္ကဝတ်(၆)လမ်း၊ (ဈ)ရပ်ကွက် ဒေါ်သန်းသန်းဆွေ ၁၂/ဥကမ (နိုင်)၀၂၁၅၀၃၊ ဦးကြီးမြင့် ၁၂/ဥကမ(နိုင်) ၀၆၁၁၄၂ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဒေါ်သန်းသန်းဆွေ၊ ဦးကြီးမြင့်၊ ဦးခင်မောင်ဇော်၊ ဒေါ်လှလှငွေး၊ ဒေါ်သင်းသင်းအေး၊ ဒေါ်သင်းသင်းမြိုင်၊ ဦးအောင်ငွေးတို့ကို တရားပြိုင်ထားကာ ဒေါ်တင်နွဲ့မှ တရားလိုပြုစွဲဆိုသည့် မြောက်ဥက္ကလာပမြို့နယ် တရားမကြီးမှုအမှတ်-၈၈/၁၇ စီရင်ချက်အမိန့်နှင့်ဒီကရီ၊ ဇာရီမှုအမှတ်(၃၂/၁၇) နေ့စဉ်မှတ်တမ်းအမိန့်၊ ဘီလစ်ခန့်အပ်စာ၊ ဒေါ်သန်းသန်းဆွေ၊ ဦးကြီးမြင့်အမည်ပေါက် ဂရန်မူရင်းတင်ပြ၍ ဘီလစ်ဒေါ်သူဇာ ၆/ထဝန(နိုင်)၀၂၆၃၄၃ မှ အရောင်းမြေပုံကူး လျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင်နှစ်ထပ်တိုက်တစ်လုံးရှိ၍ အပေါ်ထပ်တွင် တရားနိုင်ဒေါ်တင်နွဲ့နေထိုင်ပြီးအောက်ထပ်တွင် အိမ်ငှားများထားရှိခြင်းအတွက် တရားနိုင်ဒေါ်တင်နွဲ့မှ ဝန်ခံကတိပြုချက်တင်ပြပါသဖြင့် ဘီလစ်ဒေါ်သူဇာ၏အရောင်းမြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော အိမ်ရာများနှင့် ယာယီမြေရှင်အဖြစ် ဆောင်ရွက်သော တိုက်ခန်းများအား ကန်ထရိုက်တာနှင့် အမည်ပေါက်ထံမှတစ်ဆင့် အဆင့်ဆင့်ဝယ်ယူထားသူများက အဆောက်အအုံနေထိုင်ခွင့် စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဒေါ်အေးဟန် ၁၂/သကတ(နိုင်)၀၈၁၉၀၄ (မှ) | ဒေါ်တင်တင်နိုင် ၁၂/လကန(နိုင်)၁၆၆၀၀၀ | တိုက် B-4၊ အခန်း ၃၀၁၊ ဟံသာဝတီအိမ်ရာ၊ တောင်ဥက္ကလာပမြို့နယ် |
| ၂။ | ဦးလွှန်း ၁၂/လမတ(နိုင်)၀၁၂၅၄၆ (မှ) ဒေါ်အက်(စ်)မေရီ ၁၃/မဆတ(နိုင်)၆၀၇၅၉၆ | ဒေါ်နန်းလှခင် ၁၃/မဆတ(နိုင်)၀၀၇၅၉၉ | တိုက် ၄၅၊ အခန်း ၁၇၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ် |
| ၃။ | ဦးစိုးနိုင်(ကွယ်လွန်) (ကစ) ဒေါ်ခင်အေးနွယ် ၁၂/သလန(နိုင်)၀၉၁၇၁၄ | ဦးမြင့်ဦး ၁၂/ပဇတ(နိုင်)၀၁၂၂၉၁ | တိုက် B-11၊ အခန်း ၀၀၈၊ ရှုခင်းသာအိမ်ရာ၊ သာကေတမြို့နယ် |
| ၄။ | ဗိုလ်မှူးကြီးစိုးဝင်း ၈/ခမန(နိုင်)၀၀၆၄၉၂ (မှ) ဦးအေးလွင် ၁၀/မလမ(နိုင်)၀၂၆၆၅၇ (မှ) | ဦးအောင်စိုးမြင့် ၁၂/သဃက(နိုင်)၁၇၀၅၆၁ ဒေါ်ခင်ဇာခြည်နွယ် ၁၂/တမန(နိုင်)၁၁၈၉၉၂ | တိုက် 39-B၊ အခန်း ၅/၁၀၊ စံပယ်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် |
| ၅။ | ကန်ထရိုက်တာဦးအောင်ထွန်း ၁၂/ဒဂတ(နိုင်)၀၁၈၂၇၇ | ချိုင်ဗှာ(ခ)ဒေါ်စန်းစန်းအေး ၁၄/လပတ(ဧည့်)၀၀၀၀၂၁ ကောင်စိတ်ကြူ(ခ)ဒေါ်စန်းစန်းကြူ ၁၂/ပဘတ(နိုင်)၀၀၆၇၉၅ | တိုက် ၁၄၅၊ အခန်း ၄ လွှာ-ဝဲ/ယာ၊ ၂၂လမ်း၊ လသာမြို့နယ် |
| ၆။ | ဦးသန်းထွန်း ၁၄/ပသန(နိုင်)၁၅၂၂၉၇ (မှ) ဒေါ်နန်ဂျာ ၁၃/လရန(နိုင်)၀၂၄၆၆၁ (မှ) | ဦးမြင့်ရွှေ ၁၁/မပန(နိုင်)၀၀၀၀၇၃ | တိုက်F၊ အခန်း ၀၂-၆၊ ပုလဲကွန်ဒိုအိမ်ရာ၊ ဗဟန်းမြို့နယ် |
| ၇။ | ဒေါ်သန်းဦး ၁၂/ဗဟန(နိုင်)၀၄၉၉၁၁ | ဒေါ်ဖြိုးကေသွယ် ၁၃/နဆန(ဧည့်)၀၀၀၃၆၆ | တိုက်၂၊ အခန်း ၅၊ ရွှေဂုန်ရိပ်မွန်အိမ်ရာ၊ ဗဟန်းမြို့နယ် |
| ၈။ | ဒေါ်ယုယုဝေ ၁၂/ဥကတ(နိုင်)၀၈၅၇၈၇ (မှ) | ဦးနေမျိုးအောင် ၁၂/ဒလန(နိုင်)၀၀၉၆၈၅ ဒေါ်မြင့်မြင့်အောင် ၁၂/မဂတ(နိုင်)၀၄၅၁၈၃ | တိုက် ၃၊ အခန်း ၁၉၊ ရွှေဂုန်ရိပ်မွန်အိမ်ရာ၊ ဗဟန်းမြို့နယ် |
| ၉။ | ဦးဘထွန်း(LC-၂၀၉) ၁၄/ပတန(နိုင်)၁၀၉၁၉၄ (မှ) ဒေါ်ခင်မာရွှေ ၁၂/ကတတ(နိုင်)၀၁၃၇၂၉ (မှ) | ဒေါ်တင်တင်လှ ၁၂/ကတတ(နိုင်)၀၂၃၉၈၅ | တိုက် ၁၄၃၊ အခန်း ၄လွှာ-ဝဲ၊ (၄)လွှာ-ယာ၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# ကြေညာချက်
## (ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၆ ရက်)

၂၀၁၈ ခုနှစ်၊ မတ် လ (၁) ရက်နေ့တွင် ကျင်းပမည့်(၁၂)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ခွဲဝေချီးမြှင့်ပေးမည့် ဆုမဲစာရင်း

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၂) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| (၃) | ကျပ်သိန်းသုံးထောင် | = | (၃) ဆု |
| (၄) | ကျပ်သိန်းတစ်ထောင် | = | (၆) ဆု |
| (၅) | ကျပ်သိန်းငါးရာ | = | (၈) ဆု |
| (၆) | ကျပ်သိန်းသုံးရာ | = | (၁၁) ဆု |
| (၇) | ကျပ်သိန်းတစ်ရာ | = | (၁၁) ဆု |
| (၈) | ကျပ်သိန်းငါးဆယ် | = | (၁၅) ဆု |
| (၉) | ကျပ်သိန်းသုံးဆယ် | = | (၂၂) ဆု |
| (၁၀) | ကျပ်ဆယ်သိန်း | = | (၂၅) ဆု |
| (၁၁) | ကျပ် သုံးသိန်း | = | (၁၀၀) ဆု |
| (၁၂) | ကျပ် နှစ်သိန်း | = | (၁၀၀၀) ဆု |
| (၁၃) | ကျပ် တစ်သိန်း | = | (၁၃၀၀၀) ဆု |
| (၁၄) | ကျပ် ငါးသောင်း | = | (၁၁၀၀၀၀) ဆု |
| | **စုစုပေါင်း** | = | (၁၂၄၂၀၄) ဆု |

**အောင်ဘာလေသိန်းဆုဌာနခွဲ**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် Asian Development Bank(ADB)၏ ချေးငွေအသုံးပြု၍ အိတ်ဖွင့်တင်ဒါဖြင့် ဝယ်ယူမည့် မော်တော်ယာဉ်များ၊ IT ပစ္စည်းများ၊ ရုံးသုံးလျှပ်စစ်ပစ္စည်းများအနက် မော်တော်ယာဉ်တစ်မျိုးတည်းကိုသာ ပြောင်းလဲဝယ်ယူမည်ဖြစ်ပါကြောင်းနှင့် မူလသတ်မှတ်သည့် နောက်ဆုံးတင်သွင်းရမည့်ရက် ၂၂-၂-၂၀၁၈အစား ၁၆-၃-၂၀၁၈ အထိ ပြောင်းလဲသတ်မှတ်ကြောင်း အသိပေးအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄)နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း - ၀၆၇-၄၁၁၅၁၀၊ ၀၉-၄၄၉၄၀၄၀၈၂**

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန**

## လျှောက်လွှာခေါ်ယူခြင်း

**ကြော်ငြာစာအမှတ် ၁/၂၀၁၈**
**၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၉ ရက်**
**၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်**

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော (ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)တောအုပ်ကြီး ၆၀ နေရာအတွက် လျှောက်လွှာများတင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) သိပ္ပံ(သစ်တော)ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) (၁၀-၃-၂၀၁၈) ရက်တွင် အသက်(၃၀)၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) အနည်းဆုံးလုပ်သက်တစ်ဆက်တည်း (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) မဟာဘွဲ့ရပြီးသူများအတွက် အသက်(၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
(စ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်၍ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲလျက်သစ်တောဦးစီးဌာန၊ ရုံးအမှတ် ၃၉ နေပြည်တော်သို့ ၅-၃-၂၀၁၈ ရက်အရောက် ပေးပို့လျှောက်ထားရမည်။
(က) ဘွဲ့လက်မှတ်မိတ္တူ (စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်းတင်ပြရန်)
(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူမှန် (စစ်ဆေးသည့်အခါ အောင်လက်မှတ်မူရင်း တင်ပြနိုင်ရမည်။)
(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု/မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်အသားဖော်ပြရန်)
(င) ပြင်မှလျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူမှန်
(စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း

၄။ ရေးဖြေစာမေးပွဲကို နေပြည်တော်တွင် အောက်ပါနေ့ရက်များ၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။

| စဉ် | ဘာသာရပ် | ဖြေဆိုမည့်ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ | ၁၀-၃-၂၀၁၈ (စနေနေ့) | ၀၉း၀၀နာရီမှ ၁၁း၀၀နာရီထိ |
| (ခ) | အင်္ဂလိပ်စာ | ၁၀-၃-၂၀၁၈ (စနေနေ့) | ၁၃း၀၀နာရီမှ ၁၅း၀၀နာရီထိ |
| (ဂ) | အထွေထွေဗဟုသုတ | ၁၁-၃-၂၀၁၈ (တနင်္ဂနွေနေ့) | ၀၉း၀၀နာရီမှ ၁၁း၀၀နာရီထိ |

၅။ စာမေးပွဲဖြေဆိုရန်အတွက် လျှောက်ထားသူတစ်ဦးချင်းစီ၏ စာမေးပွဲခုံနံပါတ်များကို သစ်တောဦးစီးဌာန၏ www.forestdepartment.gov.mm.website တွင် ကြေညာပေးထားမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများအား လူတွေ့ဖြေဆိုရမည့်ရက်စွဲ၊ အချိန်၊ နေရာတို့ကို ဆက်လက်ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပါသည်။

၆။ စာမေးပွဲဖြေဆိုရန် လျှောက်ထားသူများသည် စာမေးပွဲဖြေဆိုမည့်နေ့၏ နံနက် ၈း၀၀နာရီအရောက် ဖြေဆိုရမည့်နေရာသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်အတူ လာရောက်သတင်းပေးပို့ရမည်ဖြစ်ပြီး စတင်စစ်ဆေးမည့်သတ်မှတ်ချိန်ထက် နောက်ကျ၍ ရောက်ရှိလာသူများအား စာမေးပွဲဖြေဆိုခွင့် ခွင့်ပြုမည်မဟုတ်ပါ။

၇။ စည်းကမ်းနှင့်မကိုက်ညီသော(သို့မဟုတ်) မပြည့်စုံသော(သို့မဟုတ်) သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသောလျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခံရန်လာရောက်သည့်အခါတွင်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရပါမည်။

၉။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုပါမည်။

၁၀။ အခြားစုံစမ်းမေးမြန်းလိုပါက သစ်တောဦးစီးဌာန ဖုန်း-၀၆၇-၃၄၀၅၁၀၈၊ ၀၆၇-၃၄၀၅၁၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး လျှောက်လွှာများကို www.forestdepartment. gov.mm.website တွင် download ရယူနိုင်ပါသည်။

**သစ်တောဦးစီးဌာန**

---

## CLAIMS DAY NOTICE
## M.V VIKIMG CHANCE VOY: NO (12)

Consignees of cargo carried by M.V VIKING CHANCE VOY: NO(12) are here by notified that the vessel will arrive on about 28-2-18 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## အမည်ပြောင်း

ဦးရှောင်ဇလန်း(ခ)ဦးသီအိုဇလမ်၏သား ကလေးမြို့တောင်ဖီလာရပ်ကွက်၊ နယ်မြေ (၅)နေ ဦးပေါင်ဟင်မန် ၅/ကလထ(နိုင်)၁၅၃၈၇၂အား ဦးပေါင်ထောန်မန်ဟုပြောင်းလဲခေါ်ပါရန်။

**ဦးပေါင်ထောန်မန်**

---

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အလက (၇)မှ မမိုးစန္ဒာထက်ဦး၏ ဖခင်အမည်မှန်မှာ ဦးသိန်းမောင် ၈/ဆဖန(နိုင်)၀၈၈၂၇၄ ဖြစ်ပါသည်။

**ဦးသိန်းမောင်**

---

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**မြန်မာ့သစ်လုပ်ငန်း**
**ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**
**နပတ-၅/၂၀၁၇-၂၀၁၈ ကြိမ်မြောက် စက်မှုကုန်ကြမ်း၊ သစ်လုံး/ခွဲသား**

## အိတ်ဖွင့်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှ စက်မှုကုန်ကြမ်းသစ်လုံး/ခွဲသားများကို အောက်ပါအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-
(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၇-၃-၂၀၁၈ ရက် နံနက် ၁၀း၀၀နာရီ
(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - သစ်မာသစ်လုံး/တိုင် ၂၉ တန်ခန့်
- သစ်မာခွဲသား ၇၄၇ တန်ခန့်
(ဂ) **ရောင်းချမည့်နေရာ** - အမှတ်၃၄သစ်စက်၊ပြူတွင်း၊ ပျဉ်းမနားမြို့

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်၍ အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန နေပြည်တော် ဖုန်း-၀၆၇-၂၂၀၄၀၊ ၀၆၇-၂၂၂၅၉တို့တွင် စုံစမ်းနိုင်ပါသည်။ **အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်၊ နေပြည်တော်**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**သဃင်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သဃင်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် 500 KvA နှင့် 750 KvA လျှပ်စစ်ထရန်စဖော်မာ (၂)လုံးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားများပိုင် တရားဝင်အသိအမှတ်ပြု (လိုင်စင်ရကုမ္ပဏီ)များထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၃-၂-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်** - ၈-၃-၂၀၁၈ ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်ကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလုပ်ငန်းကော်မတီ**
**သဃင်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့် အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ **"မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခွန်ထမ်းများအနက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင် ၅၀ဦး၏စာရင်း"**အား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သည့်လုပ်ငန်းရှင် ၅၀ ဦးစာရင်း**

| စဉ် | အခွန်ထမ်းအမည် | နေရပ်လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | New Star Light Construction Co.,Ltd. | အမှတ်(၃၃-က)(၇၃-၂၉)လမ်းထောင့်၊ စိတ္တရမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂ | Europe & Asia Commercial Co.,Ltd | အမှတ်(၄၁၇)၊ ၈၁(၃၂-၃၃)ကြား၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ဆပ်ပြာ+အချိုရည် | |
| ၃ | Kyaw Nyo Myat Co.,Ltd | အမှတ်(၄၈) B လမ်း၊ ၆၀ (၃၁-၃၂)ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | လျှပ်စစ်ပစ္စည်းတင်သွင်း တပ်ဆင်ရောင်းဝယ်ရေး | |
| ၄ | Lucky Group Co.,Ltd | အမှတ်(၁၇၆-G)၊ အကွက်-၄၀၅၊ ၈၆လမ်း၊ သံလျက်မော်တောင်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | သွင်းကုန်ထုတ်ကုန်လုပ်ငန်း | |
| ၅ | Jin Long Myanmar Machinery Trading Co.,Ltd | အမှတ်(၇၄/က)၊ ၇၉(၂၇-၂၈)ဟေမာဇလရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | သွင်းကုန်လုပ်ငန်း | |
| ၆ | စွမ်းအားမြင့်ကုမ္ပဏီ | အိတ်(စ်)-၁၃၀၊ စက်မှုဇုန်(၁)(ဈ)ရပ်၊ ၆၂ လမ်း၊ ဇေရတ်လမ်းနှင့် ကနောင်မင်းသားကြီးလမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ဓာတ်ခဲထုတ်လုပ်ခြင်း | |
| ၇ | နန်ယန်ကုမ္ပဏီလီမိတက် | အမှတ်(၁၆၇)၊ ၃၆လမ်း၊ ၈၀×၈၁ကြား၊ ရတနာ/ရွှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ပို့ကုန်/သွင်းကုန်လုပ်ငန်း | |
| ၈ | အဏ္ဏဝါမြန်မာရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် | အမှတ်(၁၅/၁၁) ပလိပ်ရွာမလမ်း၊ ဈေးသစ်ရပ်၊ ပလိပ်ကျေးရွာ၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ရောင်းဝယ်ရေးလုပ်ငန်း | |
| ၉ | ဦးကျော်ကျော်ဝင်း | ၇၇(၂၆-၂၇)ကြား၊ ဟေမာဇလရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | မြေကွက်ရောင်းချခြင်း | |
| ၁၀ | MAN SHWELI (MDY) INT'L Co.,Ltd | အမှတ်(၅၃၈)၊ ၃၆လမ်း၊ (၈၃-၈၄)ကြား၊ ရတနာအနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ဖိနပ်ရောင်းဝယ်ရေး | |
| ၁၁ | San Chain Co., Ltd | အမှတ်(၅၄)၊ ၇၈(၂၉-၃၀)၊ ဟေမာဇလရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ပို့ကုန်/သွင်းကုန်လုပ်ငန်း | |
| ၁၂ | ဦးထွန်းထွန်းစိုး | (၆၁×၁၆)လမ်းထောင့်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ရတနာမိုးပုံနှိပ် | |
| ၁၃ | New Star Light Co.,Ltd. | အမှတ်(၃၃-က)၊ (၇၃-၂၉)ထောင့်၊ စိတ္တရမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ရောင်းဝယ်ရေးလုပ်ငန်း | |
| ၁၄ | မန်းမြင့်မိုရ်ဟိန်းကုမ္ပဏီ | (၁၉×၂၀) (၆၃×၆၄)လမ်းကြား၊ အနိုပ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၁၅ | အောင်စိန်ကုမ္ပဏီ | အကွက်-၅၈၉၊ ထိန်ကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ချည်မျှင်ထုတ်လုပ်မှုလုပ်ငန်း | |
| ၁၆ | ဦးဂျူလ ပါ(၃)ဦး | မန်း-လားရှိုးလမ်း၊ ရပ်ကွက်ကြီး-၃၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | မြေကွက်ရောင်းချခြင်း | |
| ၁၇ | Thuriya Co.,Ltd. | အမှတ်(၂၃၁)၊ ၇၁ (၂၈-၂၉)ကြား၊ ပတ်ကုန်းဝန်းကျင်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | နန်းတော်ဆေးရုံ | |
| ၁၈ | ဒေါက်တာ ဦးကြည်ရှင် ပါ(၁၂)ဦး | အမှတ်(၃၃၃)၊ ၈၂(၂၉-၃၀)လမ်းကြား၊ အောင်နန်းရိပ်သာအလယ်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ညီမ်းဆေးရုံ | |
| ၁၉ | Golden Path Trading Co.,Ltd. | အမှတ်(နန-၂၇/၁၉+၃၆)၊ (ဓ)ရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ရွှေလမ်းသစ်သံထည်ပစ္စည်းရောင်း | |
| ၂၀ | ဒေါ်အေးမြတ်နွယ် | ၇၄-(၃၁×၃၂)ကြား၊ မောရဂီဝါရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | မြေကွက်ရောင်းချခြင်း | |
| ၂၁ | တိုင်းထက်ထွန်း ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် | ရန်ကုန်-မန်းလမ်းဘေး၊ ရွာဟောင်းကုန်းရွာထိပ်၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ရောင်းဝယ်ရေးလုပ်ငန်း | |
| ၂၂ | Mann Myinttar Trading Co.,Ltd | အမှတ်(၂)၊ ၃၀(၇၇×၇၈)လမ်းကြား၊ ကဠဏမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ရောင်းဝယ်ရေးလုပ်ငန်း | |
| ၂၃ | Dragon Horse Co.,Ltd | အမှတ်(၁၇၆-F)၊ အကွက်-၄၀၅၊ ၈၆ လမ်း၊ သံလျှက်မော်တောင်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | သွင်းကုန်ထုတ်ကုန်လုပ်ငန်း | |
| ၂၄ | ဒေါ်ဝမ်ပို့ကြီး | (၂၇-၂၈)(၆၂-၆၃)ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | မြေကွက်ရောင်းချခြင်း | |
| ၂၅ | Mandalay Cement Industries Co.,Ltd | နံပါတ်-အေ(၁/၂) ၆၂ လမ်း၊ ရန်ကုန်-မန်းလမ်း၊ စက်မှုဇုန်-၁၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | မြန်မာဆင်ဘိလပ်မြေစက်ရုံ | |
| ၂၆ | Three Swallows Construction Co.,Ltd. | အမှတ်-အေ 9၊ ၇၇(၃၁-၃၂)ကြား၊ ကဠဏမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂၇ | Moe Myint Aung Thu Co.,Ltd. | အမှတ်(၆၃) (၃၃×၃၄)၊ (၈၅×၈၆)ကြား၊ အောင်နန်းရိပ်သာအနောက်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | သွင်းကုန်လုပ်ငန်း | |
| ၂၈ | ဒေါ်ဝင်းဝင်းငွေ | ပျူစောထီးရပ်၊ ကျန်စစ်သားရပ်၊ ပုဂံမြို့သစ်၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | မြေကွက်ရောင်းချခြင်း | |
| ၂၉ | CYT Industrial Limited Co.,Ltd | ဂျီ-၃/အေ၊ စက်မှု(၁)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ | မန္တလေးတိုင်းဒေသကြီး | ချည်မျှင်ထုတ်လုပ်ရောင်းချခြင်း | |
| ၃၀ | Phyo Wai Shan Co.,Ltd. | အမှတ်(၅၄)၊ ၈၂(၁၇-၁၈)လမ်းကြား၊ မေဃာဂီရီရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | သွင်းကုန်လုပ်ငန်း | |
| ၃၁ | ဦးတိုးတိုး | အောင်ပင်လယ်တိုးဂိတ်၊ သမ္မတာကျေးရွာ၊ ထုံးဘိုလမ်းမကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | လမ်းအသုံးပြုကောက်ခံခြင်း | |
| ၃၂ | ဒေါ်ရန်ဆွင်ချင် | အကွက် (၃/၂၁)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | မြေကွက်ရောင်းချခြင်း | |
| ၃၃ | ဦးစောနိုင်(ခ)လီချင်းစိန်+ဒေါ်လောဆုံ | အကွက် ၆၄၈၊ ၇၈(၃၆-၃၇)ကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | မြေကွက်ရောင်းချခြင်း | |
| ၃၄ | ဒေါ်ရွှေရှမ်း | ၃၇(၅၅-၅၆)ကြား၊ ရဲမွန်တောင်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | မြေကွက်ရောင်းချခြင်း | |
| ၃၅ | Wiseland Investment Myanmar Limited | အမှတ်(၁)၊ ၂၆×၆၆ လမ်းထောင့်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | Sedona Hotel(MDY) | |
| ၃၆ | ခွန်အားမာန်ဟိန်းကုမ္ပဏီ | နန-၁၆/၅၂၊ သခင်ဖိုးလှကြီးနှင့် စံပြလမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ရောင်းဝယ်ရေးလုပ်ငန်း | |
| ၃၇ | ဦးတင်ရှိန် (ပါ)၂ | အကွက် ၇၆၃၊ ၆၆(၃၀-၃၂)ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | မြေကွက်ရောင်းချခြင်း | |
| ၃၈ | ကြယ်ခြောက်လုံးကုမ္ပဏီ | ၂၅(၈၄×၈၆)လမ်းကြား၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | သွင်းကုန်/ပို့ကုန်လုပ်ငန်း | |
| ၃၉ | ဦးလှထွန်း(ခ)ဦးခင်မောင်သိန်း | အကွက်(၆၅၂) ဦးပိုင်(၆/၇) (၇၈×၇၉)၊ (၃၇×၃၈)ကြား၊ ဟေ/တောင်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | အဆောက်အအုံငှားရမ်းခြင်း | |
| ၄၀ | ဒေါ်နှင်းနှင်းမော် | အမှတ်(၅၃)၊ မြရတနာလမ်းသွယ်(၃၂-၃၃)၊ (၆၃-၆၄)လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ပညာရေးဝန်ဆောင်မှုလုပ်ငန်း | |
| ၄၁ | ဦးစိုင်းခမ်းအင်ဖ | အမှတ်(၁၃၅၃)၊ မင်္ဂလာလမ်း၊ နယ်မြေ(၆)၊ ရန်မျိုးအောင်ရပ်ကွက်၊ မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ခိုင်ခံ့ဖြူစင်ဆောက်လုပ်ရေး ကုမ္ပဏီ | |
| ၄၂ | ဒေါ်သင်းသင်းမေ(ဆက္ခံ) ဦးအောင်ဇော်မြင့် | အမှတ်(၈)ရပ်ကွက်၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | မြေကွက်ရောင်းချခြင်း | |
| ၄၃ | Aung Myin Myanmar Co.,Ltd | ပပ-၇/၇၁၊ (ဈ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၄ | ဒေါက်တာဝင်းမြင့်-ဒေါက်တာယုယုဝေ | အမှတ်(၄၇၁)၊ ၃၁(၆၉-၇၀)ကြား၊ ပတ်ကုန်းပျော်ဘွယ်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | တော်ဝင်ဆေးရုံ | |
| ၄၅ | လွန်းပျံကုမ္ပဏီ | အေ-၄/၂(ခ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | စပါးနှံတာယာစက်ရုံ | |
| ၄၆ | ဦးစိုးမြင့် | အကွက်(၇၅၇)၊ (၃၃-၃၄)၊ (၆၈-၆၉)ကြား၊ ပတ်ကုန်းပျော်ဘွယ်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | မန္တလာ+အထွေထွေ ရောဂါကုဆေးရုံ | |
| ၄၇ | Sein Man Myay Co.,Ltd. | အမှတ်(ဘီ/၂၅)၊ ၅၂လမ်း၊ (၃၃×၃၄)ကြား၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ပညာရေးဝန်ဆောင်မှုလုပ်ငန်း | |
| ၄၈ | So Go Aung Co.,Ltd. | အမှတ်(၅၆၅)၊ လမ်း ၈၀ (၃၂×၃၃)ကြား၊ အောင်နန်းရိပ်သာအရှေ့၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ဂက်(စ်)ရောင်းဝယ်ရေး | |
| ၄၉ | Myauk Kyunn Thu Ma Ma Mining and Refinery Co.,Ltd. | အမှတ်-၁၅၂၊ ၇၈-လမ်း၊ (၃၉×၄၀)လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ရွှေသတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း | |
| ၅၀ | ရွှေပြည်သီယံကုမ္ပဏီ | ဧ-၄/၇၅၊ မြို့သစ်(၃)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့်အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ **"မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခွန်ထမ်းများအနက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင်(၅၀)ဦး၏စာရင်း"**အား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သည့်လုပ်ငန်းရှင် (၅၀)ဦး စာရင်း

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | New Star Light Construction Co.,Ltd. | အမှတ် ၃၃/က၊ ၇၃×၂၉လမ်းထောင့်၊ စိတ္တရမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂ | Kyaw Nyo Myat Co.,Ltd. | အမှတ် ၄၈/B၊ ၆၀(၃၁×၃၂)လမ်းကြား၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး | |
| ၃ | Jin Long Myanmar Machinery Trading Co.,Ltd | အမှတ် ၇၄/က၊၇၉(၂၇×၂၈)လမ်းကြား၊ ဟေမာဇလရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | သွင်းကုန်လုပ်ငန်း | |
| ၄ | စွမ်းအားမြင့်ကုမ္ပဏီ | H-130၊ စက်မှုဇုန်-၁၊ ၈၂ ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ဓာတ်ခဲထုတ်လုပ်ခြင်း | |
| ၅ | ဦးထွန်းဝင်း | အမှတ်A-5/4၊ စက်မှု-၁ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ရွှေမြင်းပျံအရက်ချက်လုပ်ငန်း | |
| ၆ | Wiseland Investment Myanmar Limited | အမှတ် ၁(၂၆×၆၆)လမ်းထောင့်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | Sedona Hotel(Mdy) | |
| ၇ | MAN SHWELI(Mdy) Co.,Ltd. | အမှတ် ၅၃၈၊ ၃၆လမ်း၊ (၈၃×၈၄)ကြား၊ ရတနာအနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ဖိနပ်ရောင်း | |
| ၈ | New Star Light Co.,Ltd. | အမှတ် ၃၃/က၊ (၇၃×၂၉)လမ်းထောင့်၊ စိတ္တရမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ရောင်းဝယ်ရေးလုပ်ငန်း | |
| ၉ | ဦးချမ်းမြေ့ဦး | ဘုရင့်နောင်လမ်း၊ ဝမ်းတော်ပြည့်တိုးချဲ့ရပ်ကွက်၊ မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | အရက်ပုလင်းသွပ်လုပ်ငန်း | |
| ၁၀ | Golden Path Trading Co.,Ltd. | နန-၂၇/၁၉+၃၆၊ ဇရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ရွှေလမ်းသစ်သံထည်ပစ္စည်းရောင်း | |
| ၁၁ | Lucky Group Co.,Ltd. | အမှတ် ၁၇၆-G၊ အကွက် ၄၀၅၊ ၈၆လမ်း၊ သံလျှက်မော်တောင်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | သွင်းကုန်ထုတ်ကုန်လုပ်ငန်း | |
| ၁၂ | မန်းမြင့်မိုရ်ဟိန်းကုမ္ပဏီ | (၁၉×၂၀)၊ (၆၃×၆၄)လမ်းကြား၊ အနိမ့်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၁၃ | အောင်စိန်ကုမ္ပဏီ | အကွက် ၅၈၉၊ ထိန်ကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ချည်မျှင်ထုတ်လုပ်ရောင်းချခြင်း | |
| ၁၄ | Mann Myinttar Trading Co.,Ltd. | အမှတ် ၂၊ ၃၀(၇၇×၇၈)လမ်းကြား၊ ကဥ္စနမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ရောင်းဝယ်ရေးလုပ်ငန်း | |
| ၁၅ | MANDALAY CEMENT INDUSTRIES Co.,Ltd. | အမှတ် အေ(၁/၂)၊ ၆၂လမ်း၊ ရန်ကုန်-မန်းလမ်း၊ စက်မှုဇုန်-၁၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | မြန်မာဆင် ဘိလပ်မြေစက်ရုံ | |
| ၁၆ | Moe Myint Aung Thu Co.,Ltd. | အမှတ် ၆၃(၃၃×၃၄)၊ (၈၅×၈၆)လမ်းကြား၊ အောင်နန်းရိပ်သာအနောက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | သွင်းကုန်လုပ်ငန်း | |
| ၁၇ | CYT Industrial Co.,Ltd. | G-3/A၊ စက်မှု-၁ ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ချည်မျှင်ထုတ်လုပ်ရောင်းချခြင်း | |
| ၁၈ | တော်ဝင်အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမ | အီး-၅/အေ၊ စက်မှုဇုန်-၁၊ ပန်းခြံလမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ရောင်းဝယ်ရေးလုပ်ငန်း | |
| ၁၉ | ကြယ်ခြောက်လုံးကုမ္ပဏီ | အမှတ် ၂၅(၈၄×၈၆)လမ်းကြား၊ ပြည်ကြီးကျက်သရေအနောက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | သွင်းကုန်/ပို့ကုန်လုပ်ငန်း | |
| ၂၀ | ဦးစိုင်းခမ်းအင်ဖ | အမှတ် ၁၃၅၃၊ မင်္ဂလာလမ်း၊ နယ်မြေ၆၊ ရန်မျိုးအောင်ရပ်ကွက်၊ မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ခိုင်ခံ့ဖြူစင်ဆောက်လုပ်ရေးကုမ္ပဏီ | |
| ၂၁ | ဦးခင်မောင်အေး | အမှတ် ၁၉၇၊ ၂၉(၈၃×၈၄)လမ်းကြား+(၂၈×၈၄)လမ်းထောင့်+၈၄(၂၈×၂၉)လမ်းကြား၊ချမ်းအေးသာစံအလယ်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ဝိန့်စိန်ရွှေဆိုင် | |
| ၂၂ | နန်ယန်ကုမ္ပဏီလီမိတက် | အမှတ် ၁၆၇၊ ၃၆လမ်း၊ (၈၀-၈၁)လမ်းကြား၊ ရတနာအရှေ့၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ပို့ကုန်/သွင်းကုန်လုပ်ငန်း | |
| ၂၃ | Aung Myin Myanmar Co.,Ltd | ပပ-၇/၇၁၊ ၈၂ရပ်ကွက်၊ ၆၄-၆၅ကြားသခင်ဖိုးလှကြီးလမ်းနှင့် ယောမင်းကြီးလမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂၄ | ဦးအောင်မင်းခိုင် | H-၂၅၄၊ ၈၂-ရပ်ကွက်၊ ကနောင်မင်းသားကြီးလမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | Energy-365စက်သုံးဆီဆိုင် | |
| ၂၅ | P & F Family Co.,Ltd. | ၂၄လမ်း၊ (၈၃×၈၄)လမ်းကြား၊ ပြည်ကြီးကျက်သရေအနောက်၊ အောင်မြေသာစံမြို့နယ်၊မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | သွင်းကုန်/ပို့ကုန်လုပ်ငန်း | |
| ၂၆ | UE Export Import Co.,Ltd. | အမှတ် ၂၅၂-Aနှင့် ၂၅၂-B၊ တောင်တော်ကွင်း၊ သံရွာကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ကျားခေါင်းဘိလပ်မြေစက်ရုံ | |
| ၂၇ | ရွှေပြည်သိဃ်ကုမ္ပဏီ | အကွက် ငေ-၄၊ ဦးပိုင်၇၅၊ ၆၄×၆၅ကြား၊ဇလပ်ဝါနှင့် ခိုင်ရွှေဝါလမ်းကြား၊ မြို့သစ်-၃ရပ်ကွက်၊ချမ်းမြသာစည်မြို့နယ်၊မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂၈ | Royal Ava Co.,Ltd. | အမှတ် ၁၁၇၊ ၂၈(၇၄×၇၅)လမ်းကြား၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂၉ | ဦးအောင်ဆန်းဝင်း | ၈၉(၂၁×၂၂)လမ်းကြား၊ မင်းတဲအီကင်းရပ်ကွက်၊အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | အောင်သမာဓိရွှေသန့်စင် | |
| ၃၀ | ဦးရဲမြင့်ဝင်း | အမှတ် ၄၇၊ အကွက်၄၀၆/ဘီ၊ ၈၆လမ်း၊ကန်ပတ်လမ်း×နယ်ခြားလမ်းကြား၊ သံလျှက်မော်တောင်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | မြဟသာ်အရက်ပုလင်းသွပ် | |
| ၃၁ | New Stone Co.,Ltd. | အမှတ် ၃၄၇၊ (၈၁×၂၉)လမ်းထောင့်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ပို့ကုန်/သွင်းကုန်လုပ်ငန်း | |
| ၃၂ | So Go Aung Co.,Ltd. | အမှတ် ၅၆၅၊ ၈၀(၃၂×၃၃)ကြား၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ဂတ်(စ်)ရောင်းဝယ်ရေး | |
| ၃၃ | ဦးအကိန်း | အမှတ် ၉၅၊ ၈၄(၂၈×၂၉)လမ်းကြား၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | မောင်ကိန်းရွှေဆိုင် | |
| ၃၄ | လွန်းပျံစက်မှုလုပ်ငန်းကုမ္ပဏီ | A-၄/၂၊ စက်မှုပန်းခြံလမ်း၊ စက်မှုဇုန်-၁၊ ခ-ရပ်ကွက်၊ ငွေတော်ကျီကုန်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | တာယာထုတ်လုပ်+အင်ဂျင်ဝိုင်ရောင်းဝယ်ရေး | |
| ၃၅ | ဒေါ်ခင်ခင်ချို | အမှတ် ၃၂၊ စိန်ပန်းလမ်းနှင့်ကျောင်းလမ်းထောင့်၊ အောင်ဆန်းရပ်ကွက်၊ မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ဇေကရီချိုဆောက်လုပ်ရေးကုမ္ပဏီ | |
| ၃၆ | ပွင့်ဦး(၃)ကုမ္ပဏီလီမိတက် | အကွက် ၃၄၊ ငေ-၃၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၃၇ | ဦးခင်မောင်ဦး | (၁၆×၈၀)လမ်းထောင့်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ရွှေဘဲစားသောက်ဆိုင် | |
| ၃၈ | Bagan Thande Hotel Group Co.,Ltd. | ပုဂံမြို့ဟောင်း၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | Bagan Thande Hotel | |
| ၃၉ | ဦးစိုးမြင့်-စိုးညီညီ | ကန်တောလေးထောင့်၊ ဂေါက်ကလပ်လမ်း၊ ရပ်ကွက်ကြီး-၅၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | Feel စားသောက်ဆိုင် | |
| ၄၀ | San Chain Co.,Ltd. | အမှတ် ၅၉၊ ၇၈(၂၉×၃၀)ကြား၊ ဟေမာဇလရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ပို့ကုန်/သွင်းကုန်လုပ်ငန်း | |
| ၄၁ | ဦးအောင်ကျော်ဦး | အမှတ် ၂၉၂၊ ၇၆(၂၆×၂၇)လမ်းကြား၊ ဟေမာဇလရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | BBB စားသောက်ဆိုင် | |
| ၄၂ | ဒေါ်ပုကြီး | အနော်ရထာလမ်း၊ မြင်းဘက်ရပ်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | သိန်းထိုက်သူစက်သုံးဆီဆိုင် | |
| ၄၃ | ကြီးပွားတိုးတက်သောမြန်မာလူမျိုးများကုမ္ပဏီ | ၅၈(၂၄×၂၅)လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | သွင်းကုန်/ပို့ကုန်လုပ်ငန်း | |
| ၄၄ | စိန်ကမ္ဘာကုမ္ပဏီလီမိတက် | A-4/က၊ သားရေနယ်လမ်း၊ ဇုန်-၁၊ ခ-ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ချည်မျှင်ထုတ်လုပ်မှုလုပ်ငန်း | |
| ၄၅ | ဦးစိုးညီညီ | ရန်ကုန်-မန်းအမြန်လမ်း၊ ၂၈၅မိုင်၊ သီးကုန်းအမြန်လမ်း၊ မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | Feel စားသောက်ဆိုင် | |
| ၄၆ | ရွှေဖြူထရေးဒင်းကုမ္ပဏီလီမိတက် | ၆၄လမ်း၊ (၃၉-၄၀)ကြား၊ မဟာမြိုင်-၁၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၇ | ဒေါ်တင်အိ | လလ-၂၈/၁၂၊ အ-၁၂/၈၈၂-ရပ်ကွက်၊ ၆၂လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | အောင်ကောင်းစံစက်သုံးဆီဆိုင်(၁+၂) | |
| ၄၈ | Kyel Sin Min Co.,Ltd. | အမှတ် ၅၄၊ ၇၄(၂၆×၂၇)လမ်းကြား၊ စိတ္တရမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၉ | Myanmar Cineplex Co.,Ltd. | မင်္ဂလာမန္တလေး၊ မြို့သစ် ၁ ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | JCGV ရုပ်ရှင်ရုံ | |
| ၅၀ | Ananda Gone YT Mandalay Co.,Ltd. | ညည-၄၂/၃၊ သင်ပန်းကုန်းရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေးတိုင်းဒေသကြီး | ဆောက်လုပ်ရေးလုပ်ငန်း | |

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်ဈေးမျက်နှာစာတန်းအောက်ထပ်၊ အမှတ် (၁၇/၁၈)၊ (၂၈'×၁၈'×၁၇')ရှိ ဝင်းသူဇာအရောင်းဆိုင် (ဗိုလ်ချုပ်ဈေး)အား တင်ဒါခေါ်ယူငှားရမ်းသွားမည်ဖြစ်ပါသည်။

(က) **တင်ဒါပိတ်မည့်ရက်** - ၁၉-၃-၂၀၁၈ရက်(တနင်္လာနေ့)

(ခ) **တင်ဒါပေးသွင်းရမည့်နေရာ** - ဦးဆောင်ညွှန်ကြားရေးမှူးရုံးခန်း အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အုပ်ချုပ်ရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၈၄ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး(နေပြည်တော်)
## ယာဉ်မောင်းသင်တန်းကျောင်း

၃-၃-၂၀၁၈ ရက် စတင်ဖွင့်လှစ်မည့်။ စနေ၊ တနင်္ဂနွေပုံမှန်သင်တန်းနှင့် အမြန်သင်တန်းများကို Auto/Manual Saloon ကားသစ်များဖြင့် (ပိတ်ရက်မရှိ) သင်ကြားပေးနေပါသည်။

မြို့မဈေးမှအကြို/အပို့စီစဉ်ပေးပါသည်

ဆက်သွယ်ရန်လိပ်စာ - ပုဗ္ဗသီရိမြို့၊ ရွာတော်(ကညန) ရုံးနှင့် ကပ်လျက်(နေပြည်တော်) ဖုန်း-၀၆၇-၅၁၀၀၃၂၊ ၀၉-၄၀၂၇၀၁၉၂၆၊ ၀၉-၅၃၆၆၁၈၆

## အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၂)၊ မြောက်ဒဂုံမှ ဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်းများကို လစဉ်လဆန်းရက်တိုင်း ပုံမှန်ဖွင့်လှစ်လျက်ရှိပါသည်။ (Auto နှင့် Manual) နှစ်မျိုးလုံးသင်ကြားပေးပါသည်။

မတ်လရုံးဖွင့်ရက်သင်တန်း (၅-၃-၂၀၁၈)ရက်ဖွင့်မည်။

မတ်လရုံးပိတ်ရက်သင်တန်း (၃-၃-၂၀၁၈)ရက်ဖွင့်မည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၅၁၁၆၉၈၂၀၊ ၀၉-၂၅၂၂၅၇၇၀၉၊**

**လိပ်စာ၊ (၁-ဇ)၊ မြဝတီမင်းကြီးလမ်း၊ ၅၁ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်၊ YBS-၁၂ဂိတ်အနီး၊ နယ်မှသင်တန်းသားများအဆောင် အခမဲ့စီစဉ်ပေးမည်။ (လူဦးရေးကန့်သတ်ထားသည်)**

## အမည်မှန်

သီပေါမြို့၊ နန်းငွေးငွေးဦး အထက်တန်းဆင့်သင်ကိုယ်ပိုင်ကျောင်း၊ န၀မတန်းမှ (ဘ-ဦးရန်ဆီလောင်) ၁၃/မဆတ(နိုင်)၀၇၂၉၅၁ မရန်ကျားရဲ့၏ အမည်မှန်မှာ မရန်ကျားရယ် ဖြစ်ပါကြောင်း။

**ဦးရန်ဆီလောင်**

## ဖခင်အမည်မှန်

မူဆယ်မြို့၊ အထက (၁) အဋ္ဌမတန်း(C) မှ မောင်ဝေယံထွန်း၏ ဖခင်အမည်မှန်မှာ ဦးဆွေလှ ၁၃/မဆတ(နိုင်)၀၅၆၉၇၅ ဖြစ်ပါကြောင်း။

**ဦးဆွေလှ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၉၇၂၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## မိခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ လှိုင်းဘုန်း အထက တက္ကသိုလ်ဝင်တန်း (B) မှ မောင်စိုးမိုးအောင်၊ သတ္တမတန်း(A) မှ မသက်ထားအောင်၊ စတုတ္ထတန်း (A) မှ မောင်မြတ်ဘုန်းအောင်တို့၏ မိခင်အမည်မှန်မှာ ဒေါ်ယဉ်ယဉ်ငွေး ၁၄/မမက(နိုင်)၂၃၅၄၁၀ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးခြင်း

ကျွန်တော် မင်းနိုင်ဝင်း(ဘ)ဝင်းကြည် ၉/ကပတ(နိုင်)၁၆၀၀၄၄၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **မင်းနိုင်ဝင်း**

**ဖုန်း-၀၉-၇၉၇၇၁၈၅၀၃**

## ပျောက်ဆုံးခြင်း

ကျွန်မ ကျန်နွန်ဆုန် (ဘ)ဇန်ခေါ်လျန် ၄/ဖလန(နိုင်)၀၅၀၇၃၉ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ကျန်နွန်ဆုန်**

**ဖုန်း-၀၉-၇၉၇၆၄၄၃၁၃**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၈ခုနှစ် မတ်လ ၁ရက်(တပေါင်းလပြည့်နေ့)နှင့် မတ်လ ၂ (တောင်သူလယ်သမားနေ့)တို့တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့်ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## ကန့်ကွက်တင်ပြနိုင်ကြောင်းကြော်ငြာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးဖိုးထွန်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀-စီ(ရွာမ)၊ မြေကွက်အမှတ်-၂၂၊ မြေအမျိုးအစား(B) မြေပိုင်မြေ၊ ဧရိယာ ၂ဒသမ၈၉၄ ဧကအနက်မှ ၀ဒသမ၀၅၆ဧကရှိ မြေအား မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ-၆(ခ)အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ပါသည်။

၂။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ခုခံချေပလွှာ တင်သွင်းလိုပါက ဤဥပဒေပါလုပ်ထုံးလုပ်နည်းအပိုဒ် (၁၄) ၏ ပြဋ္ဌာန်းချက်နှင့်အညီ ခုခံချေပလွှာကို ရက်ပေါင်း ၃၀ အတွင်း ပြည်ထဲရေးဝန်ကြီးဌာန(စိစစ်ရေးအဖွဲ့)၊ နေပြည်တော်သို့ ကန့်ကွက်တင်ပြနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်စုံစမ်းစစ်ဆေးရေးအဖွဲ့
ရန်ကုန်မြောက်ပိုင်းခရိုင်**

## ကန့်ကွက်တင်ပြနိုင်ကြောင်းကြော်ငြာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂၁/စီ)၊ မြေကွက်အမှတ်(၅၅)၊ မြေအမျိုးအစား G 'L'၊ ဧရိယာ ၁ဒသမ၅၂ဧကအနက်မှ ဧရိယာ ၁ဒသမ၃၄၀ဧကနှင့် မြေကွက်အမှတ်(၅၆)၊ မြေအမျိုးအစား-G 'H' (၃(ခ)ရပြီး)၊ ဧရိယာ ၀ဒသမ၃၈ဧကအနက်မှ ဧရိယာ ၀ဒသမ၃၆ဧကရှိမြေအား မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ-၆(ခ)အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းမည် ဖြစ်ပါသည်။

၂။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ခုခံချေပလွှာ တင်သွင်းလိုပါက ဤဥပဒေပါလုပ်ထုံးလုပ်နည်းအပိုဒ် (၁၄) ၏ ပြဋ္ဌာန်းချက်နှင့်အညီ ခုခံချေပလွှာကို ရက်ပေါင်း ၃၀အတွင်း ပြည်ထဲရေးဝန်ကြီးဌာန(စိစစ်ရေးအဖွဲ့)၊ နေပြည်တော်သို့ ကန့်ကွက်တင်ပြနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်စုံစမ်းစစ်ဆေးရေးအဖွဲ့
ရန်ကုန်မြောက်ပိုင်းခရိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျဉ်းမနားမြို့၊ ရွှေချီရပ်၊ နယ်မြေ ၅နေ ဦးအောင်ရှိန်၏သား ဦးမောင်နိုင် ၉/ပမန(နိုင်)၀၁၆၈၀၀နှင့် ဦးနေမျိုးနိုင်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးမောင်နိုင်(ခ)ဦးနေမျိုးနိုင်**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့ခလိန်ကျေးရွာအုပ်စု၊ ကော့ကျိုက်ကုန်းကျေးရွာ၊ အမက စတုတ္ထတန်းမှ မောင်ဝဏ္ဏအောင်၏ ဖခင်အမည်မှန်မှာ မောင်သန်းဝင်း ၁၀/ကမရ(နိုင်)၀၇၆၇၃၃ ဖြစ်ပါသည်။ **မောင်သန်းဝင်း**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့ခလိန်ကျေးရွာအုပ်စု၊ ကော့ကျိုက်ကုန်းကျေးရွာ အမက စတုတ္ထတန်းမှ မနန်ဒဆန်း၏ ဖခင်အမည်မှန်မှာ ဦးမွန်စူး ၁၀/ကမရ(နိုင်)၁၀၇၉၇၈ ဖြစ်ပါသည်။ **ဦးမွန်စူး**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့ခလိန်ကျေးရွာအုပ်စု၊ ကော့ကျိုက်ကုန်းကျေးရွာ အမက စတုတ္ထတန်းမှ မိအေးအေးမွန်၏ ဖခင်အမည်မှန်မှာ မောင်သန်းဝင်း ၁၀/ကမရ(နိုင်)၀၇၆၇၃၃ ဖြစ်ပါသည်။ **မောင်သန်းဝင်း**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့ခလိန်ကျေးရွာအုပ်စု၊ ကော့ကျိုက်ကုန်းကျေးရွာ အမက စတုတ္ထတန်းမှ မောင်အောင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း ၁၀/ပမန(နိုင်)၁၁၇၁၂၇ ဖြစ်ပါသည်။ **ဦးထွန်းထွန်းဝင်း**

## မွေးသက္ကရာဇ်အမှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့ခလိန်ကျေးရွာအုပ်စု၊ ကော့ကျိုက်ကုန်းကျေးရွာနေဦးနေ၏သား မောင်ကျော်ထက်လင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၆-၂၀၁၀ ဖြစ်ပါသည်။

**မောင်ကျော်ထက်လင်း**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့ခလိန်ကျေးရွာအုပ်စု၊ ကော့ကျိုက်ကုန်းကျေးရွာ အမက စတုတ္ထတန်းမှ မအင်ချမ်း၏ ဖခင်အမည်မှန်မှာ ဦးနုပ် ၁၀/ကမရ(နိုင်)၁၆၉၈၅၃ ဖြစ်ပါသည်။ **ဦးနုပ်**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့ခလိန်ကျေးရွာအုပ်စု၊ ကော့ကျိုက်ကုန်းကျေးရွာနေ အလက-ခွဲ(ကော့ခလိန်) ဆဋ္ဌမတန်းမှ မစန္ဒာမွန်၏ ဖခင်အမည်မှန်မှာ ဦးဇော်မိုင်း ၁၀/မလမ(နိုင်)၂၈၁၉၅၄ ဖြစ်ပါသည်။ **ဦးဇော်မိုင်း**

# ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၈ ခုနှစ် မတ်လ ၁ ရက် (ကြာသပတေးနေ့)၊ တပေါင်းလပြည့်နေ့နှင့် ၂၀၁၈ ခုနှစ် မတ်လ ၂ ရက် (သောကြာနေ့) တောင်သူလယ်သမားနေ့တို့သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်များတွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်း /လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/ လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၁၀၀/မမ/(CE)(CME) | စက်သုံးဆီများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံ သိုလှောင် ဖြန့်ဖြူးရေး ဌာနများမှ မြန်မာ့မီးရထားရှိ သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းခွင် နှင့် စက်ရုံများသို့ လစဉ်သယ်ပို့ခြင်းလုပ်ငန်း |
| ၂ | 12(T)21/MR (ISN) | Dead Man Control Unit (74-Nos) ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - အမှတ်စဉ်(၁) ( ၁၃ . ၃ .၂၀၁၈ ) (အင်္ဂါနေ့) (၁၄:၃၀)နာရီ

- အမှတ်စဉ် (၂) (၂၂ . ၃ .၂၀၁၈) (ကြာသပတေးနေ့) (၁၄ : ၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၆.၂.၂၀၁၈) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994, 291985

## MYANMAR GOLF CLUB
## 2018 ANNUAL CLUB AT HOME
## ဂေါက်သီးရိုက်ပြိုင်ပွဲနှင့်ပျော်ပွဲရွှင်ပွဲများကျင်းပမည်

မြန်မာဂေါက်သီးရိုက်အသင်း၏ နှစ်စဉ်ကျင်းပလျက်ရှိသော နှစ်ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲနှင့်ပျော်ပွဲရွှင်ပွဲများကို ၂၀၁၈ခုနှစ် မတ် ၂၃၊၂၄၊၂၅ရက်များတွင် မြန်မာဂေါက်သီးရိုက်အသင်း ၉မိုင်၊ ပြည်လမ်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ မတ် ၂၃ ရက်တွင် Veteran ဂေါက်သီးရိုက်ပြိုင်ပွဲကိုလည်းကောင်း၊ မတ် ၂၄ ရက်တွင် Gold, Sliver, Bronze ဂေါက်သီးရိုက်ပြိုင်ပွဲများကိုလည်းကောင်း ကျင်းပမည်ဖြစ်ရာ အသင်းသားများပါဝင်ယှဉ်ပြိုင်နိုင်ပါကြောင်းနှင့် မတ် ၂၅ ရက်တွင် ဂေါက်သီးကစားခြင်းနှင့်ပတ်သက်သော ပျော်ပွဲရွှင်ပွဲများကျင်းပပြီး ညနေပိုင်း၌ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပမည်ဖြစ်၍ ညှော်ခံကျွေးမွေးရေးနှင့် တေးဂီတဖျော်ဖြေရေးအစီအစဉ်များ ပါဝင်ကြမည်ဖြစ်ပါသည်။ အသင်းသား/သူမိသားစုများ လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်းနှင့် ပြိုင်ပွဲအား အသေးစိတ်သိရှိလိုပါက မြန်မာဂေါက်သီးရိုက်အသင်း စီမံရေးရာရုံးဖုန်း-၀၉-၄၀၃၉၃၉၉၀၉ သို့ ဆက်သွယ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## ရန်ကုန်ဘူတာနယ်မြေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်
## Preferred Bidder အဖြစ် သတ်မှတ်ကြေညာခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ ရန်ကုန်ဘူတာနယ်မြေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို Planning/Design, Build, Finance, Operate including improvement and Transfer (DBFOT) စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပြည်တွင်း/ပြည်ပကုမ္ပဏီအဖွဲ့အစည်းများသို့ ၆-၈-၂၀၁၅ရက်မှ ၆-၁-၂၀၁၆ ရက်အထိ စိတ်ပါဝင်စားမှုဖော်ပြချက်အဆိုပြုလွှာ (Expression of Interest-EOI)ခေါ်ယူခြင်း၊ ၆-၃-၂၀၁၆ရက်မှ ၁၈-၉-၂၀၁၆ရက်အထိ တင်ဒါအဆိုပြုလွှာ (Request for Proposal-RFP)ခေါ်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂။ တင်ပြလာသောတင်ဒါဆိုပြုလွှာ (Request for Proposal-RFP) များကို စိစစ်အကဲဖြတ်ခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၈)က သဘောတူခွင့်ပြုချက်အရ Oxley Holdings, Min Dhama Co.,Ltd & Sino Great Wall Co.,Ltd တို့ပါဝင်သော Consortium အဖွဲ့ကို Preferred Bidder အဖြစ် သတ်မှတ်ကြေညာအပ်ပါသည်။

၃။ ရန်ကုန်ဘူတာနယ်မြေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ပတ်သက်၍ မြန်မာ့မီးရထားနှင့် Preferred Bidder အဖြစ် သတ်မှတ်ထားသည့် ကုမ္ပဏီအဖွဲ့အစည်းတို့ နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုလားချက်များနှင့်အပြန်အလှန်ညှိနှိုင်းသဘောတူညီချက်များရရှိမှုအပေါ်မူတည်၍ ရင်းနှီးတည်ဆောက်လုပ်ကိုင်သူ (Developer)အဖြစ် အတည်ပြုကြေညာသွားမည်ဖြစ်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့မီးရထား**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## ၁၁/၂၀၁၇-၂၀၁၈ ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း **ကျွန်း/သစ်မာ သစ်လုံး/သစ်ခွဲသားများတန်(၁၆၁၁၁)ခန့်** ကို မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

**(အထူး)အိတ်ဖွင့်တင်ဒါ** - (၁၃/၁၄/၁၅-၃-၂၀၁၈)ရက် နံနက် ၈း၀၀ နာရီမှစတင်မည်

- မကွေးတိုင်းဒေသကြီး/မန္တလေးတိုင်းဒေသကြီး/စစ်ကိုင်းတိုင်းဒေသကြီး/တနင်္သာရီတိုင်းဒေသကြီး/ပဲခူးတိုင်းဒေသကြီး(အရှေ့/အနောက်)/ရှမ်းပြည်နယ်(တောင်ပိုင်း)

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ
ပြည်တွင်းရောင်း/စက်**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3G/2405 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၈ ခုနှစ်၊ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတရုံး အမိန့်ကြော်ငြာစာ အမှတ် − ၁/၂၀၁၈ ဖြင့် ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မင်းပြားမြို့၊ ဈေးဟောင်းပိုင်း ဂါတ္တန်းလမ်း၊ မြို့မမြောက်ကျောင်း၊ တက္ကသိလ သာသနာ့ အလင်းရောင် ကျောင်းတိုက် ၏ ဦးစီးပဓာန နာယက၊



ရခိုင်ပြည်နယ် (ဘ/က) ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် သံဃာ့ဝန်ဆောင်၊ သာသနာပြုပထမအဆင့်၊ သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တ ယောသိတာရန္တ အား အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဆင့်မြင့် ဘွဲ့တံဆိပ်တော် ချီးမြှင့် အပ်နှင်းခံရခြင်းကြောင့် အထူး လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်လျက် ရှိနေကြပါသည်။

ရာပြည့်အကြို (၁၅)နှစ်အလို ဆရာတော်ကြီး ရှေ့သို့ဆက်လက်၍ ပြည်တွင်း ပြည်ပ သာသနာတော်အကျိုး၊ သက်ရှည်ကျန်းမာစွာဖြင့် ဆောင်ရွက်နိုင်ပါစေကြောင်း တကာ၊ တကာမအပေါင်းနှင့် မြို့မမြောက်(ဘ/က)ကျောင်း ဆရာ၊ ဆရာမ၊ မူလတန်း ကျောင်းသူကျောင်းသား (၇၂၀)တို့က မုဒိတာပွားလျက်၊ ရှိခိုး ပူဇော် ဝမ်းမြောက် ဂုဏ်ယူပါသည် အရှင်ဘုရား။

ဆွေတော်၊ မျိုးတော် နှင့် တပည့် တကာ၊ တကာမများ။

## စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့နေ
ဦးကင်းညွန့်-ဒေါ်ချိုချိုဦး(သိန်းသန်းထိုက် စိန်ရွှေရတနာဆိုင်နှင့်စတိုး) တို့၏သားကြီး

**မောင်ဖြိုးမောင်မောင်ညွန့်**
**LL.B(Law)**

**နှင့်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ
ဦးဌေးဝင်း-ဒေါ်မြမြလှိုင်(သရဖူ စိန်ရွှေရတနာဆိုင်)တို့၏တစ်ဦးတည်းသောသမီး

**မသွယ်သွယ်ဌေးဝင်း**
**B.A(English for Professional Purposes)**

တို့၏ ၃-၁၁-၂၀၁၇(သောကြာနေ့) Royal Hinthar Hotel တွင်ပြုလုပ်သော စေ့စပ်မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၆-၂-၂၀၁၈ရက် (အင်္ဂါနေ့)Strand Hotel တွင်မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးအားလည်းကောင်း၊ ဖားအောက်တောရ၊ ပင်မရိပ်သာ၊ မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ကြွရောက်ချီးမြှင့်ကြပါသောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၂-၂-၂၀၁၈ရက်(တနင်္လာနေ့) ပြည်ထောင်စုနေ့တွင် Strand Hotel ၌ ကျင်းပပြုလုပ်သည့်စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်ထိမ်းမြားပေးပါသော ဖေဖေဦးဌေးဝင်းနှင့် မေမေဒေါ်မြမြလှိုင် (သရဖူ စိန်ရွှေရတနာဆိုင်)အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဦးတင်လှိုင်နှင့်ဇနီးဒေါ်သန်းသန်းဝင်း(ကျော်ကြား ဆောက်လုပ်ရေးနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော ဦးမျိုးဝင်းထွန်းနှင့် ဇနီးဒေါ်ချိုဝေညွန့်(သိန်းသန်းထိုက်စိန်ရွှေရတနာဆိုင်နှင့်စတိုး)အားလည်းကောင်း၊ ၁၈-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် ဇင်းကျိုက်မြို့ ဦးကင်းညွန့်-ဒေါ်ချိုချိုဦး သိန်းသန်းထိုက်နေအိမ်၌ကျင်းပသော မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသောဆရာသမားများ၊ မိတ်ဆွေသူငယ်ချင်းများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော တက္ကသိုလ်ကိုကိုဇော်အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ဒေါ်ရွှေရည်ဝင်းနှင့်အဖွဲ့သားများ၊ မင်္ဂလာပန်းကြဲပေးပါသော မမေသဇင်ဟန်နှင့် မခင်သူဟန်၊ မင်္ဂလာပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော မစုတင့်မိုမို၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မသဇင်မိုးမြင့်ဆွေ၊ မင်္ဂလာသတို့သားအရံ မောင်စိုးဝေယံထက်နှင့် မောင်သူသူဌေး၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာလဲ့ရည်ဝင်းနှင့် မဇာခြည်မြင့်မြင့်တို့အားလည်းကောင်း၊ လက်ဝတ်ရတနာဆင်မြန်းပေးပါသောတီချယ်ဒေါ်မြင့်မြင့်အေး(စိန်ရတနာရောင်းဝယ်ရေး)၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးပေးပါသော Jet Jet(စောလမင်း)နှင့် အဖွဲ့သားများ၊ မင်္ဂလာဝတ်စုံဖန်တီးဆင်မြန်းပေးပါသော မစန္ဒီလင်းနိုင်( Touched by Heart,) Helen Hnin Ei Phyu(Pandora)၊ မခင်ငြိမ်းငြိမ်းအေး (BO BO Silk & Design)နှင့်အဖွဲ့သားများ၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးသော Love Diary၊ ကိုကျော်လင်း(မိုးမြင့်သူ)၊ ဦးဇော်မင်း(မိုးချယ်ရီ)နှင့် အဖွဲ့သားများ၊ ပန်းအလှဆင်ပေးပါသော ကိုမျိုးချစ်(ရွှေနန်းမြင့်)နှင့် ကိုနိုင်နိုင်အဖွဲ့သားများ၊ Royal Hinthar Hotel နှင့် Strand Hotel မန်နေဂျာနှင့်ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့်ပုဂ္ဂိုလ်များအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဖြိုးမောင်မောင်ညွန့်-မသွယ်သွယ်ဌေးဝင်း**

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်(GLAD)
မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၀၅(ဂ)နှင့် ပုဒ်မ ၉၃(၃)တို့နှင့်အညီ
အစုရှင်များအား လက်ရှိပိုင်ဆိုင်သော အစုရှယ်ယာအချိုးအစားအတိုင်း

## အစုရှယ်ယာများ အချိုးကျထည့်ဝင်ခွင့်ပေးခြင်း

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက် (GLAD)သည် လက်ရှိဆောင်ရွက်ဆဲလုပ်ငန်းများအပါအဝင် စီမံကိန်းလုပ်ငန်းသစ်များကို တိုးချဲ့လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

လုပ်ငန်းများအောင်မြင်စွာ တိုးတက်လည်ပတ်ရင်းနှီးလုပ်ကိုင်ရန်အတွက် ကုမ္ပဏီ၏ အစုရှယ်ယာများကို ထပ်မံထုတ်ဝေရန် ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ခဲ့ပါသည်။ သို့ဖြစ်ပါသဖြင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၀၅(ဂ)နှင့်အညီ လက်ရှိအစုရှယ်ယာရှင်များအား ၎င်းတို့ပိုင်ဆိုင်ထားသော အစုရှယ်ယာအချိုးအစားအတိုင်း အစုရှယ်ယာအသစ်များကို အချိုးကျထည့်ဝင်ခွင့်ပေးမည်ဖြစ်ပါသဖြင့် ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်တွင် ထည့်ဝင်ထားပြီးဖြစ်သော လက်ရှိအစုရှယ်ယာတစ်စု ပိုင်ဆိုင်ထားသူတိုင်းအား အစုရှယ်ယာအသစ်တစ်စုကို အစုရှယ်ယာ တစ်စုလျှင် မူရင်းတန်ဖိုးကျပ် ၁၀,၀၀၀ ဖြင့် ထုတ်ဝေရောင်းချသွားမည်ဖြစ်ပါသည်။ မိမိဝယ်ယူမည့်အစုရှယ်ယာများကို ၂၆-၂-၂၀၁၈မှ ၃-၄-၂၀၁၈ရက်အထိ နောက်ဆုံးထား၍ ဝယ်ယူနိုင်မည်ဖြစ်ပါသည်။ ယခုအခါကုမ္ပဏီ၏ အလားအလာကောင်းများကို မြင်တွေ့နိုင်ပြီဖြစ်ပါသဖြင့် အစုရှယ်ယာတန်ဖိုးသည်လည်းမြင့်မားလျက်ရှိပါသည်။ သို့သော် လက်ရှိအစုရှင်များအား မူရင်းတန်ဖိုးဖြင့် ဝယ်ယူနိုင်ရန် အထူးအခွင့်အရေးပေးထားခြင်းဖြစ်ပါသည်။

လက်ရှိအစုရှယ်ယာရှင်တစ်ဦးချင်းစီသို့ အကြောင်းကြားစာနှင့် အဆိုပြုလွှာပုံစံများကို စာတိုက်မှပေးပို့သွားမည်ဖြစ်ပါသည်။ အကြောင်းကြားစာနှင့် အဆိုပြုလွှာပုံစံများအား မရရှိပါကလည်း ရုံးချိန်အတွင်း ကုမ္ပဏီရုံးခန်းသို့လာရောက် ထုတ်ယူနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း သက်ဆိုင်ရာအစုရှင်များက ဝယ်ယူခြင်းမပြုလိုကြောင်း အကြောင်းပြန်ကြားလာလျှင်သော်လည်းကောင်း၊ အကြောင်းတစ်စုံတစ်ရာပြန်ကြားခြင်းမရှိလျှင်သော်လည်းကောင်း ဒါရိုက်တာအဖွဲ့မှကုမ္ပဏီအတွက် အကျိုးရှိဆုံးနည်းလမ်းဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း အစုရှယ်ယာရှင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

**လိပ်စာ** - ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်(GLAD)
- UMFCCI Office Tower ၈လွှာ၊ အခန်း-၈၀၁
အမှတ်-၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်

**ဖုန်း** - ၀၁-၂၃၁၇၀၉၁၊ ၂၃၁၇၀၉၄၊ ၀၉-၅၅၀၄၃၅၈၊ ၀၉-၅၅၀၄၃၅၉

**ဒါရိုက်တာအဖွဲ့**
**ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1J/3531 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ဃ/၃၂၆၉ Toyota Townace km 75 P/U (4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မေရှိန် ၉/မမန(နိုင်)၀၃၅၄၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကျေးဇူးအထူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ကျင်ပွင့် (မြောင်းမြမြို့)
**အသက်(၇၈)နှစ်**

ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကျင်ပွင့်(မြောင်းမြမြို့) အသက်(၇၈)နှစ် နာမကျန်းစဉ်က ပြုစုကုသပေးခဲ့ကြပါသော ဆရာဝန်ကြီးများ၊ သူနာပြုများ၊ အနီးကပ် စောင့်ကြပ်ပြုစုပေးကြသော ဆွေမျိုး၊ မိတ်သင်္ဂဟများအားလုံးကိုလည်းကောင်း၊ ၂၀-၂-၂၀၁၈ရက် (အင်္ဂါနေ့)က ကွယ်လွန်သွားခဲ့ပြီးနောက် နာရေးကိစ္စအဝဝအား ဝမ်းနည်းခြင်းနှင့်အတူ လူကိုယ်တိုင် နှစ်သိမ့်အားပေးခဲ့သော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် အရာရှိကြီးများအားလည်းကောင်း၊ တယ်လီဖုန်းဖြင့် မေးမြန်းခြင်း၊ သတင်းစာများတွင် ဝမ်းနည်းကြောင်း ကြော်ငြာထည့်ခြင်း၊ အိမ်တွင်လာရောက်တွေ့ဆုံ၍ နှစ်သိမ့်အားပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသော ရပ်နီးရပ်ဝေးမှဆွေမျိုးများ၊ ရန်ကုန်စက်မှုတက္ကသိုလ် (၇၅-၈၁)ကျောင်းဆင်းသူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများပေးပို့ခြင်း၊ ကွယ်လွန်သူမိခင်ကြီးအားရည်စူး၍ လှူဖွယ်ဝတ္ထုအစုစုနှင့် စားသောက်ဖွယ်ရာများကို ပေးပို့ခြင်း၊ နာရေးသို့ မအားလပ်သည့်ကြားမှ လိုက်ပါပို့ဆောင်ပေးကြခြင်း၊ အဘက်ဘက်မှ မေတ္တာဖြင့် ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေအပေါင်းအသင်းများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်းကျေးဇူးအထူးတင်ရှိပါကြောင်း။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ဦးဆောင်ညွှန်ကြားရေးမှူး**
**ဦးခင်မောင်ဝင်း-ဒေါ်လင်းလင်းသန့်နှင့်**
**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ကြည်ကြည်ဆွေ
**ကျောင်းအုပ်ဆရာမကြီး၊ (အထက-၃၊ မင်္ဂလာဒုံ)**
**အသက်(၅၉)နှစ်**

အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မင်းစေတီလမ်း၊ အမှတ် ၅၇၅ နေ (ဦးကျော်ရင်၊ အကျဉ်းဦးစီးဌာန၊ ငြိမ်း)-ဒေါ်သန်းကျွေတို့၏ ဒုတိယသမီး၊ ဒေါ်ညွန့်ညွန့်ဆွေ၏ညီမ၊ ဒေါ်ခင်ဝါဆွေ(စာပေဗိမာန်)၊ ဒေါ်ခင်သက်ဆွေ (အထက-၁၊ ရွှေပြည်သာ)၊ ဦးသိန်းနိုင်-ဒေါ်မျိုးမျိုးဆွေ(အကျဉ်းဦးစီး၊ ငြိမ်း)၊ ဦးအောင်ဇော်လတ်ဆွေ-ဒေါ်ဒေဝီတင်တို့၏အစ်မ၊ မသီရိရတနာထက်၊ မောင်ကောင်းချမ်းမြွေထက်-မဝါဝါထွန်း၊ မောင်လျှမ်းပြည့်ထက်၊ မယမင်းရတနာထက်၊ မောင်ဘုန်းပြည့်စုံ၊မောင်ဇေယျာလင်းထက်တို့၏ကြီးကြီးသည် ၂၅-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၈း၁၀နာရီတွင် အထက(၃)မင်္ဂလာဒုံကျောင်း၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထောက်ကြန့်မြို့၊ မြို့ရှောင်လမ်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၈ရက် (စနေနေ့)တွင် အထက(၃)မင်္ဂလာဒုံကျောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ကြည်ကြည်ဆွေ
**ကျောင်းအုပ်ဆရာမကြီး၊ (အထက-၃၊ မင်္ဂလာဒုံ)**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အထက(၃)မင်္ဂလာဒုံကျောင်း၏ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဆွေ အသက်(၅၉)နှစ်သည် ၂၅-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အထက(၃)မင်္ဂလာဒုံ**
**မိဘဆရာအသင်းနှင့် ဆရာ၊ ဆရာမများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်တင်တင် အသက်(၈၃)နှစ်
**ဆရာမကြီး(ငြိမ်း)၊ အထက(၆)မန္တလေး**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သီဟသူလမ်း၊ အမှတ် ၁၆၂နေ (ဦးသာဝ-ဒေါ်စောလှိုင်)တို့၏သမီး၊ (ဦးဘိုးထွား-ဒေါ်ခင်ပု)တို့၏ချွေးမ၊ (ဦးအုန်းကျော်၊ ဒုညွှန်ကြားရေးမှူး၊ စစစ၊ ငြိမ်း)၏ဇနီး၊ (ဦးတင်မောင်)၏ညီမ၊ (ဦးမောင်စိန်)၊ (ဦးမောင်အေး)တို့၏အစ်မ၊ ဦးကျော်တင်ဦး-ဒေါ်စန္ဒာအေး၊ (ဦးကျော်တင်လတ်)-ဒေါ်နွယ်နီလတ်၊ (ဦးကျော်တင်မြတ်)၊ ဒေါ်စန္ဒာတင်ကျော်တို့၏ချစ်လှစွာသောမိခင်၊ မောင်ငြိမ်းပြည့်စုံဖြိုး၊ မောင်ဝေယံမိုးထွဋ်၊ မောင်အဂ္ဂမိုးထွဋ်၊ မောင်ရဲခေါင်တင်မြတ်တို့၏အဘွားသည် ၂၄-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂-၃-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်သိန်းရီ
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ River View Garden အိမ်ရာ၊ အမှတ် ၁၉/၂၀နေ ဗိုလ်မှူးကြီးဝင်းစိန်(ငြိမ်း)၊ ဝန်ကြီး(ငြိမ်း)၊ ရထားပို့ဆောင်ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ချစ်လှစွာသောဇနီးသည် ၂၄-၂-၂၀၁၈ရက် နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၈ရက်(သောကြာနေ့)နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

---

### ဒေါ်ကျင်ဖွန်
**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ၅၈လမ်း၊ အမှတ် ၁၀၁/B နေ (ဦးလျူစုရှောက်)၏ဇနီး၊ (ဦးပွေဝမ်း)-ဒေါ်သိန်းရင်၊ ဦးတင်ဝင်း-ဒေါ်ချော၊ ဦးမောင်မောင်အေး - ဒေါ်စိန်အေး၊ ဦးအောင်သူရ-ဒေါ်ကြင်အေးတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၄-၂-၂၀၁၈ရက် (စနေနေ့) ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂-၃-၂၀၁၈ရက် (သောကြာနေ့)နံနက်တွင် လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ၅၉လမ်း၊ အမှတ် ၁၅ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

---

### ဦးငွေသိမ်း
**ဦးစီးအရာရှိ၊ စစစ(ငြိမ်း)**
**အောင်သမာဓိ(ရွှေဆိုင်)**
**လုံခြုံရေးတာဝန်ခံ**
**အသက်(၆၇)နှစ်**

နေပြည်တော်နေ ဒေါ်အေးမြင့်၏မောင်၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပြည်တော်သာတိုက်တန်း၊ တိုက်အမှတ် ၃၄၊ အခန်း ၁နေ ဒေါ်အေးအေးသိန်း(ဌာနခွဲစာရေး၊ စစစ၊ မြစ်ကြီးနား)၊ ဒေါ်ဇင်ဇင်သိန်း(ဒုတိယစုံစမ်းရေးမှူး၊ စစစ၊ မန္တလေး)၊ ဦးလွင်မိုးအောင်-ဒေါ်ဥမ္မာသိန်း၊ ဦးဝင်းညွန့်ထွေး-ဒေါ်စန္ဒာသိန်း၊ ဦးမင်းမင်းနိုင်-ဒေါ်ဝင်းဇာနည်တို့၏ဖခင်၊ မြေး ငါးယောက်တို့၏အဘိုး၊ ဒေါ်မြင့်ရီ၏ချစ်လှစွာသောခင်ပွန်းသည် ၂၅-၂-၂၀၁၈ ရက်(တနင်္ဂနွေနေ့)နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၂-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး အအေးတိုက်မှ အေးရိပ်ငြိမ်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

---

### ဒေါ်အေးအေးဝင်း
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ကျောက်မြောင်းဈေးလမ်း၊ အမှတ် ၅၂ (လေးလွှာ၊ ခေါင်းရင်းခန်း)နေ (ဦးတင်နု-ဒေါ်ခင်တင့်)တို့၏သမီး၊ (ဦးစစ်ရွှေ - ဒေါ်လှရင်)တို့၏ ချွေးမ၊ (ဦးတင်မောင်ဦး)၏ဇနီး၊ မောင်ကောင်းခန့်ညွန့်(PAMTAMA GROUP Co., Ltd.)၏မိခင်၊ (ဦးချမ်းငြိမ်း)၊ (ဒေါ်နီနီဝင်း)၊ (ဦးမြင့်သိန်း)-ဒေါ်ကျင်ရွှေ(ပျားမွေးမြူရေး)၊ ဦးလှထွန်းတို့၏ညီမ၊ ဦးဝင်းမြင့်-ဒေါ်တင်တင်အေး၊ ဒေါ်အေးအေးသန်း၊ ဒေါ်သန်းသန်းငွေး၊ ဒေါ်ခင်ဥမ္မာ (WESTERN PARK Restaurant Tamwe)တို့၏အစ်မသည် ၂၅-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၄း၂၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၈ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများမွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၃-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်လှ (ပန်းတနော်)
**အသက်(၉၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ မြစ်ဝအုပ်စု၊ မြစ်ဝကျေးရွာနေ (ဦးမောင်ရင်-ဒေါ်မြင့်)တို့၏သမီး၊(ဦးဖိုးကျွန်း-ဒေါ်သိန်းမြ)တို့၏ချွေးမ၊(ဦးစိန်မောင်)၏ဇနီး၊ ဦးသံဒိုင်-ဒေါ်အေးကြည်၊ ဦးရန်နိုင်-ဒေါ်ဝင်း၊ ဦးတင်မောင်ဝင်း-ဒေါ်မြင့်မြင့်လေး၊ ဦးအေးငြိမ်း-ဒေါ်လှလှဝင်း၊ ဒေါ်ငွေငွေရီ၊ ဦးစိုးတင်မောင်ဇော်(KBZ BANK)-ဒေါ်စန္ဒာအေး(KBZ BANK)တို့၏မိခင်၊ မြေး ခြောက်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၅-၂-၂၀၁၈ရက် နံနက် ၉း၄၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အမှတ် ၈၃၆၊ ဒုတိယထပ်၊ သမာဓိလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၈ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ မြစ်ဝအုပ်စု ပန်းတနော်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်စန်းရီ (လှည်းကူးမြို့)
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ ချစ်ကြည်ရေးလမ်း၊ အမှတ် ၂၉၀နေ(ဦးထွန်းရီ)၏ချစ်လှစွာသောဇနီး၊ ဦးမောင်မောင်တင့်(ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)-ဒေါ်သန်းသန်းချို(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ ဦးမောင်မောင်လတ်-ဒေါ်စိန်ငွေ၊ ဒေါ်ခင်ဝင်းမာ၊ ဒေါ်အေးအေးသန်း(အထက၊ လှည်းကူး)၊ ဒေါ်အေးမာလွင်(လှည်းကူးမြို့နယ်၊ သမဝါယမဦးစီးဌာန)၊ (ကိုဝင်းထွန်း)၊ မသန္တာထွန်း(သွင်မှုကြို)တို့၏မိခင်၊ မြေး သုံးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၅-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၈ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် လှည်းကူးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်စန်းရီ (လှည်းကူးမြို့)
**အသက်(၈၅)နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ ဦးမောင်မောင်တင့်(ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)-ဒေါ်သန်းသန်းချို(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)တို့၏မိခင်သည် ၂၅-၂-၂၀၁၈ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး တိုင်း၊ ခရိုင်၊ မြို့နယ်**
**စီမံကိန်းဦးစီးရုံးမှ ဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်စန်းရီ (လှည်းကူးမြို့)
**အသက်(၈၅)နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ ဦးမောင်မောင်တင့်(ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)-ဒေါ်သန်းသန်းချို(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)တို့၏မိခင်သည် ၂၅-၂-၂၀၁၈ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပဲခူးတိုင်းဒေသကြီး တိုင်း၊ ခရိုင်၊ မြို့နယ်**
**စီမံကိန်းဦးစီးရုံးမှ ဝန်ထမ်းများ**

---

# အနိစ္စ

### ကိုညီညီညွန့်ဝေ (ကမ္ဘာအေး)
**အသက်(၄၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ဝါယာလက်(၃)လမ်း၊ အမှတ် ၃၉၅နေ (ဦးလှမောင်-ဒေါ်သိန်းဟန်)၊ ဦးရွှေဖော်သူ - ဒေါ်မြင့်သွင်တို့၏မြေး၊ ဦးသာညွန့်(အကောက်ခွန်၊ ငြိမ်း)-(ဒေါ်နှင်းနှင်းဝေ)တို့၏သား၊ ကိုမျိုးညွန့်ဝေ-မသူဇာဝင်း၊ ကိုညီညီအောင်-မနန္ဒာညွန့်ဝေတို့၏ညီ/မောင်၊ မစန္ဒာညွန့်ဝေ၊ မရွှန်းလဲ့သာတို့၏အစ်ကို၊ မောင်ဇော်ဝဏ္ဏထွန်း၊မောင်ကျော်ဝဏ္ဏထွန်း၊ မောင်ထက်စွမ်းအောင်တို့၏ ဦးလေးသည် ၂၄-၂-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၂း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂-၃-၂၀၁၈ရက်(သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

---

ရဟန်းအမကြီး
### ဒေါ်ခင်ဝင်း
**အသက်(၆၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ မြို့မရပ်ကွက်၊ နှင်းဆီလမ်းနေ ဦးတင်ထွန်း (မြို့နယ်သ/မဦးစီး၊ ငြိမ်း)၏ဇနီး၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)နေ ဦးမြင့်ဦး-ဒေါ်ခင်ချိုဦး၊ မြို့မရပ်ကွက်၊နှင်းဆီလမ်းနေ မငွေငွေဝင်း၊ မခင်မာဝင်း၊ဒဂုံမြို့သစ်(တောင်ပိုင်း)နေ ကိုမြတ်သူထွန်း-မမျိုးပပအုန်း၊ နေပြည်တော် ခရေအိမ်ရာနေ ကိုအေးမင်းထွန်း-မမြမြသင်းတို့၏မိခင်၊ မောင်အောင်ကျော်မိုး၊ မဆုယွန်းဝတီ၊ မောင်သုတမြင့်မြတ်၊ မမေသီရိဖြိုးတို့၏ အဘွားသည် ၂၅-၂- ၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၈ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် နှင်းဆီလမ်းနေအိမ်မှ လှည်းကူးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

---

### ပျောက်ဆုံးကြောင်း

ကျွန်မ မနှင်းရည်တင် ၁၂/ဥကတ(နိုင်)၁၆၄၉၂၀ ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 305612)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၁၇၃၃၅**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဦးခင်မောင် (ဝက်လက်မြို့)
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**စက်မှု၊ စိုက်ပျိုးရေးနှင့်သက်မွေးပညာဦးစီးဌာန**
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မစိုးရိမ်လမ်းသွယ်(၁)၊ အမှတ်(၅၄-A)နေ ဦးခင်မောင်[ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ စက်မှု၊ စိုက်ပျိုးရေးနှင့်သက်မွေးပညာဦးစီးဌာန] အသက်(၉၃)နှစ်သည် ၂၃-၂-၂၀၁၈ရက် (သောကြာနေ့) ည ၈း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**ပညာရေးဝန်ကြီးဌာန**

---

### ဗိုလ်မှူးဟန်ထွန်း (ငြိမ်း)
**(ရေ-၁၀၈၂) စစ်တက္ကသိုလ်အပတ်စဉ်(၂)**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့ရေလုပ်ငန်း**
**အမှုဆောင်အရာရှိချုပ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်**
**အသက်(၈၃)နှစ်**

(ဦးလှဖေ-ဒေါ်မြရွှေ)တို့၏သား၊ (ဦးသန်း-ဒေါ်လှ)တို့၏သားသမက်၊ အခန်း B-2၊ တိုက် ၄၀၁၊ ကျန်စစ်သားလမ်းနှင့် သမိုင်း ၈လမ်းထောင့်၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ရီရီထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ထွန်းဦး-ဒေါ်ခင်မိုးကလျာဦး၊ ဒေါ်ခင်မာလာထွန်း၊ ဦးမျိုးမင်းထွန်း-ဒေါ်နုနုထွေး၊ဦးတိုးအေး-ဒေါ်လဲ့လဲ့ထွန်း၊ ဦးရဲမင်းထွန်း-ဒေါ်ချောစန္ဒာဖေတို့၏ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၅-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၈ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

---

### ဗိုလ်မှူးဇော်ညွန့်(ငြိမ်း) အသက်(၈၀)
**ကျိုက်လတ်မြို့**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ (သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဥယျာဉ်အိမ်ရာ၊နှင်းချယ်ရီ(၁)လမ်း၊ အမှတ်(၅/က)နေ(ဦးကျော်-ဒေါ်ရွှေ)တို့၏သား၊ (ဦးဘသွင်-ဒေါ်ရီ)တို့၏သားသမက်၊ ဒေါ်သိန်းသိန်းဇော်၏ခင်ပွန်း၊ (ဒေါက်တာကျော်ထင်ဇော်ညွန့်)၊ ဦးတင်ဇံကျော်(Device Consulting Group)-ဒေါ်မေမျိုးဇော်ညွန့်တို့၏ဖခင်၊ ဒေါက်တာထက်ဇံလင်း (Myanmar B2B Management Magazine)-ဒေါက်တာဆုမွန်မွန်ထွန်း၊ မစုနဒီထွန်း(YTU)တို့၏အဘိုး၊ မသွန်းထက်ကြယ်စင်(Yangon Academy)၏ဘိုးဘိုးကြီးသည် ၂၅-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁း၁၃ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၈ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်စန်းရီ (လှည်းကူးမြို့)
**အသက်(၈၅)နှစ်**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင့်-ဒေါ်သန်းသန်းချို(ညွှန်ကြားရေးမှူး၊ ငြိမ်း)တို့၏မိခင်ဖြစ်သူ ဒေါ်စန်းရီသည် ၂၅-၂-၂၀၁၈ရက်တွင် လှည်းကူးမြို့၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်**
**စီမံကိန်းရေးဆွဲရေးဦးစီးဌာန(ရုံးချုပ်) ဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်စန်းရီ (လှည်းကူးမြို့)
**အသက်(၈၅)နှစ်**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင့်-ဒေါ်သန်းသန်းချို(ညွှန်ကြားရေးမှူး၊ ငြိမ်း)တို့၏မိခင်ဖြစ်သူ ဒေါ်စန်းရီသည် ၂၅-၂-၂၀၁၈ရက်တွင် လှည်းကူးမြို့၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရှမ်းပြည်နယ်စီမံကိန်းဦးစီးရုံးညွှန်ကြားရေးမှူးနှင့်**
**ဝန်ထမ်းမိသားစုများ**

---

## အထူးကျေးဇူးတင်ရှိခြင်း
### ဦးမြတ်သန်း
**(ဆောက်လုပ်ရေး၊ ငြိမ်း)**
**အသက်(၇၇)နှစ်**

၂၀-၂-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားသော ရေနံချောင်းမြို့၊ ရွှေကြာငုံရပ် 'မြတ်ဆုမွန်' ဂေဟာနေ ဒေါ်ဝင်းဝင်းသောင်း(ခ)ဒေါ်သောင်းတင်(အထပြ-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ဦး-ဒေါ်နီလာခိုင်(မြင့်ဇမ္ဗူ အထည်ဆိုင်)၊ ဦးထွန်းဝဏ္ဏ-ဒေါ်ယဉ်မေသန်း၊ ဒုတိယဗိုလ်မှူးကြီးထွန်းသူရ(တပ်မတော်-ရေ) - ဒေါက်တာထက်ထက်မေဦး(အထူးကု၊ နား၊ နှာခေါင်း၊ လည်ချောင်း)၊ ကိုထွန်းကျော်စွာမြတ်-မဟေမာန်စိုး(ပိတောက်ဖူး စားသောက်ဆိုင်)၊ ကိုမင်းသူရဝင်း-မနှင်းဒါလီမြတ်(မိုးမခ-ဓာတ်ပုံ)တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုး ဦးမြတ်သန်း (ဆောက်လုပ်ရေး၊ ငြိမ်း)၏ နာရေးတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော လူမှုရေးအသင်းအဖွဲ့များ၊ ဆွေမျိုးမိတ်သင်္ဂဟများအား အထူးကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

---

### ဦးအောင်ကျော်စိန် (မင်းပြား)
**သမဝါယမ(ငြိမ်း)**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၆၅ (ခြောက်လွှာ-ဘီ)နေ ဒေါ်ဦးစောသိန်း၏ခင်ပွန်း၊ မစောမြတ်ကျော်၊ မစောနန်းကျော်၊ ကိုကျော်ဝင်း-မသက်ထားကျော်၊ ကိုမြတ်သူကျော်-မခင်အေးကျော်၊ ကိုညဏ်လင်းကျော်-မမိုးမိုးမြိုင်တို့၏ဖခင်၊ မမြတ်ပန်းအိမ်၊မောင်ဇေကိုသူ၊မရှင်းသန့်သူတို့၏အဘိုးရှင်သည် ၂၄-၂-၂၀၁၈ရက် (စနေနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

## ခေတ်မီနည်းပညာသုံး ဆည်တမံများ တည်ဆောက်ခြင်းကြောင့် ကောင်းကျိုးများ စေခြင်း

စာ » ၆

## ကျောက်မဲမြို့နယ်၌ ကားတစ်စီးအား လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့က သေနတ်ဖြင့် ဝိုင်းဝန်းပစ်ခတ်

စာ » ၁၂

# (၂၁) ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ မန္တလေးမြို့၌ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၅**

စက်ဘီးစီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးနင်းခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူးကာ လစဉ်နောက်ဆုံးပတ် တနင်္ဂနွေနေ့တွင် ကျင်းပလျက်ရှိရာ (၂၁) ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၅ နာရီခွဲက မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့ စုရပ် နေရာ၌ ပြုလုပ်သည်။ ရှေးဦးစွာ တက်ရောက်လာကြသော တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် ဦးဆောင်သည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အား/ကာညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့မှ စက်ဘီးစီးကလပ်အသင်းများမှ စက်ဘီးအားကစားသမားများ၊

*စာမျက်နှာ ၁၃ ကော်လံ ၁* ❋




(၂၁) ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲတွင် ပါဝင်စီးနင်းသူများ စတင်တာထွက်နေသည်ကို တွေ့ရစဉ်။

# MNL ပြိုင်ပွဲတွင် ရတနာပုံအသင်း အိမ်ကွင်း၌ အနိုင်ရ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရတနာပုံနှင့် ဟံသာဝတီအသင်း နိုင်ပွဲရခဲ့သည်။

မန္တလာသီရိကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက ဇွဲကပင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် သုံးပွဲဆက်နိုင်ပွဲ ပျောက်ဆုံးမှုအား အဆုံးသတ်နိုင်ခဲ့ပြီး အိမ်ကွင်း၌ နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း၏ ရှုံးပွဲကြောင့် ရတနာပုံအသင်းသည် ဂိုးကွာခြားချက်အသာဖြင့် အမှတ်ပေးဇယား ဒုတိယနေရာသို့ တက်လှမ်းလာနိုင်ခဲ့သည်။

ရတနာပုံအသင်း၏ ပွဲထွက်လူစာရင်းတွင် ရဲကိုဦး၊ စည်သူအောင်၊ မြတ်ကောင်းခန့်၊ ချမ်းငြိမ်းကျော်တို့ပါဝင်ခဲ့ပြီး အထောင်တိုက်စစ်မှူးနေရာတွင် ဝင်းနိုင်ထွန်း အစား ရှိုင်းသူရကို အသုံးပြုကာ ခံစစ်ပိုင်းကိုလည်း အပြောင်းအလဲအချို့ ပြုလုပ်ခဲ့သည်။ ဇွဲကပင်အသင်းမှာလည်း အမာခံ ကစားသမားအစုံ အလင်ဖြင့် ပွဲထွက်ခဲ့ပြီး အဝေးကွင်း၌ ရလဒ်ကောင်း ရရန် ကြိုးပမ်းခဲ့သည်။ ရတနာပုံအသင်းသည် ပွဲစကတည်းက ဂိုးရရန် ကြိုးပမ်း

*စာမျက်နှာ ၁၃ ကော်လံ ၃* ❍



၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇) ရတနာပုံနှင့် ဇွဲကပင်အသင်း ယှဉ်ပြိုင်နေစဉ်။

# MPT University Football Tournament 2018 ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီ၊ MPT နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် MPT University Football Tournament 2018 ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပသည်။

**ဖွင့်လှစ်ပေး**

ဖွင့်ပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်မောင်လှနှင့် MPT Joint Operation COO Mr.Yoshiaki Benino တို့က အမှာစကားပြောကြားသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်မောင်လှ၊ MPT Joint Operation မှ COO Mr.Yoshiaki Benino တို့က ပြိုင်ပွဲအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

**သဘောတူညီမှုရ**

ယင်းနောက်တာဝန်ရှိသူများသည် ခြေစမ်းပွဲကစားမည့်နှစ်သင်းမှ ကစားသမားများအား လိုက်လံနှုတ်ဆက်ကာ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် တက္ကသိုလ်လက်ရွေးစင်ဘောလုံးအသင်းနှင့် MFF Youth အသင်းတို့ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ တက္ကသိုလ်လက်ရွေးစင်အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအား Title Sponsor အဖြစ် ပံ့ပိုးကူညီနေသည့် MPT သည် လူငယ်ကစားသမားများ ထွက်ပေါ်လာစေရန် လူငယ်ပြိုင်ပွဲနှင့် တက္ကသိုလ်အဆင့် ပြိုင်ပွဲများကျင်းပရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီနှင့် သဘောတူညီမှုရထားသည်။ ယခုပြိုင်ပွဲတွင် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ဇုန်နှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အထက်မြန်မာပြည်ဇုန်တွင် ခြောက်သင်း၊ အောက်မြန်မာပြည်ဇုန်တွင် ရှစ်သင်းဖြင့် မေလသို့မဟုတ် ဇွန်လတွင် စတင်ကျင်းပမည်ဖြစ်သည်။ *စာမျက်နှာ ၁၃ ကော်လံ ၆* ◆

